www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## နွေမဟုတ်လည်း-ဧပြီအသည်းက ကြွေမြဲကြွေဆဲပါကွယ်




( အချစ်လုံးချင်းဝတ္ထု ၊ သစ် )

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း(၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၇၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

နွေမဟုတ်လည်း ငါ့အသည်းက ကြွေမြဲကြွေဆဲပါကွယ်
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၇၊ ရန်ကုန်။
၂၄၅-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) နွေမဟုတ်လည်း ငါ့အသည်းက ကြွေမြဲကြွေဆဲပါကွယ်


BURMESE CLASSIC

# နွေမဟုတ်လည်း
# ငါ့အသည်းက
# ကြွေမြဲကြွေဆဲပါကွယ်

## မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်း"

ခေါ်လိုက်ကာမှပဲ ရှင်းရှင်းက သုတ်ကနဲ ထပြေးလေတော့

"ဟာ...ရှင်းရှင်း ဘယ်ကိုလဲ၊ မပြေးနဲ့လေ"

"..........."

"ရှင်းရှင်း"

ရတု ရှင်းရှင်းနောက်သို့လိုက်ရင်း-

"နန်းရေ...နန်း လာပါဦး"

ရတုခေါ်သံကြောင့် နန်းလည်း ခပ်သုတ်သုတ် ထွက်လာကာ-

"ရတု ဘာဖြစ်လို့လဲ"

"ရှင်းရှင်း ထွက်ပြေးလို့ နန်း...လုပ်ပါဦး"

"ဘယ်ကိုပြေးတာလဲ"

"ဟိုမှာ...ဟိုမှာ"

ရတု လက်ညှိုးထိုးပြရာကိုကြည့်လိုက်တော့ ရှင်းရှင်းက ခြံဝဆီသို့ ထွက်ပြေးတာပါ။ ခြံတံခါးက ဟနေသည်လေ။ စောစောက ရတုဖေဖေ အပြင်ထွက်သွားတာ တံခါးပြန်မပိတ် ဖြစ်သေးတာပါ။ လမ်းထိပ်မှာ ကွမ်းယာသွားဝယ်တာလေ။ ဒါကြောင့် မကြာခင် ပြန်လာမှာမို့ မပိတ်တာပါ။

"ရှင်းရှင်း...အဲဒါ ဘယ်ကိုလဲ"

"ရှင်းရှင်း...မသွားနဲ့လေ"

နှစ်ယောက်သား အော်ရင်းဟစ်ရင်းနဲ့ပဲ ရှင်းရှင်းနောက်သို့





လိုက်ကြလေသည်။ ရှင်းရှင်းဆိုတာ ပန်းရတုရဲ့အချစ်ဆုံးခွေးလေး ပေါ့။

"ဟာ"

"ဝုန်း"

"အား"

"ဟယ်"

"အမယ်လေး"

အသံတွေ စုံလင်သွားလေတော့သည်။ အရှိန်နှင့်နင်းလာတဲ့ စက်ဘီးရှေ့ကနေ ရှင်းရှင်းက ဖြတ်ပြေးလေတော့ စက်ဘီးသမား ရှင်းရှင်းကို ရှောင်လိုက်ရတာ ကမန်းကတန်းမို့ ရှေ့ဘီးကွေ့တာ အရှိန်လွန်ပြီး လဲကျသွားတာပါ။ လူက ပစ်ကျတာဆိုတော့ ဘယ်သက်သာလိမ့်မလဲ။

"သေပါပြီ"

"အား"

ရတုနဲ့နန်း ဘယ်လိုတွေယောင်ပြီး အော်မိမှန်းပင်မသိပေ။ လဲကျသွားတဲ့သူကိုလည်း ပြေးထူရကောင်းမှန်းမသိ။ မျက်လုံးလေးတွေ အဝိုင်းသားနှင့် ကြောင်ကြည့်နေမိကြသည်ပါ။

"အား...သေပါပြီ"

"..........."

"အား...ကျွတ်...ကျွတ်"

နှစ်ယောက်သား မျက်လုံးဝိုင်းလေးတွေနှင့် ကြည့်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ လဲကျနေတဲ့လူက ရှုံ့ရှုံ့မဲ့မဲ့မျက်နှာနှင့် သူတို့ကို လှမ်းကြည့်ကာ…

"ဟေ့…ဘာကြည့်နေကြတာလဲ၊ နည်းနည်းပါးပါး လာမေးဦးလေ။ သူတို့ခွေးကြောင့်ဖြစ်တာကို နည်းနည်းပါးပါး လာမေးဖော်မရဘူး။ လူမှုရေးခေါင်းပါးလိုက်တာ အား…ကျွတ်…ကျွတ်"

ဟိုကပြောမှပဲ ရတုနဲ့နန်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။ နန်းနာမည်က နန်းစုစုပါ။ ငယ်ငယ်ကတည်းက မိဘမဲ့လေးမို့ ရတုအဘွားက မွေးစားထားခဲ့တာလေ။ ဆွေရိပ်မျိုးရိပ်မကင်းဘူးလို့တော့ ပြောတာပဲ။

ဒါပေမဲ့

သွေးဝေးတယ်တဲ့။ ရတုနဲ့နန်းဆို ညီအစ်မသုံးဝမ်းလောက်ကွဲတာတဲ့။ ဒါပေမဲ့ ရတုက မခွဲခြားပေ။ အသက်ချင်းကလည်း အတူတူ။ နန်းက ဆယ်ရက်ပဲကြီးတာတဲ့လေ။ နှစ်ယောက်သား ဟိုလူ့အနားသို့ လျှောက်လာခဲ့ကြပြီး နန်းကပဲ အရင်မေးလေသည်။

"ဟိုလေ…နန်းတို့ ဘာကူညီရမလဲဟင်၊ ဘာလုပ်ပေးရမလဲမသိဘူး"

"အား…ကျွတ်…ကျွတ်"

ဟိုလူက ထရပ်ကြည့်ဖို့ ကြိုးစားလေသည်။ ကြိုးစားပြီး ထရပ်ပေမယ့် မရဘဲ ပြန်လဲကျလေလျှင်…





"အား"

"ဟယ်"

"လုပ်ပါဦး"

နန်းနဲ့ရတု သူ့ကို ကိုင်ရမလို၊ ထူရမလို၊ ဒီအတိုင်းကြည့်နေရမလိုလိုနဲ့ ကုန်းကုန်းကွကွတွေ ဖြစ်သွားကြသည်။ ရှင်းရှင်းကတော့ ဘယ်ရောက်သွားပြီ မသိပါဘူး။

"နန်း…လုပ်ပါဦး"

"ဘာလုပ်ရမလဲ ရတု"

"ဟိုလေ…တွဲထူပေးရမလားဟင်"

"တွဲထူလို့ရမှာမဟုတ်ဘူး…ညာဘက်ခြေထောက်က ထောက်လို့မှမရတာ။ ခြေဆစ်လွဲပြီလား မသိပါဘူးဗျာ"

ရတုနဲ့နန်း အခုမှပဲ သူ့ကို သေသေချာချာ ကြည့်မိသည်။ နံနက်စောစောမှာအေးတော့ ဝတ်ထားတာ ဂျာကင်ပါ။ ဂျင်းနဲ့ ဂျာကင်ကို ခေါင်းစွပ်,စွပ်ထားတော့ စောစောက သတိမထားမိဘူးလေ။ အခု ခေါင်းစွပ်ကို ဖယ်ချလိုက်မှပဲ သေသေချာချာ ကြည့်ဖြစ်တော့တာ။

ကောင်လေးက သူမတို့နှင့် ရွယ်တူလောက်ပါပဲ။ အသက်ကွာလည်း နည်းနည်းပါးပါးပဲ ဖြစ်မှာပါ။ အသားလတ်လတ်နှင့် မျက်ခုံးမွေးကောင်းကောင်းပါပဲ။ စကားပြောလိုက်ရင် ပါးချိုင့်ပုံစံလေးပေါ်လာတာကပဲ သူ့ကို ပိုကြည့်ကောင်းစေတာလားတော့ မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အား…ကျွတ်…ကျွတ်"

"ဟင်"

"ရတု…ရတုတို့ ဘာလုပ်ပေးရမလဲဟင်၊ ဟို…ဆေးခန်းလိုက်ပို့ပေးမယ်လေ။ ဖြစ်တယ်မဟုတ်လား"

"ဟင်"

စောစောက ခြေထောက်နာတာပဲသိပြီး နာကျင်မှုဝေဒနာတွေကြောင့် သေသေချာချာ မကြည့်ဖြစ်တဲ့ မျက်နှာလေး။ အခုအနီးကပ်မြင်လိုက်ရတော့ မိုင်းအကြည့်ကို လွှဲဖယ်ပစ်ဖို့ မေ့နေရလောက်အောင်ကိုပဲ သူမလေးကို ငေးနေမိပါတော့သည်။

လခြမ်းသဏ္ဍာန် မျက်ခုံးနှစ်ဖက်က ဝိုင်းစပ်လုလု၊ မျက်တောင်လေးတွေက တိုတိုစိပ်စိပ်ပေမယ့် ကော့နေသည်။ ပါးပြင်လေးနှစ်ဖက်က ဖောင်းနေပြီး အပေါ်အောက် အထူအပါး မျှနေတဲ့ နှုတ်ခမ်းဖူးဖူးလေးက နီထွေးနေလို့ပါ။ သနပ်ခါးရေကျဲလိမ်းထားတော့ သွားပွတ်တံရာလေးတွေ ထင်နေပုံက ရင်ခုန်မိန်းမူးဖွယ်ရာပါပဲ။ ပခုံးပေါ်မှာ ဝဲကျနေတဲ့ ဆံနွယ်ပျော့လေးတွေက လှုပ်လီလှုပ်လဲ့မို့ မိုင်းကြည့်နေရင်း ရင်တွေပင်ခုန်လာလေတော့သည်။

"ဒီမှာ…ဒီမှာ"

"ဗျာ"

"နှန်းတို့ ဆေးခန်းပို့ပေးမယ်နော်"

ဗျာသာထူးပြီး နှန်းမေးတာကို မိုင်း ပြန်မဖြေဖြစ်ပေ။ သူများတွေလို အတိုအပြတ် ဝတ်တာမဟုတ်ဘဲ အင်္ကျီလက်မှာ





အတွန့်အဖတ်ကလေးတွေက လိပ်ပြာပုံစံလေးနှင့် ဂါဝန်ရှည်ကို ဝတ်ထားတော့…

ဟူး…

ချစ်စရာလိပ်ပြာမလေးရယ်။

"ဟိတ်…ပြောတာ ကြားရဲ့လား"

"ဗျာ"

"အမယ်လေးဟယ်…အခုမှ အသက်မရှိတဲ့လူကျနေတာပဲ။ ဆေးခန်းလိုက်ပို့ပေးမယ်လို့ ပြောနေတာလေ"

"ဩော်…ဟုတ်…အဟဲ…လိုက်ပို့ပေးရင် ကောင်းတာပေါ့ဗျာ။ မင်းတို့ခွေးကြောင့်ဖြစ်တာဆိုတော့ မင်းတို့မှာ တာဝန်ရှိတယ်"

"ကဲ…ဒါဆို ထကြည့်ဦး"

"နှန်း"

"ဟင်…ဘာလဲ ရတု"

"သူက ခြေထောက်အကြာကြီးထောက်နိုင်မှာ မဟုတ်ဘူးလေ။ ကားအရင်သွားယူမှထင်တယ်"

"အေး…အေး…ဒါဆို နင် နေခဲ့လေ။ ငါ ကားသွားယူလိုက်မယ်"

နှန်း သုတ်ယီးသုတ်ပျာနှင့်ထွက်သွားတော့ မိုင်း နာတာကျင်တာကိုထားပြီး ပြုံးလိုက်မိသည်။ ဟိုတစ်ယောက်ကို ကျေးဇူးတင်လိုက်တာ။ မိုင်းနဲ့သူမလေးကို ထားခဲ့ပေးလို့လေ။



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က ရတုလား…အပြည့်အစုံက ဘာလဲမသိဘူး"

"ဟင်"

ရတုက သူ့ကို ဖျတ်ကနဲ ကြည့်လိုက်စဉ်…

"နာမည်သိခွင့်ရှိမလားဟင်"

"ပန်းရတုပါ"

"လှတယ်နော်"

"ဘာ"

"နာမည်ကို ပြောတာပါ။ လူကလည်း လှတာပါပဲ။ မိုင်းက ပွင့်ပွင့်လင်းလင်းပြောတတ်လို့ပါ။ စိတ်မဆိုးနဲ့နော်။ မိုင်းနာမည်လည်း မှတ်ထားလေ။ အပြည့်အစုံက ခေတ်သမိုင်းပါ"

"ခေတ်သမိုင်း"

"ဟုတ်တယ်လေ"

"သြော်"

ရတုက 'သြော်'ဆိုပြီး အကြည့်က သူမတို့တိုက်ကြီးဆီသို့သာ ရောက်သွားလေသည်။ နန်း ကားနဲ့ပြန်ထွက်အလာကို ကြည့်နေတာလေ။ ရတုနဲ့နန်းဆိုရင် နန်းက သွက်လက်ဖျတ်လတ်ပြီး သိလွယ်တတ်လွယ်သူပါ။ ရတုထက်လည်း လွတ်လပ်ခွင့်ရသူ။

ရတုကျတော့…

ပိုးမွေးသလိုမွေးပြီး နေရာတကာမှာ ချက်လုံးခေါက်ထောက်ကြည့်ခံနေရသူပါ။ ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုတော့ လုပ်ပိုင်





ခွင့်မရှိ။ နှံသလို ချာသလို သတ္တိမရှိ ဖြစ်ခဲ့တာပါ။

"တို့လည်း ရတုလို့ပဲ ခေါ်မယ်နော်"

"ရပါတယ်…ခေါ်ပါ"

"တို့က နံနက်စောစောဆို အခုလိုပဲ စက်ဘီးလျှောက်စီးတတ်တာ။ ဒီဘက်မှာ ရတုကို တစ်ခါမှ မတွေ့ဘူးနော်"

"ဟုတ်မှာပါ…ရတုတို့ ဒီကိုပြောင်းလာတာ မကြာသေးပါဘူး"

"သြော်…အရင်က ဘယ်မှာနေတာလဲ"

"ပြင်ဦးလွင်မှာပါ"

"ဒါကြောင့်ထင်တယ်…ရတုအသားအရေက ဖြူဖွေးနုဖတ်နေတာ"

"ဟင်"

သူ ရတုကို သေသေချာချာ ကြည့်ထားတယ်ထင်တယ်ဆိုပြီး ရတု စိတ်မလုံစွာ လက်မောင်းသားလေးတွေကို လက်ပိုက်သလို အုပ်ကိုင်ထားမိလေသည်။ ထိုစဉ်မှာပဲ နန်းက ကားနဲ့ပြန်ထွက်လာပြီး သူတို့အနားရောက်တော့ ကားပေါ်ကဆင်းကာ-

"ကဲ…ရတု"

"ဟင်"

"သူ့ကို တို့နှစ်ယောက် တွဲတင်မှရမယ်ထင်တယ်"

"စက်ဘီးက ဘယ်လိုလုပ်ပါ့မလဲ"

မိုင်းက ပြောလေလျှင်…



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်···အိမ်ထဲက တစ်ယောက်ထွက်လာပြီးယူလိမ့်မယ်။ နောက်နေ့မှ ယူ့အိမ်ကို လာပို့ပေးမယ်လေ။ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်"

"ကဲ···ဒါဆိုထ"

နန်းနဲ့ရတု နှစ်ယောက်သား မိုင်းကို တစ်ဖက်တစ်ယောက် တွဲ၍ထူလိုက်သည်။

"အား···ကျွတ်···ကျွတ်"

"ရရဲ့လား"

"ရ···ရပါတယ်···နာတော့နာတယ်"

"ဒါဆို ဖြည်းဖြည်းလျှောက်လေ"

"အား"

မိုင်း နာတာတော့ နာတာပေါ့။ ဒါပေမဲ့ လိုသည်ထက် ပိုနာပြမိသည်။ ဘာကြောင့်မှန်းမသိပါဘူး။ ရတု ဂရုစိုက်တာလေးကိုပဲ လိုချင်နေမိတာပါ။ ကောင်မလေးရယ်···ငါတော့ ခက်ပြီထင်ပါရဲ့။

"အား···ကျွတ်···ကျွတ်"

"ဖြည်းဖြည်းလျှောက်ပါ"





## အခန်း (၂)

"ဖြစ်မှဖြစ်ရလေ မိုင်းရယ်···နင့်အကြောင်း ကြားလိုက်ရရင် တစ်ခါမှ သက်သာတယ်မရှိဘူး။ ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

"နင်ကလည်း လူကို သေသေချာချာ မမြင်ရသေးဘဲ ပြောတော့တာပဲ။ သေသေချာချာ အနားလာထိုင်ပြီးမှ ပြောပါတော့လား"

အချစ်ဆုံးသူငယ်ချင်းမလေး မေတန်ခူးက အိမ်ပေါ်ကို တက်လာလာချင်းပဲ ပြောလေသဖြင့် မိုင်း ပြန်ပြောလိုက်ခြင်းပါ။ မေတန်ခူးက အဲဒီလိုပါ။ မိုင်းနဲ့ ပတ်သက်လာရင် အသေးအမွှားကိစ္စကအစ ဂရုစိုက်တတ်သူပါ။ အခုဏ အသေးအမွှားလေး မဟုတ်တော့ ပိုဆိုးတာပေါ့။

သိတာမြန်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘယ်သူပြောလိုက်တာလဲ။ အဖေပဲနေမှာပေါ့။ အဖေက အိမ်မှာ ဘာပဲဖြစ်ဖြစ် တန်ခူးကို ပြောပြတတ်သူပါ။ အခုလည်း အဖေပြောတာပဲ ဖြစ်မှာပေါ့။ အဖေနဲ့တော့ ခက်ပါတယ်။ ဘာလို့များ သွားပြောပါလိမ့်။ မိသားစုဝင်လို တန်ခူးအပေါ် သဘောထားတယ်ဆိုပေမဲ့ တကယ်မိသားစုမှ မဟုတ်ဘဲလေ။

"ကဲ…ပြော…ဘယ်လိုဖြစ်တာလဲ။ ဆေးခန်းတောင် သွားရတယ်ဆိုတော့ တော်ရုံတော့ မဟုတ်ဘူးနော်"

"နင်…သိပြီးလို့ လာတာမဟုတ်လား"

"ဟုတ်တယ်လေ"

"သိပြီးရင် ဘာလို့ အပိုလေကုန်ခံပြီး မေးနေသေးလဲဟ"

"ဟယ်…ဒီလိုပဲ အာလာပသလ္လာပမေးတာ မမေးရဘူးလား"

"မမေးနဲ့"

"မိုင်းနော်"

"ဘာလဲဟ"

"နင်ကလေ ငါ့ကိုဆိုရင် ဘယ်တော့မှ အကောင်းမပြောဘူး။ ငါ့စေတနာကို နားမလည်ဘူး"

တန်ခူး နှုတ်ခမ်းစူလေတော့…

"အဲဒါ ဘာဖြစ်တာလဲ"

"မသိဘူး"

"မသိနေဟာ"





တစ်ယောက်ကိုတစ်ယောက် ပေစောင်းစောင်းကြည့်လိုက်ကြပြီး မေတန်ခူးက အသံတိတ်နှင့် ပါးစပ်က ပွစိပွစိလုပ်လေသည်။ မိုင်းလည်း တန်ခူးကို ခင်ပါသည်လေ။ တန်ခူးဘက်ကတော့ ခင်တာထက် ပိုခဲ့သည်ပေါ့။

တန်ခူး မိုင်းကို တစ်ဖက်သတ်ချစ်နေတာ မိုင်း မသိတာ မဟုတ်ပါဘူး။ သိပါသည်လေ။ ဒါပေမဲ့ အချစ်ဆိုတာ အားနာပါးနာနဲ့ မြည်းစမ်းကြည့်လို့ရတဲ့အရာ မဟုတ်လေတော့ မိုင်းကိုယ့်စည်းနဲ့ကိုယ် နေခဲ့မိတာပါ။

အခုပဲကြည့်လေ။ မိုင်းရင်ကို လှုပ်ခတ်အောင် တစ်ယောက်ယောက်က ပြုစားသွားပြီပဲဥစ္စာ။

"မိုင်း"

"ပြော"

စိတ်ကောက်သလိုနှင့် ကြာကြာနေနိုင်တာလည်း မဟုတ်ပေ။

"အခု ခြေထောက်က ဘယ်လိုနေသေးလဲ။ ထောက်နိုင်ရဲ့လား…သက်ရောသက်သာလား"

"အင်း…သက်သာပါတယ်။ ဝေးဝေးတော့ မသွားနိုင်သေးဘူး။ ထောက်တာက ထောက်နိုင်နေပါပြီ"

"တော်သေးတယ်၊ ကျိုးမသွားလို့"

"ဘာလဲ…နင်က ကျိုးစေချင်လို့လား…အရူးမ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



အရွှးမလို့ခေါ်ပြီး မိုင်းက ရယ်လေသည်။ သူတို့နှစ်ယောက်
က မတည့်အတူနေဆိုသလိုပါပဲ။ မှိုင်းကစတော့ တန်ခူးက မခံ
နိုင်။ စိတ်ကောက်လိုက်ပြေလိုက်နှင့် တကယ်တမ်း စိတ်ကောက်
ကြပြီဆို စပြီးခေါ်ရသူက တန်ခူးပါ။ မိုင်းက တန်ခူးနဲ့ဆိုရင်
ဆိုးနွဲ့သူတစ်ယောက်လို့ ခေါ်ရမလား။

တန်ခူးက အစစအရာရာမှာ အလျှော့ပေးမှန်းသိတော
တန်ခူးအပေါ် ဆိုးနွဲ့သူတစ်ယောက်ပါ။

"နင်သာ အရွှး"

"အဲဒါဆို နင်က အပေါ။ ရွှးတာက ကုလို့ရတယ်
နားလည်လား…ပေါတာက ကုလို့မရဘူး။ နင်(
အပေါ"

"နင်နော်…ငါက အကောင်းပြောတာကို နင်ပဲ ဖောက်(
တာ။ နင့်ကို ငါက ကျိုးစေချင်မလား။ ကျိုးမှာစိုး(
စိုးရိမ်တာကို"

"အဲဒါ စိုးရိမ်တယ်လို့ ရှင်းရှင်းပြောပါလား။ အခု (
ပြောပုံက ဟိုစကားပုံလိုဖြစ်နေတာ"

"ဘယ်စကားပုံလဲ"

"အပြောမတတ်တော့ ဆဲတာနဲ့တူ၊ အထိုင်မတတ်(
ဘာနဲ့တူဆိုလားပဲ"

"မိုင်းနော်…မညစ်ပတ်နဲ့"

တန်ခူးမျက်နှာလေး ရဲသွားတော့ မိုင်းက တခစ်ခစ်





ရယ်လေသည်။ သူမှာလည်း တန်ခူးကို စနေရမှ စားဝင်အိပ်ပျော်
ရှိနေသလိုပါ။ နေတာက နှစ်ခြံကျော်။ ငယ်ငယ်ကတည်းက
ကျောင်းသွားအတူ၊ ကျောင်းပြန်အတူလေ။ ဘဝအကျိုးပေး
မကောင်းလို့ ကျောင်းထွက်ကြရတော့လည်း မိုင်းနဲ့တန်ခူးက
သွားအတူ၊ လာအတူပါ။

တန်ခူးက လက်ရှိအခြေအနေမှာ အမေတစ်ခု သမီးတစ်ခုပဲ
ပေါ့။ တန်ခူးမှာ အစ်မတစ်ယောက်ရှိဝေမယ့် အိမ်ထောင်သည်
ဆိုတော့ တန်ခူးတို့အိမ်ကို တစ်ခါတစ်ရံမှ လာတတ်သူပါ။ ဒါ
ကြောင့် တန်ခူးအမေက မိုင်းနဲ့ သွားတာလာတာဆို စိတ်ချသည်။

တန်ခူးကို နှမတစ်ယောက်လို စောင့်ရှောက်ပါတဲ့။

"ငါက ဘာညစ်ပတ်လို့လဲ။ စကားပုံကို ပြောပြတာလေ"

"မသိဘူးဟာ…မပြောနဲ့"

"မပြောဘူး…နင်ပဲ စမေးနေတာကို"

"အဲဒါထားပါ…ဘယ်လိုဖြစ်တာလဲ ပြောပါဦး… ဒီ
လောက်အထိ ဖြစ်သွားရအောင်"

"ငါ စက်ဘီးနင်းလာတဲ့ရှေ့ကို ခွေးက ဖြတ်ပြေးတာ။
အဲဒါကို ရှောင်လိုက်တာ"

"ဪ"

ပြန်ပြောပြမိတော့ ခွေးပိုင်ရှင် ရတုဆိုတဲ့ ကောင်မလေးကို
း သတိရမိပြန်သည်။ မိန်းကလေးတစ်ယောက်ရဲ့အလှကိုမြင်ပြီး
း ရင်ခုန်ဖူးတာ ဒါ…ပထမဆုံးအကြိမ်ပါပဲ။ ရင်ခုန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



အချစ်မဟုတ်ဘူးဆိုပေမယ့် ရင်ခုန်ခြင်းနဲ့ထပ်တူ သတိရနေမိတာ ကတော့ အချစ်လို့ခေါ်မလား။

ကောင်မလေးရယ်···

မင်းကို ငါ အရမ်းသတိရနေတယ်ကွာ။

"မိုင်း"

"ဟင်"

"နင့်ကို အိမ်ပြန်ပို့ပေးတာ နင်နဲ့ရွယ်တူ ကောင်မလေ နှစ်ယောက်ဆို···ဟုတ်လား"

"ဟုတ်တယ်လေ···ချွေးပိုင်ရှင်တွေပေါ့။ တစ်ယောက်က ပန်းရတုတဲ့။ တစ်ယောက်က နန်းဆိုလားပဲ။ ငါတော့ ပ တစ်ယောက်ကို ကြွေနေပြီဟာ"

"ဘယ်တစ်ယောက်လဲ"

"ပန်းရတုဆိုတဲ့တစ်ယောက်ပေါ့"

"သြော်"

တန်ခူးရဲ့ 'သြော်' ဆိုတဲ့အသံက ခပ်တိုးတိုးရယ်ပါ။ မို က တန်ခူးမဟုတ်တဲ့ အခြားမိန်းကလေးတစ်ယောက်ကို စိတ် စားနေတယ်တဲ့လား။

မိန်းမသားဆိုတော့လည်း···

တန်ခူး ကိုယ်ပြောချင်တဲ့စကားကို မျိုသိပ်လိုက်ရသည်သ





# အခန်း (၃)

ဒီနေ့ မိုင်းခြေထောက် တော်တော်လေးတော့ သက်သာနေ ပါပြီ။ တန်ခူးက နေ့တိုင်းလိုလို ရောက်လာပြီး မိုင်းအတွက် စားစရာတွေ ဝယ်လာသလို လိုအပ်တာတွေ လုပ်ကိုင်ပေးသည် သာ။ ဒီလို ဂရုစိုက်လွန်းတော့ မိုင်း တန်ခူးကို အားနာမိတာ အမှန် ပါပဲ။

ဒါကြောင့်···

"တန်ခူး" -

"ဟင်···ဘာလဲ မိုင်း"

"နင်···ငါ့ကို စိတ်မပျက်ဘူးလား"

တန်ခူးက သူ့မျက်နှာကို မော့ကြည့်ပြီး···

"ငါက ဘာကိုစိတ်ပျက်ရမှာလဲ။ နင်က ဘာတွေလုပ်နေ လို့ ငါက ဘာကို စိတ်ပျက်ရမှာလဲ···ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ···ငါ နင့်အပေါ် အနိုင်ယူဗိုလ်ကျသမျှ နင် မငြိုငြင်ဘဲ သည်းခံလွန်းတော့ တစ်ခါတလေ အားနာမိ သလိုပဲ···ဟဲ···ဟဲ"

"အဲဒါဆို နင် အနိုင်မယူနဲ့တော့လေ။ ငါ့ကို စိတ်ချမ်းသာ အောင် နင် ပြန်ထားပေါ့"

"အောင်မာ···မထားပါဘူး။ ဘာလို့ထားရမှာလဲ"

"ဘာ"

"ညာ"

"ဟွန်း"

"တီ···တီ"

"ဘာလဲ··တီ···တီက"

"ဟွန်းဆိုလို့ ဟွန်းတီးသံထွက်တာလေ"

"အရူး"

"နင်က အရူးမ···အရူးသူငယ်ချင်း အရူးမ"

"နင်သာ အရူး···ငါက မရူးဘူး"

"ရူးပါတယ် အရူးမ"

"နင်ပဲရူး"

တစ်ယောက်နဲ့တစ်ယောက် အရူးပြောနေတာကိုကြည့်ပြီး ဦးသက်လွင် ပြုံးလေသည်။ အရင်တုန်းကတော့ ကလေးတွေပေါ့။ အခု အရွယ်ရောက်လာကြပြီ။ သူတို့နှစ်ယောက်ရဲ့သံယောဇဉ်ကို လည်းသိနေတော့ ဦးသက်လွင် သားကို တန်ခူးလေးနဲ့ သဘော





တူပါသည်။

တန်ခူးက···

ရိုးသားအေးချမ်းပြီး ဟော့ဟော့ရမ်းရမ်း မရှိပေ။ ယွက်လက်ချက်ချာတာက သပ်သပ်ပေါ့။ နုံချာသူ မဟုတ်။ ရိုးသားသူလေးတစ်ယောက်ပါ။ သားအပေါ်လည်း သည်းခံသူ ဆိုတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ပြန်ဖိတ်စေချင်တာပေါ့။

"အေး···မင်းတို့နှစ်ယောက်စလုံး ရူးကြ···ငါ ရူးသာကြီး ကို ပို့ပေးမယ်"

"ဟင်···ဦးသက်နော်။ တန်ခူးက မသွားဘူး။ ဦးသက် သားကိုပဲ ပို့ပေးလိုက်···သိလား"

"အံမယ်···အရူးမ···နင်ပဲသွား"

"ကဲပါကွာ···အဖေက နှစ်ယောက်စလုံးကို လိုက်ပို့မှာပါ ဆို···နှစ်ယောက်စလုံးသွား"

"အမ်···အဖေ"

"ဟေ"

မိုင်း ဖခင်ဖြစ်သူကို မျက်လုံးပြူးနှင့်ကြည့်ပြီး ရယ်လေ တော့ ဘာကိုရယ်တာလဲဆိုတာ တန်ခူးနဲ့ဦးသက်လွင်က နားမလည်ပေ။ ဘယ်နားလည်ပါ့မလဲ။ မိုင်းက သူ့အတွေးနဲ့သူ ရယ်တာပဲဥစ္စာ။

"ဟော့ကောင်···မင်းက ဘာရယ်တာလဲ"

"အဖေ့စကားကို အဖေပဲ ပြန်စဉ်းစားကြည့်ပါဦး။ အဖေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးကို ရွာသာကြီးလိုက်ပို့မယ်ဆိုတော့လေ"

"အေးလေ…ဘာဖြစ်လဲ"

"ဘာလဲ…အဖေက ကျွန်တော်တို့ကို ရွာသာကြီးပို့ပြီး အန်တီမာကို အပိုင်သိမ်းမလို့လား။ ဟုတ်လား…အဖေ"

"ဟာ…ချွေးကောင်"

"မိုင်းနော်"

ဦးသက်လွင် မျက်နှာရဲသွားပြီး တန်ခူးကို မကြည့်ရဲလောက်အောင် ဖြစ်သွားလေသည်။ တန်ခူးမှာလည်း မိုင်းကို ရန်တွေ့ရခက်၊ ငြိမ်နေရခက် ဖြစ်သွားလေတော့၏။ မိုင်းပြောတဲ့ အန်တီမာဆိုတာက တန်ခူးမေမေ ဒေါ်မာမာကြည်ကို ပြောတာပါ။

"ဘာလဲ…အဖေက ရှက်သွားတာလား။ မရှက်ပါနဲ့ အဖေရဲ့…အဖေရော အန်တီမာရော လွှက်လပ်သူချင်းမို့ သားက ပြောတာကို"

"ဟေ့ကောင်…မင်း…မင်း…တော်တော့"

"သားကလည်း သဘောတူပါတယ် အဖေရဲ့"

"မိုင်း…မင်း တော်တော့ဆိုကွာ"

ဦးသက်လွင်တစ်ယောက် စီရိုပုလေးဘေးမှာ လှော်ပြီးသား အဝတ်တွေခေါက်နေရင်းမှ ထသွားလေတော့သည်။ တနင်္ဂနွေဆိုတော့ အလုပ်နားရက်လေ။ အခုချိန်အထိ ဦးသက်လွင် ကျန်းမာ





ရေးကောင်းနေဆဲပါ။ ဒါကြောင့် အပြင်အလုပ်လုပ်သလို အိမ်တွင်းဝေယျာဝစ္စလည်း သူပါပဲ။ သားဖြစ်သူကို သိပ်မခိုင်းပေ။

သူ့ဝင်ငွေက တစ်နေ့ တစ်သောင်းပါ။

အလုပ်ကတော့ ပန်းရန်ပဲ ပြောပါတော့။ ဒီကြားထဲ ပန်းရန်အလုပ် အဆင်မပြေတဲ့အခါ ကြုံရာရရာအလုပ်ကို လုပ်တတ်သူပါ။ သားအဖတွေ ဒီလိုပဲ ချွေတာစားပြီး စုတာလည်းစုပေါ့။ မိုင်းကတော့ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ ဖခင်ဖြစ်သူက မလုပ်ခိုင်းတာပါ။ အခု မိဘမဲ့ဂေဟာလေးတစ်ခုမှာ ကလေးတွေကို စာသင်ပေးနေတာလေ။ ၅

မှန်မြတ်တဲ့အလုပ်မို့ ဦးသက်လွင် ကြည်ဖြူခွင့်ပြုထားသည်သာ

"နင်ကလေ…တကယ်ပဲ သိလား။ မပြောလိုက်ချင်ဘူး"

"ဟ…မပြောချင်မပြောနဲ့လေ။ ဘယ်သူက နင့်ကို ဓားနဲ့ထောက်ပြီး ပြောခိုင်းနေလို့လဲ"

"ပြော်မှာပဲ"

"ပြောဟာ"

"နင် ငါ့ရှေ့မှာ ငါ့အမေကို နင့်အဖေနဲ့ စတာတော့ မကောင်းဘူး။ ငါ့ကို အားနာသင့်တယ်"

"အားနာစရာလား… နင်နဲ့ငါက သူငယ်ချင်းပဲဥစ္စာ။ အဟဲ…ဒီထက်အဆင့်တိုးပြီး မောင်နှမတော်ရရင် ပိုကောင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မိုင်းနော်"

"တီတီ…တီတီ"

"ဟင်"

အိမ်ရှေ့က ကားဟွန်းတီးသံကြောင့် နှစ်ယောက်သား လှည့်ကြည့်လိုက်ကြသည်။ အိမ်ရှေ့မှာ အနက်ရောင်ပြောင်လက်နေတဲ့ ကားက ထီးထီးမားမားကြီးရပ်လျက် ကားပေါ်မှ ဆင်းလာသူတွေကတော့…

"ဟင်…ပန်းရတု"

ပန်းရတုကို မြင်လိုက်ရသဖြင့် မိုင်း ချက်ချင်း ထသွားလေလျှင်…

"အား"

"ဟွဲ့"

ရုတ်တရက် ထသွားလိုက်တာကြောင့် ခြေထောက်က မျက်ကနဲဖြစ်သွားပြီး မိုင်းမျက်နှာလေး ရှုံ့မဲ့သွားလေသည်။

"ဒီအိမ်က ခေတ်သမိုင်းတို့အိမ် ဟုတ်ပါတယ်နော်"

မေးလိုက်သူက နှန်းပါ။ နှန်းနဲ့ရတုဆိုရင် နှန်းက အမြဲတမ်း ဦးဆောင်နေရသူတစ်ယောက်ပါ။ မိဘတွေ သားသမီးအပေါ် ချစ်နည်းမှန်ကန်ဖို့ လိုတယ်ဆိုတာ သူတို့နှစ်ယောက်က သက်သေပါပဲ။ ရတုမိဘတွေက ရတုကို ချစ်လွန်းလို့ ချုပ်ချယ်ကန့်သတ်ထားကြတာလေ။

ဘောင်ခတ်ခံထားရပြီဆိုမှတော့…





ဟိုဟာမလုပ်ရဲ၊ ဒီဟာမလုပ်ရဲနဲ့ ထိန်းရင်း ကြာလာတော့ သူများဦးဆောင်မှုရဲ့ နောက်လိုက်ဖြစ်ခဲ့တာပေါ့။ ကိုယ်ပိုင်အရည်အချင်းကို ထုတ်ပြခွင့်မရှိ။ ကိုယ်ပိုင်အစွမ်းအစကို ချပြခွင့်မရှိ။ ဒီတော့ သူများကိုပဲ အားကိုးတတ်တဲ့အကျင့်က ပါနေပြီပေါ့လေ။

"ဒီအိမ်က ခေတ်သမိုင်းတို့အိမ် ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ်ခင်ဗျ…ဟုတ်ပါတယ်။ လာပါ…ဝင်ခဲ့ပါဗျ"

မိုင်း ခြေထောက် ထော့နဲ့ထော့နဲ့နှင့် လျှောက်သွားလိုက်သည်။ ကားအနားရောက်မှ မြင်လိုက်တာက ကားနောက်ဖုံးကို ဖွင့်ပြီး လူတစ်ယောက်က မိုင်းရဲ့စက်ဘီးလေးကို အောက်ချနေတာပါ။

"ဘယ်လိုနေသေးလဲ ခေတ်သမိုင်း…ခြေထောက်က သက်သာရဲ့လား"

အခုတစ်ခါ မေးသူကတော့ ရတုပါ။

"သက်သာပါတယ် ရတု…ဒါနဲ့ အိမ်ထဲဝင်ကြဦးလေ။ တန်ခူးရေ…စက်ဘီး လာယူပါဦးဟ"

မိုင်း…ရတုကိုပြောပြီး နောက်သို့လှည့်ကာ တန်ခူးကိုလည်း စက်ဘီးလာယူဖို့ ပြောလိုက်သည်။ တန်ခူးကလည်း မိုင်းပြောသမျှ ပုတ်သင်ညိုလို ခေါင်းညိတ်ပြီးသားမို့ ချက်ချင်းပဲ စက်ဘီးဆီသို့ သွားလေတော့သည်။ ရတုနဲ့နှန်းက တန်ခူးကို လိုက်ကြည့်မိပြီး ရတုကပဲ…



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်သမိုင်းရဲ့ညီမလား"

"ဟုတ်တယ်ဗျ…အရင်းတော့ မဟုတ်ပါဘူး။ ညီမဝမ်းကွဲပါ"

"ဩော်"

"လာ…အိမ်ထဲဝင်ကြဦးလေ"

အိမ်ထဲဝင်ကြဦးဆိုတာနှင့် ရတု မင်းစိုးစံကို လှည့်ကြည့်ကာ…

"ကိုကို…အိမ်ထဲခဏဝင်ရအောင်နော်"

မင်းစိုးစံက အပြုံးနှင့် ခေါင်းညိတ်ပြလေတော့ အိမ်ထဲသို့ ဝင်ခဲ့ကြလေသည်။ မိုင်း ရတု ကိုကိုလို့ခေါ်တဲ့လူကို ယောကျ်ားချင်းမို့ ခပ်ရဲရဲပဲ ကြည့်လိုက်မိတာ မလွန်ဘူးထင်ပါရဲ့။ ချောလိုက်တာ။ အသားကဖြူ၊ မျက်ခုံးမွေးက မထူပေမယ့် အပါးကြီးလည်း မဟုတ်ပြန်။

အပေါ်နှုတ်ခမ်းက ကကြီးပုံစံပေါ်နေပြီး ထူထူပြည့်ပြည့်မို့ ရှုထော်ထော်ပုံစံရှိနေပေမယ့် အခြားပြေပြစ်ခြင်းတွေက ထိုချို့ယွင်းချက်ကို တိုက်ဖျက်ပြီး ကြည့်လို့ကောင်းနေတာအမှန်ပါ။ ပါးမြင်မှာ သေသေချာချာ စေ့စေ့ကြည့်မှ မြင်ရတာ။ အဖုလေးသေးသေးလေးတွေ တစ်ဖုစ၊ နှစ်ဖုစနဲ့ပေမယ့် ချောတယ်လို့ မိုင်းကတော့ သတ်မှတ်ချက်ချသည်လေ။

"ညို့နှာမည်က ခေတ်သမိုင်းလား"

"ဟုတ်…ဟုတ်ပါတယ် အစ်ကို"





"နာမည်က ဆန်းတယ်နော်။ သေသေချာချာ တွေးကြည့်ရင်တော့ ခေတ်သမိုင်းဆိုတာ အရမ်းအဓိပ္ပာယ်ရှိတယ်ကွ"

"ဟုတ်တယ်…အစ်ကို၊ ကျွန်တော့်ဖေဖေနဲ့မေမေက ဘယ်လိုအဓိပ္ပာယ်ယူပြီး ဒီနာမည်ကို ပေးခဲ့တာလဲတော့ မသိဘူး။ ကျွန်တော်ကတော့ ဒီနာမည်ကို အရမ်းနှစ်သက်မိတယ်ဗျာ"

"ခေတ်နဲ့အညီ တော်စေတတ်ပါစေ ညီ…ကိုယ့်သမိုင်းကိုတော့ မရိုင်းပါစေနဲ့"

"ဟုတ်ကဲ့ပါ အစ်ကို…အခုလို ဆုံးမစကားပြောပေးတဲ့အတွက် ကျေးဇူးပါဗျာ။ ဒါနဲ့ အစ်ကို့နာမည်လည်း မိတ်ဆက်ပေးဦးလေ အစ်ကို"

မင်းစိုးစံက ခေါင်းညိတ်ပြပြီး…

"အစ်ကို့နာမည်က မင်းစိုးစံပါ"

"ဟာ"

"ဘာဖြစ်လို့လဲ…ညီ"

"အစ်ကို့နာမည်လည်း အရမ်းအဓိပ္ပာယ် နက်နဲတာကိုး အစ်ကိုရ။ ဒါနဲ့ ရတုနဲ့ အစ်ကိုက မောင်နှမလား"

မိုင်းအမေးကြောင့် မင်းစိုးစံက ရတုကို ငဲ့ကြည့်လေသည်။ ရတုက ရှက်ဝဲဝဲပုံစံနှင့် လက်မောင်းလေးကိုပွတ်ပြီး…

"ကိုကိုက မကြာခင် ရတုနဲ့ စေ့စပ်တော့မယ့်သူပါ ခေတ်သမိုင်း"

"…………"



www.burmeseclassic.com

www.burmeseclassic.com



မိုင်းရင်ထဲမှာ ဟာကနဲ ဖြစ်သွားပေသည်။ စိတ်ထဲမှာ အရာတစ်ခု ပြိုလဲကျသွားသလို ခံစားလိုက်ရ၏။ ဘယ်လိုအရာတွေ ပြိုကျသွားခဲ့ပါသလဲ။ ကိုယ်ကိုယ်တိုင် ဘာမှန်းမသိတဲ့အရာတစ်ခုက ပြိုကျသွားတာတော့ အမှန်ပါ။ ရင်၌ဖြစ်တည်သွားတဲ့ ခံစားမှုအလုံးကြီးကို တံတွေးနှင့် ရောနှောမျိုချလိုက်ရင်း…

"ကောင်းပါတယ်…လိုက်ဖက်ပါတယ်ဗျာ။ အစ်ကိုနဲ့ရတုက နေနဲ့လ၊ ရွှေနဲ့မြဆိုတာမျိုးပါပဲ"

"ရတု"

"ရှင်"

"ကိုကိုတို့ ခေတ်သမိုင်းကို ဒကာလုပ်ပြီး တစ်ခုခု ဝယ်ကျွေးမှ ဖြစ်တော့မယ်ထင်တယ်"

"မဟုတ်တာ အစ်ကိုရာ…ကျွန်တော်က တကယ် လိုက်ဖက်လို့ ပြောတာပါ"

စက်ဘီးလေးထားပြီး အားလုံးရဲ့စကားသံတွေကို နားစွင့်နေတဲ့ တန်ခူးတစ်ယောက် မိုင်းအတွက် ဝမ်းသာရမလို ဝမ်းနည်းရမလို ဖြစ်သွားလေသည်။ ယန်းရတုကို ကြွေနေပြီလို့ပြောတဲ့ မိုင်း။ အခု ယန်းရတုက နေ့စပ်ရမယ့်သူ ရှိနေပြီလေ။

တန်ခူးကတော့…

မိုင်းကို တိတ်တဆိတ် ကျိတ်ချစ်နေရသူပါ။





# အခန်း (၄)

ရတု အိမ်ရှေ့မှာ ရှင်းရှင်းနဲ့ ကစားနေမိသည်။ ဒါ သူမ အတွက် လွတ်လပ်ခွင့်ရတဲ့အချိန်ပါပဲ။ နန်းကျတော့ ရတုလို ကလေးမဆန်ပေ။ ဘဝပေးအတွေ့အကြုံတွေက နန်းကို ရင့်ကျက်တည်ငြိမ်စေတာလားတော့ မသိပေ။ ရတုက ကစားမယ်ပြောရင် တစ်ခါတစ်ရံသာ လိုက်လျောတတ်ပြီး…

ကလေးကလားနဲ့ မကစားချင်ဘူးဆိုတာက များနေတာလေ။ နန်းက အိမ်အလုပ်တွေ ဝိုင်းကူလုပ်သလို လိုအပ်လာရင် ရတုမိဘတွေရဲ့ လုပ်ငန်းကိစ္စတွေမှာပါ ပါဝင်ကူညီတတ်သူပါ။ ဒါကြောင့် ရတု မသိတဲ့အရာအချို့ကို နန်းက သိနေပြီး အမြဲတမ်းရဲရင့်သွက်လက်နေသူတစ်ယောက် ဖြစ်နေခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ခစ်…ခစ်"

"………"

"ခုန်လေ…ခုန်ယူ…မီရင်ကျွေးမယ်"

"…………"

"ခစ်…ခစ်…ဟာ…ရှင်းရှင်း…အဲဒီလို ဖက်မတက်ရဘူးလေ။ ခုန်ယူပါဆို"

"…………"

"ဟာ…ရှင်းရှင်း"

ရတုနဲ့ရှင်းရှင်းကို ရပ်ကြည့်နေမိတဲ့ မင်းစိုးစံ ပြုံးလိုက်မိသည်။ ရတုက တကယ့်ကလေးတစ်ယောက်လို ဖြူစင်သူလေးပါ။ သူ ရတုကို ချစ်လိုက်ရတာ။ ဖြစ်နိုင်ရင် အာခံတွင်းထဲမှာ ထည့်ပြီး ငုံထားချင်လောက်အောင်ပါ။ အခုလည်း ကြည့်ပါဦး။ တကယ့်ကလေးပေါက်စလေးတစ်ယောက်လို။

မုန့်ကို လက်ကမြှောက်ကိုင်ပြီး…

ခွေးလေးကို လုစားခိုင်းနေပုံက တကယ့်ကလေးဆန်ဆန်ပါ။ ခွေးက သူမကို ဖက်တက်လေတော့ သူမပဲ အော်နေသည်လေ။

"အာ…ရှင်းရှင်း…ဘယ်လိုဖြစ်နေတာလဲ…ခစ်…ခစ်"

"…………"

"တော်ပြီ…တော်ပြီ၊ ငါ မစတော့ဘူး…ရော့…စား"

ရတုက ရှင်းရှင်းကို မုန့်ကျွေးနေစဉ်မှာပဲ မင်းစိုးစံ သူမ





အနားသို့ လျှောက်သွားလိုက်ကာ…

"ရတု"

"ရှင်"

"ခွေးနဲ့ စကားပြောနေရတယ်လို့ တကယ့်ကလေးကျနေတာပဲကွာ"

"ဟာ…ကိုကိုနော်"

"ဘာလဲ…ကိုကိုနော်သီချင်း ဆိုပြမလို့လား"

"မဟုတ်ပါဘူး…ရှင်းရှင်းကို ခွေးလို့ မပြောပါနဲ့ ကိုကိုရယ်…သူလည်း အသွေးအသားနဲ့ တည်ဆောက်ထားတဲ့ သတ္တဝါပါ။ ရတုရဲ့သားလေး…လူနဲ့တိရစ္ဆာန်ဆိုပြီး ခွဲခြားမဆက်ဆံပါနဲ့ ကိုကို။ ရတု မကြိုက်ဘူး"

"ဟာကွာ"

ကိုယ်ပဲမှားပါတယ်လို့ ကိုယ့်ပါးစပ်ကိုယ် ဝိတ်ရိုက်ချင်စိတ်ပေါက်သွားရပါသည်။ ထို့ကြောင့် မင်းစိုးစံ ခေါင်းကိုသာ ကုတ်လိုက်မိတော့၏။ သူမှာ ရတုကို ချစ်ရတာ ကလေး မုန့်ပေးကြိုက်ရတဲ့အဖြစ်ထက် ဆိုးသည်လေ။ ကိုကို့ကို ချစ်လားလို့မေးတိုင်း ချစ်တယ်လို့ မပြော။

"ကိုကို့ကို ရတု သံယောဇဉ် ရှိပါတယ်။ အစ်ကိုတစ်ယောက်လို ချစ်တယ်"

ဆိုတဲ့အဖြေနဲ့ပဲ ကိုယ့်မှာ ကျေနပ်နေခဲ့ရတာ။ ဘယ်လောက်ဆိုးလိုက်ပါသလဲ။ ရတုမှာ ချစ်ရမယ့်သူရှိလို့ ကိုယ့်ကို မချစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တာလားဆိုတော့လည်း မဟုတ်။ ရတုရင်ထဲမှာ အချစ်ဆိုတာ မရှိ။ အချစ်ဆိုတာကို နားမလည် မခံစားတတ်သေးတဲ့အမျိုးပါ။ ဒါကြောင့် ချစ်မိတဲ့ ကိုယ်ကပဲ သည်းခံအလိုလိုက်နေရတာပေါ့။

"ကဲပါ ရတုရယ်...ရတု မကြိုက်ရင် ကိုကို နောက်မပြောတော့ဘူး...ဟုတ်ပြီလား။ ကိုကို ရတုနဲ့ စကားပြောချင်တယ်။ ရေကူးကန်ဘေးမှာ ခဏသွားထိုင်ရအောင်နော်"

"ဟုတ်...ခဏနော်"

"ဘယ်သွားမလို့လဲ...ရတု"

"ရှင်းရှင်းကို အိမ်ထဲပြန်ပို့မလို့ပါ"

"ဟာ... ထားလိုက်စမ်းပါ ရတုရယ်... သူ့မှာလည်း ခြေတွေလက်တွေနဲ့ပဲဟာ။ သူ့ဘာသာသူ သွားလိမ့်မယ်ပေါ့"

"ခဏလေးပါ ကိုကိုရဲ့"

"ပြောမရလည်း သွား...ကိုကို စောင့်နေမယ်၊ မြန်မြန်ပြန်လာခဲ့"

"ဟုတ်"

"ဟူး"

ရတု ရှင်းရှင်းကို ပွေ့ချီပြီး ထွက်သွားလေတော့ မင်းစိုးစံ သက်ပြင်းမောကို မှုတ်ထုတ်လိုက်မိသည်။ ပြီးတော့ ရေကူးကန်ဘက်သို့ လျှောက်လာပြီး ရတုကိုစောင့်ရင်း အတွေးတွေက ဟိုရောက်ဒီရောက်ပါပဲ။ ရတုနဲ့သူ စေ့စပ်ရတော့မယ်လေ။





အခုထိ...

ချစ်သူလည်းမဟုတ်၊ ဘာမဟုတ်။ ကိုယ်ကသာ ချစ်တယ်ဆိုတဲ့စကားကို အထပ်ထပ်ပြောပြီး ရတုက ချစ်တယ်လို့ မပြောပေ။ ဘယ်သူမဆို ကိုယ့်ချစ်သူနှုတ်များကပြောတဲ့ ချစ်တယ်ဆိုတဲ့စကားကို ကြားချင်ကြတာပဲ မဟုတ်လား။ အခုတော့ ဘယ်အရာ ြောက်နေမှန်းကို မသိတော့ပါဘူး။

"ကိုကို"

ရတု ပြန်ရောက်လာပြီမို့ မင်းစိုးစံ ရတုလက်ကလေးကို ဆွဲခေါ်ပြီး ရေကန်ဘေးက ထိုင်ခုံမှာ နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"ရတု"

"ရှင်"

မင်းစိုးစံ ရတုကို စေ့စေ့ကြည့်၍ခေါ်လေတော့ ရတုက ပြန်ငဲ့ကြည့်ပြီး ထူးလေသည်။ ဖြူဝင်းတဲ့အသားအရေပိုင်ရှင်မို့ သနပ်ခါးရောင်အင်္ကျီလက်ပြတ်လေးကို ဝတ်ထားတာ ရတုနဲ့ လိုက်ဖက်လွန်းလှပါ၏။

"ကိုကိုနဲ့ရတု စေ့စပ်ရတော့မယ်နော်"

"ဟုတ်တယ်လေ...ဘာဖြစ်လို့လဲ ကိုကိုရဲ့"

မင်းစိုးစံ လေကို မှုတ်ထုတ်လိုက်မိပြန်သည်။ ပြီးမှ...

"စေ့စပ်ပြီးတာနဲ့ နောက်ထပ် လက်ထပ်ဖို့ဆိုတာ ဖြစ်လာဦးမှာ ရတု...အခုချိန်အထိ ရတုက ကိုကို့ကို ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မပြောသေးတော့ ကိုကို့စိတ်ထဲမှာ တစ်မျိုးကြီးပဲ ကွာ"

"ကိုကို…ဘာကိုပြောချင်တာလဲ။ ရတု နားမလည်ဘူး ကိုကို"

"နားလည်အောင် ပြောပြရရင် လက်မထပ်ခင် ကိုကို ရတုဆီက တုံ့ပြန်လာမယ့် အချစ်ကို လိုချင်တယ် ရတု။ အချို့ ပြောကြတယ်။ ညားပြီးရင်ချစ်သွားကြတာပါပဲကွာ တဲ့။ ကိုကိုကတော့ ချစ်သူဘဝနဲ့ ကြည်နူးခွင့်၊ ချွေးထွေး ခွင့်ကို လိုချင်တယ်။ ဒါမှ လက်ထပ်တဲ့အခါ အိမ်ထောင် ရေးက အေးစက်စက် ဖြစ်မနေဘဲ သာယာချမ်းမြေ့ဖွယ် ဖြစ်လာမှာပေါ့"

"ကိုကိုကလည်း"

"ကိုကိုက ဖြစ်ချင်တဲ့ဆန္ဒကို ပြောပြတာပါ။ ရတု ပြန်မချစ်လည်း ကိုကိုကတော့ ရတုကို ချစ်တယ်။ ကိုကို ရတုကိုချစ်သလို ရတုဆီက အချစ်ကိုလည်း ပြန်လိုချင် မိတာ။ လူတိုင်းမှာရှိတဲ့ အတ္တပဲ…ရတု"

"ရတု နားလည်ပါတယ် ကိုကို"

ရတုပါးစပ်က နားလည်ပါတယ်ဆိုတဲ့စကားသံကို ကြား လိုက်ရတော့ မင်းစိုးစံ ရတုဘက်သို့ တည့်တည့်လှည့်ထိုင်လိုက်မိ သည်။ ဒီစကားက သူ့အတွက် မျှော်လင့်ချက်တစ်ခုလေလား။

"ရတု"





"ပြောပါ ကိုကို"

"ကိုကိုမေးမယ်…မှန်မှန်ဖြေမလား"

"ရတု မညာတတ်ပါဘူး ကိုကို"

"ဒါဆို မေးမယ်နော်"

"ဟုတ်"

"ရတု…ကိုကို့ကို ချစ်လျက်နဲ့ ရှက်လို့ ချစ်တယ်မပြော တာလား။ ဒါမှမဟုတ် တကယ်မချစ်လို့ မဖြေတာလား။ ကိုကို့ကို သံယောဇဉ်ရှိရုံပဲလား…ရတု၊ အဲဒါဖြေပါ"

ရတု တွေတွေလေး ဖြစ်သွားလေသည်။ အချစ်တဲ့…။ အချစ်ဆိုတာ ဘာလဲ။ ဘယ်လိုခံစားမှုမျိုးလဲ။ ရတု တကယ်မသိ ပေ။ ကိုကို့ကို တွယ်တာမိတာတော့ အမှန်ပါပဲ။ ကိုကိုက အလို လိုက်တော့ ကိုကို့အပေါ် ဆိုးရနွဲ့ရတာ ရတု ပျော်မိသည်။

ကိုကိုနဲ့ ဝေးနေရတဲ့အချိန်မှာ ကိုကို့ကို လွမ်းသည်။ သတိရ သည်။ ကိုကို ဖုန်းဆက်လို့ ကိုကို့အသံကြားရရင် ရင်ထဲမှာ ကြည်နူးမိသည်လေ။ ဒါ အချစ်ဆိုရင်တော့ ရတု ကိုကို့ကို ချစ်တယ်ပဲ ဖြေလိုက်ရတော့မှာလား။

"ကိုကို"

"ပြောလေ…ရတု"

"အချစ်ဆိုတာ ဘာလဲဟင်…ဘယ်လိုခံစားရတာကို အချစ်လို့ ခေါ်တာလဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရတု ဒီလိုမေးလို့ ကိုကို တစ်မျိုးမထင်ပါနဲ့။ အခုချိန်ထိ ရတုဘဝက ချုပ်ချယ်ကန့်သတ်မှုတွေနဲ့ မလွတ်လပ်ဘူးလေ။ အိမ်ကနေ ခြံအပြင်ထွက်သွားပြီဆိုတာနဲ့ ရတုကို မျက်လုံးဒေါက်ထောက်ကြည့်နေမယ့်သူတွေကြားမှာ သူစိမ်းဆိုတဲ့ လူတွေနဲ့ ရတု မဆက်ဆံဖူးခဲ့ဘူး။ မပတ်သက်ခဲ့ဖူးဘူး။ အဲဒါကြောင့် ရတု ဘယ်ကောင်လေးကိုမှ စိတ်မဝင်စားဖူးသလို အချစ်ဆိုတာကိုလည်း နားမလည်ဘူး ကိုကို"

သူပြောတော့လည်း ဟုတ်နေပြန်ပါရောလား။ တွေးကြည့်ပြီး ရတုကို သနားသွားလေသည်။ တစ်ဦးတည်းသောသမီးလေးမို့ တုန်နေအောင်ချစ်ကြတဲ့ ရတုမိဘတွေက ကျောင်းသွားလည်း အကြိုအပို့လုပ်၊ ကျောင်းအပြင်ထွက်တာနဲ့၊ အိမ်အပြင်ထွက်တာနဲ့ မျက်လုံးဒေါက်ထောက်ကြည့်ပြီး စောင့်ရှောက်မယ့်သူက ပါပြီးသားမဟုတ်လား။

ကိုယ်တွေကတော့ ယောကျ်ားလေးမို့လို့လား မသိပါဘူး။ တစ်ဦးတည်းသောသားလည်း မဟုတ်။ မောင်နှမသုံးယောက်ထဲမှာ အငယ်ဆုံးမို့ ဝိုင်းအလိုလိုက်ထားတာ။ ဘာချုပ်ချယ်ကန့်သတ်မှုမှ မရှိပေ။

"ရတု"

"ရှင်"

"ကိုကိုနဲ့ ဝေးနေရတဲ့အချိန်မှာ ရတု ဘယ်လိုခံစားရလဲ"





ဒီလိုမေးရတာ အကြောင်းရှိပါသည်။ အရင်က ရတုတို့နဲ့ မင်းစိုးစံတို့က ခြံဦးလွှင်မှာ တစ်ခြံကျော် နေလာခဲ့ကြတာပါ။ နှစ်အိမ်မှတစ်အိမ်ဖြစ်ပြီး မင်းစိုးစံက ရတု ဆိုးနွဲ့သမျှကို အလိုလိုက် အကြိုက်ဆောင်ပေးခဲ့တာပဲလေ။ စိတ်ကောက်ရင် ချော့ရတာကိုပဲ ရင်ခုန်ကြည်နူးနေခဲ့ရသူမို့ပါ။

"ကိုကိုနဲ့ဝေးနေရတဲ့အချိန်မှာ ရတု ကိုကို့ကို အရမ်းသတိရတယ်။ အရမ်းလည်း လွမ်းတယ် ကိုကို။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

"ကိုကိုဖုန်းဆက်ရင် ရတု အရမ်းပျော်တယ်...သိလား"

"ဒါဆို သေချာတယ်"

"ဘာသေချာတာလဲ ကိုကို"

"ရတု ကိုကို့ကို ချစ်တယ်ဆိုတာပေါ့"

"ဟင်...ဟုတ်လား"

"ဟုတ်တာပေါ့...အဲဒါ ရတု ကိုကို့ကို ချစ်နေလို့ သတိရတာ...လွမ်းတာပေါ့"

"သြော်"

"ကဲ...ပြော...ကိုကို့ကို ချစ်တယ်လို့"

ရတု ရှက်ပြုံးလေးနှင့် ခေါင်းလေးငုံ့သွားလေတော့ မင်းစိုးစံ ရတုမေးဖျားလေးကနေ ကိုင်ပြီး ရတုမျက်နှာလေးကို မော့စေကာ

"ရှက်မနေပါနဲ့ ရတုရဲ့...ကိုကို ကြားချင်လှပြီ။ ပြောတော့ကွာ...နော်"

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း"

"ပြောဆို"

"ကိုကိုကလည်း"

"ပြောပါ ရတုရဲ့"

"အင်း"

"ဟင်…ဘာအင်းလဲ"

"ကိုကို့ကို ချစ်တယ်လို့"

"ဟား"

"အို"

မင်းစိုးစံ ရတုကိုယ်လေးကို ပွေ့ဖက်ပြီး ပါးပြင်နုနုလေးဆီမှာ အနမ်းနုနုလေး ခြွေချလိုက်မိသည်။ ရတုကတော့ ရှက်ရှက်နှင့် မျက်နှာလေးကို ဟိုလွှဲဒီလွှဲပါပဲ။

"အဲဒါနဲ့များ ရတုရယ်…မေးလိုက်တိုင်း အိုက်တင်တွေခံပြီး ကိုကို့ကို ညှဉ်းဆဲခဲ့တာ ဘယ်လောက်ကြာလဲ။ မကျေနပ်ဘူး…သိလား"

"နိုင်ထူးသီချင်းလား"

"မဟုတ်ဘူး…မင်းစိုးစံရဲ့သီချင်း"

"ခစ်…ခစ်"

ရတုရဲ့ရယ်သံလေးက မင်းစိုးစံရဲ့နားထဲမှာ နားဝင်ပီယံသာ့လက်သံလိုပါ။ သာယာခြင်းအပေါင်းနှင့် ပြည့်စုံပါ၏ပေါ့။

●





# အခန်း (၅)

မိုင်း စက်ဘီးပေါ်ကနေ ခြေတစ်ဖက်ထောက်ပြီး ရတုတို့အိမ်ကြီးဆီသို့ ငေးမောကြည့်နေမိသည်။ သူ့အဖြစ်က မမီတဲ့ပန်းကို တုံးခုလှမ်းတာမျိုး ဖြစ်နေပြီလား။ အဲဒီတော့ မောရုံပန်းရုံပဲရှိမှာပေါ့။ မြင်မြင်ချင်း ချစ်မိတယ်ဆိုတဲ့စကားကို အယုံအကြည်မရှိခဲ့တာ။

အခု…

ကိုယ်တိုင်ကြုံတော့ ယုံရပြီပေါ့။ ကြုံတော့လည်း မယုံနိုင်စရာတွေ ထပ်ရှိခဲ့တာက ကိုယ်ချစ်ရတဲ့ မိန်းကလေးမှာ မကြာခင်စေ့စပ်ရတော့မည့်သူ ရှိနေခြင်းပါပဲ။ ကိုယ်ကသာ နွေ့နွေ့ညညသတိတွေရနေတာ။ ရတုကတော့ သိမှာမဟုတ်ပေ။

ဟူး…



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် ခက်ပါတယ် မိုင်းရာ။ ပိုင်ရှင်ရှိမှန်းသိသိနဲ့ စွဲလမ်းနေမိတာ မဟုတ်သေးပါဘူး။

"ဝုတ်…ဝုတ်…ဝုတ်"

"ဟာ"

"ဝုတ်…ဝုတ်"

သူ့ကိုကြည့်ပြီး ခြံထဲကနေ ဟောင်နေတဲ့ ခွေးလေးကို မြင်တော့ မိုင်း ပြုံးမိသွားလေသည်။

"ကျေးဇူးရှင်လေး"

"ဝုတ်…ဝုတ်…ဝုတ်"

"အမယ်…ကျေးဇူးရှင်ပါဆိုမှ ဟောင်နေသေးတယ်။ အစွာလေးပါလားကွ"

ဒီခွေးကြောင့်ပဲ ရတုနဲ့ တွေ့ခဲ့ရတာလေ။ မဖြစ်နိုင်ခြင်းတွေ အတွက် စိတ်မနာနိုင်ဘဲ ဒီခွေးလေးကိုပဲ ကျေးဇူးတင်နေမိသည့် အဖြစ်ပါ။

"ဟေ့ကောင်…မင်းက ငါ့ကို ကိုက်ချင်လို့လား။ လာကိုက်လေ…ထွက်ခဲ့…ဟား…ဟား"

"ဝုတ်…ဝုတ်"

"လာ…ထွက်ခဲ့လေ…လာပါကွ"

"တီတီ"

"………"

"တီတီ"





"ဟင်"

နောက်က ကားဟွန်းတီးသံကြောင့် မိုင်း လှည့်ကြည့်လိုက်မိသည်။ ကားပေါ်ကလူက ဆင်းလာပြီး…

"ခေတ်သမိုင်းပါလား"

"သြော်…အစ်ကို"

"မနက်စောစောစီးစီးပါလားကွ…ဘာလဲ စက်ဘီး လျှောက်စီးတာလား"

"ဟုတ်တယ် အစ်ကို…ကျွန်တော်က မနက်စောစော စက်ဘီးထွက်စီးနေကျလေ။ အစ်ကိုရော…စောစောစီးစီး ဘယ်သွားတာလဲဗျ"

"ရတုရဲ့ဘွားဘွား ဘွားကျော့ပေါ့ကွာ…ဒီနေ့မနက် ခြောက်နာရီ သူ့အတွက် ဘုရားမှာ ယတြာချေပေးရမယ် ဆိုလို့ ငါနဲ့ရတု သွားရတာပါ"

"သြော်"

ရတု ပါလာတယ်ဆိုတဲ့အသိက မျက်လုံးကို နေရာရွှေ့စေသည်။ ကားပေါ်ကို လှမ်းကြည့်လိုက်တော့ ရတုက ပြုံးပြလေ၏။ သြော်…ရတုရယ်။

"ခေတ်သမိုင်း"

"ဗျာ"

"အိမ်ထဲကို ဝင်ပါဦးလား… အစ်ကိုက ခင်တတ်ပါတယ် ကွ"



www.burmeseclassic.com

"ဟာ…ဝင်လို့မဖြစ်ဘူး အစ်ကိုရ"

"ဟင်…ဘာဖြစ်လို့လဲ"

"ကျွန်တော်က မိဘမဲ့ဂေဟာလေးတစ်ခုမှာ ကလေးတွေကို စာသင်ပေးနေတာ အစ်ကို။ ဒီကပြန်တာနဲ့ အိမ်အလုပ်တွေ လုပ်စရာရှိတာလုပ်ပြီး ကလေးတွေဆီကို သွားရမှာဗျ"

"ဟုတ်လား…ကောင်းပါတယ်ကွာ…မိဘမဲ့ကလေးတွေကို စာသင်ပေးတယ်ဆိုတာ မွန်မြတ်တဲ့အလုပ်ပါ။ ဒါနဲ့ ကလေးတွေအတွက် လိုအပ်တာရှိရင် ပြောလေ။ အစ်ကို တတ်နိုင်သလောက် ကူညီပါ့မယ်"

"ဟုတ်ကဲ့…လိုအပ်ရင် ပြောပါ့မယ် အစ်ကို…ကျေးဇူးပါဗျာ"

"ကိုကို"

ရတုက ကားတံခါးကို တွန်းဖွင့်ပြီး ဆင်းလာလေသည်။

"ကိုကို့"

"ပြောလေ ရတု"

"ကိုကိုနဲ့ရတု စေ့စပ်ခါနီးကျ မိဘမဲ့ဂေဟာမှာ အလှူတစ်ခုခု လုပ်ရအောင်လေ။ မကောင်းဘူးလား…မိဘမဲ့ကလေးတွေ သနားပါတယ်"

မိုင်း ရတုမျက်နှာလေးကို ခပ်ငေးငေးကြည့်မိသွားလေသည်။ ကိုယ် တိတ်တခိုးမြတ်နိုးနေမိသည့် မိန်းကလေး။ နောက်





ဆို ဒီမျက်နှာလေးကို မြင်ခွင့်ရပါဦးမလားလေ။ ကိုယ်က မြင်ခွင့်လေးရနေရင် ကျေနပ်နေချင်တဲ့သူပါ။ မဖြစ်နိုင်မှန်း သိသိနဲ့…

ဖိုးရွှေလမင်းဆီမှာ…

ထမင်းဆီဆမ်း ရွှေလင်ဗန်းနဲ့ ပေးပါလို့ တောင်းတာမျိုးလည်း မလုပ်ချင်ပါဘူး။ လမင်းကို မော့ကြည့်ပြီး ငေးနေခွင့်ရရင် ကျေနပ်ပါပြီလေ။ ဒါ သူမက လှလို့ တဒင်္ဂ ရူးသွပ်ခြင်းလား။ တဒင်္ဂ ရူးသွပ်ခြင်းပဲ ဖြစ်ပါစေ။

"ရတု…လှူချင်တယ်ဆို လှူလေ…ကိုကိုက ပါရမီဖြည့်ပေးရမှာပေါ့…မဟုတ်ဘူးလား"

"တကယ်နော်"

"တကယ်ပေါ့"

"ဟီး"

ရတု ဖက်ကလေးပုကာ ဟီးကနဲ ရယ်ပြီး ပျော်သွားပုံလေးကိုကြည့်ပြီး မင်းစိုးစံရင်ထဲမှာ ကြည်နူးသွားမိသည်သာ။ ကိုယ့်ချစ်သူက ကိုယ့်အတွက် ပန်းလေးတစ်ပွင့်ပါပဲ။ သူ လန်းနေရင် ကိုယ်က ဝမ်းမြောက်နေရသူပါ။

"ခေတ်သမိုင်း"

"ရင်းရင်းနှီးနှီး မိုင်းလို့ပဲခေါ်ပါ အစ်ကို"

"ဟာ…မိုင်းဆိုတာကြီးက နိမိတ်မကောင်းဘူးကွ။ မိုင်းဆိုတာထက် နင်းမိရင် ပေါက်ကွဲတတ်တဲ့အရာလေ။ မင်းနာမည်က အပြည့်အစုံခေါ်မှ အဓိပ္ပာယ်ရှိပြီး လှတာ



www.burmeseclassic.com

www.burmeseclassic.com



(၇)ဒေါ်လာလောက်ပဲ ရှိမှာပါ”

အရေးထဲ ဒေါ်လာနှင့် လာပြောနေသည့် သူ့ကို ခက်ပန်သစ္စာ မျက်စောင်းအကြီးကြီး ထိုးမိပြီး စာအုပ် (၂)အုပ်ကိုလည်း ဆောင့်ခနဲ ချခဲ့ကာ ရှေ့မှ ကျော့ကျော့လေး ထွက်သွားပုံက စိတ်လိုက်မာန်ပါ။

နောက်မှ ဆိုင်ရှင်ကောင်လေး စိတ်မကောင်းဖြစ်သွားပေမယ့် စစ်သွေးတံခွန် ရယ်မိသည်။

“စိတ်မကောင်းမဖြစ်နဲ့ ညီ…အကို ယူသွားလိုက်မယ်။ အကို့ ညီမလေးပါ”

“မိဆိုးလေးဗျာ”

“ဟုတ်တယ်…မိဆိုးလေး ဒါပေမဲ့ သူဆိုးတာ ချစ်စရာ ပါကွာ။ ဒါတွေကရော…”

ဘေးမှာပုံထားသည့် စာအုပ်ကလည်း ၄-၅ အုပ်။

“သူရွေးထားတာ…သူ့လက်ထဲမှာရှိတဲ့ငွေလေးနဲ့ နောက်ဆုံး ဒီ (၂)အုပ်ကိုရွေးပြီး ပိုက်ဆံမပြည့်လို့ထင်ပါရဲ့…ဈေးဆစ်နေတာ။ ရှိတာပေးခဲ့ပါဆိုတော့လည်း မဟုတ်။ တကယ့်ဂျစ်ကလေးဗျာ”

“ကဲ…သူရွေးထားတဲ့ စာအုပ်တွေအားလုံး ကျွန်တော် ဝယ်လိုက်ပါ့မယ်။ လက်ဆောင်ပေးရတာပေါ့ဗျာ”

“ကောင်းပါတယ်…စာဖတ်တဲ့ အကို့ကောင်မလေးကို ဒီ့ထက်ပိုပြီး ချစ်ခင်နိုင်ပါစေဗျာ”

“ဟာ…ကိုယ့်ညီ…ကောင်မလေး မဟုတ်ပါဘူး။ ညီမလေး ပါဆို”





“ထားလိုက်ပါတော့ဗျာ”

ရယ်ရယ်မောမောနှင့်ပင် စာအုပ် (၆)အုပ် သူ ဝယ်လာဖြစ်ခဲ့ သည်။ စာဂျပိုးမလေးမို့ ခင်မင်စိတ်က တဖွားဖွား။

ချစ်သွန်းဝတီကတော့ စာလည်း သိပ်ဖတ်ပုံမရ။ စာအုပ်တွေ ကို မက်မက်စက်စက်လည်း ရှိပုံမရ။ အပျော်လျှောက်သွား၊ အပျော် လျှောက်ကြည့်ပြီး သူမ ဝယ်တာ အလှအပရေးရာစာအုပ်တစ်အုပ် သာ။

“စာဖတ်ရမှာ ပျင်းစရာကြီး။ သတင်းစာ၊ ဂျာနယ်လောက် ကြည့်လိုက်လည်း ပြီးတာပဲ”

စစ်သွေးတံခွန် စာအုပ်အိတ်ကိုဆွဲပြီး ခက်ပန်နောက်သို့ ခပ်သွက်သွက် လိုက်ရသည်။ ကားနားမှာ (၄)ယောက် ပြန်ဆုံပြီ။

“ဒီမှာ စပယ့်ဖို့”

“အို…မလိုချင်ပါဘူး”

“စပယ် ရွေးထားတဲ့စာအုပ်တွေလေ၊ သေချာကြည့်ပါဦး”

စာအုပ်ဆိုတော့ ဟန်မဆောင်နိုင်။ မျက်လုံးလေး ဖွေပြီး နိုးကြည့်ပုံလေးကအစ ချစ်စရာ။

“ပိုက်ဆံတွေ အများကြီးပေးရမှာ၊ ကျွန်မမှာ ပြန်ပေးစရာမရှိ ဘူး”

“ဩော်ဗျာ…ကိုကိုကလည်း စာဖတ်တဲ့ကောင်မလေးကို စာအုပ်တွေ လက်ဆောင်ဝယ်ပေးတာပါ။ အားမနာပါနဲ့…ရေမွှေး တစ်ပုလင်းလောက်၊ မိတ်ကပ်တစ်ဗူးလောက်၊ နှုတ်ခမ်းဆိုးဆေး



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သမိုင်းရ။ မင်းပုံစံ၊ မင်း အခုလုပ်နေတဲ့အလုပ်က ခေတ်သမိုင်းဆိုတဲ့နာမည်နဲ့ လိုက်ဖက်တာလေ။ ကိုယ့်ခေတ်မှာ ကိုယ့်သမိုင်းကို လှအောင်ရေးပါ…ညီ”

“ဟုတ်ကဲ့…အခုလို ကျွန်တော့်အပေါ် ညီအရင်းတစ်ယောက်လို သဘောထားပြီး သွန်သင်ဆုံးမပေးတဲ့အတွက် ကျေးဇူးပါ အစ်ကို”

“ဟာကွာ…ဆုံးမတာရယ်လို့ မဟုတ်ပါဘူးကွ။ အစ်ကိုက တွေးမိတာ ပြောပြတာပါ”

“ဘာပဲဖြစ်ဖြစ်ပါ အစ်ကို…ကျွန်တော့်အတွက် အသိတစ်ခု ရသွားတာမို့ ကျေးဇူးပါဗျာ”

“ဟား”

မင်းစိုးစံ ခေါင်းကုတ်မိတော့သည်။ ကိုယ်က ကိုယ်တွေးမိတာလေး ပြောပြတာ သူ့အတွက် အသိတစ်ခု ရစေသတဲ့လား။ ဒါပေါ့လေ…အတွေးတစ်ခု အသိတစ်ခုကို ကြံဖန်ပြီး ယူတတ်တယ်ဆိုတော့ ဝမ်းသာစရာပဲပေါ့။

“ကဲ…အစ်ကို၊ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ…နော်”

“ခဏ…ညီ”

“ပြောလေ…အစ်ကို”

“မင်း စာသင်တဲ့ မိဘမဲ့ဂေဟာလေးမှာ ကလေးဘယ်နှယောက်ရှိလဲကွ”

“နှစ်ဆယ့်တစ်ယောက်ရှိတယ် အစ်ကို”





“သြော်…အများသားပဲ။ ဒါနဲ့ လိပ်စာလေးပေးနိုင်မလား ညီ”

“ဟုတ်ကဲ့ပါ အစ်ကို”

မိုင်း မိဘမဲ့ဂေဟာရဲ့ လိပ်စာကို ပြောပြပြီး နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။ အပြန်လမ်းမှာ ရင်ထဲ ဘာတွေကပ်ငြိလာခဲ့မှန်းတော့ မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မင်းစိုးစံနဲ့ ရတုတို့ စေ့စပ်ခါနီး မိုင်း စာသင်ပေးနေတဲ့ မိဘမဲ့ဂေဟာလေးမှာ ကလေးတွေကို ဒံပေါက်ကျွေးပြီး အဝတ်တစ်စုံစီနဲ့ ဗလာစာအုပ်တွေ လှူခဲ့ကြသည်။ ရတုမှာ ကလေးတွေကိုကြည့်ပြီး ဝမ်းလှည်းသာ၊ ဝမ်းလည်းနည်းနှင့် မျက်ရည်လည်ရသည့်အဖြစ်ပါ။

ကိုယ်တွေဘဝ ပြည့်စုံသလောက် သူတို့လေးတွေမှာ မိဘပင် မရှိ။ လှူသူရှိမှ စားရဝတ်ရတဲ့ အဖြစ်တွေပါ။

"အစ်ကိုကြီးနဲ့မမ ကျန်းမာချမ်းသာခြင်းနဲ့ ပြည့်စုံပြီး လိုအင်ဆန္ဒ ပြည့်ဝပါစေ"

ကလေးတွေက တက်ညီလက်ညီ ဆုတောင်းပေးကြတော့ ရတုရင်ထဲမှာ ဖော်မပြနိုင်တဲ့ ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေကွယ်...မောင်လေးတို့လည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ မမ ခဏခဏ လာလှူမယ်နော်"





"ကျေးဇူးပါ မမ"

"အမေ့"

"ဟင်"

"အဲ"

ရတု ရှေ့သို့လှမ်းမည်အပြု ကလေးတစ်ယောက်ကလည်း ခြေအလှမ်း ရတု ဖိနပ်နောက်ဖင်ကို တက်နင်းမိပြီး ဖိနပ်က ပြတ်သွားလေသည်။ ရတု ခြေလှမ်းက ရပ်သွားတာ ရှီးရှီးမဟုတ်ဘဲ ကိုးရိုးကားရားမို့...

"ဘာဖြစ်တာလဲ ရတု"

"ဖိနပ်ပြတ်သွားတာ ကိုကို"

"ဟုတ်လား"

"ကန်တော့မမ...ကန်တော့ သား...တောင်းပန်ပါတယ် နော်"

"ရပါတယ် မောင်လေး"

ကလေးက လက်အုပ်ကလေးချီပြီး တောင်းပန်လေတော့ ရတု ကလေးကိုပဲ ပြန်အားနာမိကာ ကလေးရဲ့လက်ဖျားလေးတွေကို ဆုပ်ကိုင်ပြီး နှိပ်ချပေးလိုက်သည်။

"ရတု"

"ရှင်"

"ဖိနပ်ပြတ်သွားတာ ဘယ်လိုလုပ်ဦးမလဲ"

"ရတယ် ကိုကို...ဒီအတိုင်းပဲ သွားရမှာပေါ့။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်စီးလိုက်မယ်လေ”

“ဟာ…မဟုတ်တာ ရတုရဲ့…ခဏနော်…ခဏလေးပါ။ ကျွန်တော် အခုပဲ ပြန်လာခဲ့ပါ့မယ်”

“မိုင်း”

“ဟင်”

မိုင်း ဖိနပ်သွားဝယ်မလို့ပါ။ ဒါကို တန်ခူးက ရှေ့မှ ဝိတ်ရပ်ပြီးခေါ်လေတော့ မျက်မှောင်ကြုတ်ကြည့်မိကာ…

“ဘာလဲ”

“ငါ သွားလိုက်ပါ့မယ်၊ နင် နေခဲ့ပါ”

ပြောပြီး တန်ခူးက ရတုရဲ့ခြေထောက်မှာ စီးထားတဲ့ ဖိနပ်ဆိုဒ်ကို ကြည့်လေသည်။ ပြီးတော့ သူတို့ရှေ့မှ ထွက်သွားလေတော့၏။

“ရတုကို အားနာလိုက်တာဗျာ”

“ရပါတယ် ခေတ်သမိုင်းရဲ့…ဖိနပ်မရှိတော့ရော ဘာဖြစ်လဲ။ ကားနဲ့ပြန်မှာပဲဟာ…ကိစ္စမရှိပါဘူး။ ဒါနဲ့ ဟို တစ်ယောက်…ဘယ်သူ”

“တန်ခူးပါ…မေတန်ခူးလေ”

“သူ…ဘယ်ကိုသွားတာလဲဟင်…ခေတ်သမိုင်း”

“မသိဘူးလေ ရတုရဲ့…ဘယ်သွားမယ်လို့မှ ပြောမသွားတာ”

မိုင်း ညာလိုက်တာပါ။ တကယ်က တန်ခူး ဘယ်ကိုသွားတယ်ဆိုတာ သူ မသိဘဲနေပါ့မလား။ တန်ခူးဆိုတာ သူနဲ့ကိုယ် တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ရင်ပဲ တစ်ယောက်စိတ်ကို တစ်ယောက် နားလည်ရလောက်အောင် စိတ်ချင်းဆက်နွယ်နေသလိုပါ။





အခုလည်း မိုင်း ဘာဖြစ်ချင်တယ်၊ ဘာလုပ်မယ်ဆိုတာကို တန်ခူး သိနေလို့ မိုင်းကိုယ်စား ထွက်သွားတာပါ။ ရတု ခြေထောက်ကို ကြည့်သွားတယ်ဆိုကတည်းက ဖိနပ်ဝယ်သွားတယ်ဆိုတာ မိုင်း သိတာပေါ့။

“ကိုကိုထင်တာတော့ သူ ရတုအတွက် ဖိနပ်သွားဝယ်တာ ထင်တယ် ရတုရဲ့”

“ဟုတ်မယ်ထင်တယ်နော်”

မိုင်း တန်ခူးမရှိတော့မှန်း သိသိနဲ့ သူမ သွားရာလမ်းလေးကို မျှော်ကြည့်လိုက်မိသည်။ သူ တန်ခူးအပေါ် သံယောဇဉ်တော့ ရှိသည်ပဲလေ။ သူမစိတ်ကို နားလည်ပေမယ့် သူမ လိုချင်တဲ့အရာကို ကိုယ်က မပေးနိုင်။ ဒီအရာက ပေးချင်တိုင်းပေး၊ ယူချင်တိုင်း ယူလို့မှ မရတာ။

ဖိနပ်သွားဝယ်တဲ့ တန်ခူးမှာလည်း…

ဖိနပ်ရွေးနေရင်း မျက်ရည်တွေ ဝဲလာလေသည်။ မိုင်း ကိုယ့်ကို ရတုအပေါ် ဂရုစိုက်တာရဲ့ တစ်ဝက်လောက်များ ဂရုစိုက်ရင် ဝမ်းသာလုံးဆို့ပြီး သေသွားမလား မပြောတတ်ပါဘူး။ တန်ခူး မိုင်းကို အဲဒီလောက် ချစ်ခဲ့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်ဆို...

ပေးဆပ်ခြင်းသက်သက်နဲ့ ဘာမဆို ဖြည့်ဆည်းပေးချင်သူပါ။ နှင် ပျော်ပါစေ မိုင်းရယ်။ နှင် ဖြစ်ချင်တဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနေခွင့်ရရင် ငါလည်း ပျော်ရွှင်ကျေနပ်နေမှာပါ။

"အစ်မ"

"ဟင်"

"ဒီဖိနပ်က ဘယ်လောက်လဲ အစ်မ"

"တစ်သောင်းခွဲပါ ညီမ...အဲဒီဖိနပ်လေး အရမ်းလှတယ်နော်။ အနက်ရောင်လေးက စိုနေတာပဲ။ အစ်မတောင် ကြိုက်တာ။ အစ်မခြေထောက်နဲ့ မတော်လို့လေ"

ဖိနပ်ကတော့ တကယ်လှတာပါ။ အနက်ရောင်လေးက စိုနေတာပဲ။ မလှတာက ပိုက်ဆံပါ။ တန်ခူးမှာ ပိုက်ဆံက အဲဒီလောက်အထိ မပါဘူးလေ။ အိမ်ကယူလာတာ အကုန်လုံးမှ တစ်သောင်းပဲပါတာလေ။ ပါသလောက်နဲ့ တော်ရုံတန်ရုံ ဖိနပ်လောက်လည်း စီးဖြစ်ပြီးရောဆိုတာမျိုး ဝယ်မပေးချင်ပါဘူး။

တော်ကြာ မိုင်းက တစ်မျိုးထင်ရင် မကောင်းပါဘူး။ ရ လိုအဆင့်အတန်းနဲ့ မိန်းကလေးကို တော်ရုံတန်ရုံဖိနပ်မျိုး မိုင်းက ဝယ်ပေးမှာမှ မဟုတ်တာ။ တန်ခူးကို စိတ်ပုပ်တယ်လို့ ထင်ရင်လည်း မကောင်းပါဘူး။

"ဖိနပ်ကို ကြိုက်ပါတယ်။ လိုလည်းလိုချင်ပါတယ် အစ်မရယ်...ဒါပေမဲ့လေ"





"ဘာဖြစ်လို့လဲ ညီမလေး"

"တန်ခူးမှာ ပိုက်ဆံက အဲဒီလောက်မပါခဲ့လို့ အစ်မရဲ့... ဟိုလေ...အစ်မ"

"ပြောပါ ညီမလေး"

"တန်ခူးကို ကူညီတယ်လို့ သဘောထားပြီး ဒီလိုလုပ်ပါလားဟင်...တန်ခူး ဒီဖိနပ်ကို ယူသွားပြီး အခု တစ်သောင်းပေးခဲ့ပါ့မယ်။ လိုတဲ့ငါးထောင်အတွက် တန်ခူး ဖုန်းကို အစ်မ ယူထားလိုက်ပါ။ ပိုက်ဆံ ငါးထောင် လာပေးမှပဲ တန်ခူး ဒီဖုန်းကို ပြန်ယူမယ် အစ်မ"

"ဟာ...မဟုတ်တာ ညီမလေးရယ်...အစ်မ ညီမလေး ဖုန်းကို ယူမထားပါဘူး။ ညီမလေး ဖိနပ်ကို ယူသွားလိုက်လေ။ ကျန်တဲ့ငါးထောင်ကို မနက်ဖြန်မှ ဝင်ပေးပါ။ ရပါတယ်ကွယ်"

"ရှင်"

"ညီမလေးက ဟိုမိဘမဲ့ဂေဟာလေးမှာ ကလေးတွေကို စာသင်ပေးနေတဲ့ ဆရာမလေးမဟုတ်လား"

"ဟုတ်ပါတယ် အစ်မ...တန်ခူးနာမည်က မေတန်ခူးပါ"

ဆိုင်ရှင်အစ်မက ခေါင်းညိတ်ပြပြီး...

"စေတနာနဲ့ ပရဟိတလုပ်နေတဲ့ လူတစ်ယောက်က ပိုက်ဆံငါးထောင်နဲ့ ကိုယ့်သိက္ခာကိုလဲပြီး လိမ်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အကျဉ်းဆုံးစရိတ်နှင့် လှုဖြစ်လာခဲ့ရတာ။ ယခုကျ တစ်ခါမှ မရောက်ဖူးသေးသည့်နေရာများကို ရောက်ဖူးရတာမို့ ခက်ပန်အတွက် အသစ်အဆန်းတွေချည်း။

သည်တော့ ဘယ်သူနှင့်မှ ပူးပူးကပ်ကပ် မလုပ်အား။ တစ်ယောက်တည်း ကလေးလေးလို ဟိုအကောင်လေး ပြေးကြည့်လိုက်၊ သည်အကောင်လေး ပြေးကြည့်လိုက်။

သမင်လေးတွေကို စိတ်ဝင်စားသလို ငှက်ကလေးတွေ၊ ရေမြင်းကြီးတွေ၊ မြွေကြီးတွေ၊ ကျား၊ ခြင်္သေ့၊ သစ်ကုလားအုပ်··· အားလုံးကို သူမ စိတ်ဝင်စားသည်။

ဘယ်သူ့ကိုမှ သတိမထားအားဘဲ တစ်ယောက်တည်း ရသေ့တို့၏ဥယျာဉ်ကို ရောက်နေသည့် သမင်မလေးလို မျက်လုံးလေး တလက်လက်နှင့် လျှောက်သွားနေမိတာ။

နောက်လူတွေ ပါတာ,မပါတာလည်း သတိမထား။ သို့သော် နောက်မှ စစ်သွေးနှင့်မိုးသွေးမှာ သူမကိုပဲ မျက်မြည်မပြတ်ကြည့်ကာ လျှောက်လိုက်နေလျှင် ချစ်လွန်းဝတီ အမြင်ကပ်စိတ်၊ မနာလိုစိတ်တွေ တဖွားဖွား ပေါ်လာ၏။

သည်တော့ မိန်းမတို့၏ မာယာအရ ခက်ပန်သွားသည့်လမ်းနှင့် တစ်လမ်းစီဖြစ်အောင် ဖန်တီးလေတော့သည်။

ခက်ပန်သွားသမျှလမ်းနှင့် သူမက တစ်လမ်းစီ လျှောက်သွားသည်။

သည်တော့လည်း စစ်သွေးတာခွန်နှင့် ချစ်လွန်းဝတီက





တစ်လမ်း။ စိုင်းမိုးသွေးကတော့ ခက်ပန်နောက်မှ လျှောက်လိုက်သည်။

နောက်မှ ဖုန်းနှင့်ချိတ်ဆက်ကာ ကားဆီ ပြန်စုကြ၊ ဆုံကြရသည်။

ချစ်လွန်းဝတီ၏မျက်နှာမှာ မာနရိပ်တွေက အထင်းသား။

"ဒီကောင်မ···စတန့်တွေ ထွင်နေတာ။ သူ့ကိုယ်သူ ကလေးလိုလို ချွေးလိုလိုလုပ်ပြီး မြူဆွယ်နေတာ။ အရိုးခံ စပယ်ဖြူလေးပေါ့လေ···ဟင်း"

ခက်ပန်ကတော့ ချစ်လွန်းဝတီ ဖြစ်ပျက်နေတာ မသိ။ သူမ ရင်ထဲရှိတဲ့အတိုင်း အားရဝမ်းသာ···

"ကိုကိုတို့ကို ကျေးဇူးတင်တယ်ဟာ··· ငါ တစ်ခါမှ တိရစ္ဆာန်ဥယျာဉ်တို့၊ ဘာတို့ မရောက်ဖူးဘူးဟ···ရန်ကုန်တောင် ခုမှ အလုပ်လုပ်ချင်လို့ ရောက်လာရတာ။ တကယ်···တကယ် ကျေးဇူးတင်တယ်"

"သေလိုက်ပါလား···သေလိုက်၊ ဒီအရွယ်ကြီးထိ မရောက်ဖူးသေးဘူးဆိုတော့ နင်လည်း သေသင့်ပြီ။ ကမ္ဘာ့ငတုံးကြီးများအဖွဲ့ထဲသာ ဝင်လိုက်တော့"

ချစ်လွန်းဝတီက ပက်ပက်စက်စက်တွေ နှိပ်ကွပ်နေတော့ ခက်ပန် ပါးစပ်လေးဟကာ အလန့်တကြား ကြည့်၏။ ရှေ့မှ ကားမောင်းနေသည့် မိုးသွေးနှင့်စစ်သွေးတို့ ကြားနေရသည်ပါပဲ။

သူတို့သူငယ်ချင်းချင်း စကားများနေတာကို ဝင်ဟန့်တားဖို့



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

"ရတုရေ"

"ဟင်"

ရတု နန်းရဲ့ခပ်စူးစူးခေါ်သံကြောင့် နားမှ နားကျပ်ကို ဖြုတ်ပစ်လိုက်သည်။ သီချင်းနားထောင်နေလို့ အသံကို ကြားလိုက်တာမဟုတ်ပေမယ့် နန်းပါးစပ်လှုပ်တာနဲ့ ခပ်သုတ်သုတ် ဝင်လာသည်ကို မြင်နေရသည်မဟုတ်လား။

"ရတု"

"ဘာလဲ နန်း"

"ကိုမင်းမိဘတွေ ရောက်လာကြပြီ ရတု…အဲဒါ ဦးဓော်နဲ့ အန်တီခင်က နင့်ကိုခေါ်ခိုင်းလို့ ငါ လာခေါ်တာ"

"သြော်…ဟုတ်လား"

ရတုအသံက အေးစက်စက်ပါ။ ကိုယ့်ကို သိပ်ချစ်ကြတဲ့ ကိုယ့်ယောက္ခမလောင်းတွေ လာပါလားရယ်လို့ ဝမ်းသာအားရ





မရှိ။ သူမမျက်နှာက စိတ်ရှုပ်သွားဟန်နှင့်မို့…

"ရတု"

"ဟင်"

"နင့်ပုံစံကြည့်ရတာ မအီမလည်နဲ့ ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"နေကောင်းပါတယ်"

"ဒါဆို ဘာဖြစ်နေတာလဲ"

"ဟူး"

ရတု ခေါင်းကိုမော့ပြီး လေကို မှုတ်ထုတ်လိုက်မိတော့သည်။ ရတု ကိုကိုနဲ့ စေ့စပ်ရတော့မည်လေ။ စေ့စပ်တယ်ဆိုတာ အိမ်ထောင်ရေးဆိုတဲ့ ဘောင်တစ်ခုထဲကိုဝင်ဖို့ တံဆိပ်ကပ်လိုက်ခြင်းပါပဲ။ ရတု အိမ်ထောင်မပြုချင်သေးပါဘူး။ မိဘတွေက အိမ်ထောင်ပြုပြီးမှ ရတုကို လွတ်လပ်ခွင့်ပေးမည်တဲ့လေ။

ရတု ဘာလုပ်ရမလဲ။

အိမ်ထောင်ပြုပြီးမှရမယ့် လွတ်လပ်ခွင့်မျိုး ရတု မလိုချင်ပါဘူး။ ရတု လိုချင်တဲ့ လွတ်လပ်ခွင့်ဆိုတာ အပျိုဘဝနဲ့ သူများတွေလို လွတ်လွတ်လပ်လပ် သွားခွင့်လာခွင့် စားခွင့်သောက်ခွင့်ကို လိုချင်တာပါ။ အခုက လက်ထိတ်အခတ်မခံရတာကလွဲရင် ထောင်ကျနေတဲ့သူနဲ့ ဘာထူးလဲ။

ရတုက…

ထောင်သားတွေမှာမရှိတဲ့၊ မရနိုင်တဲ့၊ မစားနိုင်တဲ့အရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ရတုက ရှိ၊ရ၊စားနိုင်ခွင့်လေး ပိုတာကလွဲရင် ထောင်သား တစ်ယောက်ဘဝနှင့် အတူတူလိုပါ။

"နန်း"

"ပြောလေ…နှင် ဘာပြောမလို့လဲ"

"ငါ နှင့်ဘဝကို အရမ်းအားကျတာပဲ…သိလား"

"ဟင်"

"နှင်က ငါ့ထက် လွတ်လပ်ခွင့်အများကြီး ပိုရတယ်။ လူ အများနဲ့ ရင်းနှီးပတ်သက်ခွင့်ရတယ်လေ။ ငါ့မှာတော့"

စကားကိုဖြတ်ပြီး ရတု ခေါင်းခါမိလေသည်။ ကိုယ့်ဘဝ ကိုယ်တွေးကြည့်ရင် ငိုချင်တာ တကယ်ပါ။

"ဒါကတော့ ရတုရယ်…တို့တွေအားလုံးက ကံဇာတ် ဆရာ ကြိုးဆွဲရာ ကနေကြရတာပါ။ အရာရာမှာ ကံကို ချည်းပဲ ပုံချလို့မရပေမယ့် ဘဝဟောင်းက ပြုဖူးတဲ့ ကုသိုလ်၊ အကုသိုလ်တွေရဲ့အဆက်က ဘယ်သူ့ကို ဘာဖြစ်စေဆိုတာ သတ်မှတ်လိုက်ပြီးသားပါ။ ကိုယ် ဖန်တီးတဲ့ကြမ္မာဆိုတာကို သတိနဲ့ ရှောင်ကြဉ်လို့ရပေမယ့် ကံဆိုတာက ရှောင်လွဲချင်လို့မှ မရတာ"

"အဲဒီကံဆိုတာကြီးကို ငါ အရမ်းမုန်းတယ်ဟာ"

"ရတု"

"ငါ အိမ်ထောင်မပြုချင်သေးဘူး နန်း…အပျိုဘဝနဲ့ လွတ်လွတ်လပ်လပ် နေကြည့်ချင်သေးတယ်"





"ဟူး"

နန်းလည်း လေကို မှုတ်ထုတ်ပြီး ခေါင်းခါလိုက်မိသည်။ တုကို ကိုယ်ချင်းစာသည်လေ။ တစ်ဦးတည်းသောသမီးဆိုပြီး နရာတကာ အလိုလိုက်မခံရပါဘူး။ လိုချင်သမျှ ရစေရှိခဲ့ပေမယ့် ပွအခွင့်အရေးပိုင်းမှာတော့ စည်းတွေဘောင်တွေကြားမှာ ပိတ်မိ နတဲ့သူပေါ့။

ဒါကြောင့်…

ရတုဆိုတာ လူတွေအကြောင်းကို ကောင်းကောင်းနားမလည် တဲ့ နုံနုံအအ မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့တာပါ။

"ကဲပါ ရတုရယ်…အဲဒါတွေ နောက်မှပြော။ ဟိုမှာ လူကြီးတွေ စောင့်နေကြတယ်။ သွားရအောင်နော်… လာ"

နန်းက လက်ဆွဲခေါ်လေသဖြင့် ရတု လိုက်လာခဲ့လေတော့ သည်။ နန်းက နှင့်မျက်နှာကို မြင်ဦးဆိုတာနဲ့ အတတ်နိုင်ဆုံး ပြုံးနိုင်အောင်လည်း ကြိုးစားရသေး။ လူအများ အားကျဂုဏ်ယူ နေတဲ့ ရတုဘဝက အဲဒီလိုပါလေ။

"ဟော…ဟိုမှာ လာပြီ"

"သမီးလေး"

ရတုကိုမြင်တာနဲ့ ယောက္ခမလောင်းကြီး ဒေါ်မာမာကြည်က အပြုံးနှင့် နှုတ်ဆက်လေသည်။ ရတု မင်းစိုးစံနဲ့ သေားချင်းကပ်မှာ ဝင်ထိုင်လိုက်လေတော့…



www.burmeseclassic.com

www.burmeseclassic.com



"ခင်"

"ဟင်…ပြောလေ…မာ"

"တွေ့လား…သားနဲ့သမီး ယှဉ်ထိုင်နေတာ။ နေနဲ့လ ရွှေနဲ့မြလိုပဲ လိုက်ဖက်လိုက်တာ"

"ဟုတ်တာပေါ့ မာရဲ့…ရုပ်၊ ပညာ၊ ဥစ္စာ ဘာမှပြောစရာ မလိုအောင်ကို လိုက်ဖက်ညီတာ။ သမီးလေးကိုလေ ခင့်မှာ စိတ်မချနိုင်ဘူး…သိလား။ သူ့အတွက် မြန်မြန် စိတ်အေးချင်လှပါပြီ"

"စိတ်အေးရတော့မှာပါ ခင်ရဲ့…သားက တစ်ခါတည်း တောင် လက်ထပ်ချင်နေတာ။ သမီးလေးကို ငဲ့နေလို့သာ ပေါ့"

"ကိုဗလရေ"

"ဗျာ…ကိုစံမင်း"

"သူတို့ပဲပြောနေတာ ကတွတ်က ရေလွှတ်ပဲ။ ကျွန်တော် တို့ ဘာပြောရမလဲဗျာ"

"ဘေးထိုင်ဘုပြော လုပ်ရကောင်းမလားပဲ"

"ဘာ"

ဦးဗလဇော်စကားကြောင့် ဒေါ်ခင်ဝင်းနီ နှုတ်မှ 'ဘာ'ဆိုတဲ့ အသံ ထွက်လာပြီးနောက်…

"ပြောရဲပြောကြည့်လေ…ဘေးထိုင်ဘုပြောဆိုတာ ဘာလဲ မသိလို့ ပြောကြည့်လိုက်ပါလား"





"အဟဲ…မပြောရဲပါဘူးဗျာ"

"ဟား…ဟား…ကိုဗလကတော့ နားရွက်ဆွဲခံရမှာ ကြောက်တာလား…ခေါင်းခေါက်ခံရမှာ ကြောက်တာ လား မသိဘူးဟေ့"

"ကိုစံမင်းက မကြောက်ဘူးလား"

ဦးစံမင်း ဇနီးချောမျက်နှာကို လှည့်ကြည့်လေတော့ မျက်စောင်းထိုးတာကို မြင်လေလျှင်…

"အဟဲ…ကြောက်တယ်လို့"

အားလုံး ရယ်မိကြလေသည်။ နှန်းကတော့ ရယ်လိုက်တာမှ ကလေးတစ်ယောက်လို ခိုးခိုးခစ်ခစ်ပါပဲ။ ရတုကတော့ ပြုံးရုံ နှင့်သာ မင်းစိုးစံမျက်နှာကို ငဲ့ကြည့်မိလေတော့ အားမကျဘူးလား လို့ မေးလိုက်သလိုမျိုး မျက်စပစ်ပြလေသည်။ သိပေမယ့်…

"ဘာလဲ"

"အားမကျဘူးလား"

"မကျဘူး"

မာဆတ်ဆတ်အသံနှင့် ပြောလိုက်ပေမယ့် ရင်ထဲက မပါ ဘူးလို့ သတ်မှတ်ကာ အားလုံး အပြုံးမပျက်ကြပေ။ ဒီမာဆတ် ဆတ်အသံလေးက ချွဲနွဲ့လိုခြင်းသဘောဆောင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

မိုင်း ထမင်းအိုးတစ်လုံး တည်ထားပြီး ဘာချက်ရမယ်ဆိုတာ စဉ်းစားလို့မရပေ။ မနက်က ဟင်းတွေ ညစာအတွက်ပါ ချက်ထားခဲ့တာ။ ဟိုဘက်အိမ်က ကလေးနှစ်ယောက် ဗိုက်ဆာလို့ တကျိကျိ ပြောနေသံကြားတာနှင့် မိုင်း သနားလို့ ခေါ်ကျွေးလိုက်တာပါ။ ကလေးတွေရဲ့အဖေက အရက်သမားလေ။

သူ့ အလုပ်လုပ်လို့ရတာနှင့် သူသောက်တာ ကုန်နေတာ။ အိမ်က မယားကတော့ ကလေးတွေ မစားရမှာစိုးလို့ အပြင်ထွက်ကြံ့ရာကျပန်းလုပ်နေရတော့ ကလေးတွေကို အချိန်မီအခါမီ ထမင်းမကျွေးနိုင်ရှာပေ။

ဟူး…

ကျွေးပြီးမှတော့ နှမြောမနေတော့ပါဘူး။ တော်ကြာ ကုသိုလ်မရ ဖြစ်နေဦးမယ်။ ဆိုင်မှာပဲ ဟင်းသွားဝယ်မှပါဆိုပြီး ထွက်လာခဲ့တော့သည်။





"မိုင်း"

"………"

"မိုင်း"

"ဟင်"

မိုင်း လှည့်ကြည့်လိုက်တော့ နောက်ကနေ ခပ်သွက်သွက်လိုက်လာတာ တန်ခူးပါ။

"တန်ခူး"

"နင် ဘယ်သွားမလို့လဲ"

"ငါ ဟင်းသွားဝယ်မလို့ဟ"

"ဘာဟင်းဝယ်မလို့လဲ"

"မသိသေးဘူးဟ…ဆိုင်ရောက်မှပဲ ကြည့်ဝယ်ရမှာ။ တော်ကြာ အဖေ ပင်ဖင်ပန်းပန်းက ပြန်လာရင် ဗိုက်ဆာ ချင်ဆာလာမှာ။ ငါက အကြောင်းမဟုတ်ဘူး"

"နင်ကလည်း ဦးသက်က ကလေးမှ မဟုတ်တာ။ ဗိုက်ဆာရင် တစ်ခုခု ဝယ်စားမှာပေါ့"

"ကဲပါ…ဝယ်မနေနဲ့၊ အိမ်မှာ ပုစွန်ဆီပြန်ချက်တယ်။ ပြီးတော့ ချဉ်ရည်ဟင်းနဲ့ ငရုတ်သီးထောင်း၊ အဲဒါ လိုက်ယူ"

မိုင်း တန်ခူးကို ပြန်ငေးကြည့်လိုက်မိသည်။ မိုင်းက ချဉ်ရည်ဟင်းနဲ့ ငရုတ်သီးထောင်းဆို သိပ်ကြိုက်တာလေ။ အသံကြားတာနဲ့ သွားရည်တောင်ကျချင်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်…

"ကောင်းသားပဲ…ဟဲ…ဟဲ…ဒါနဲ့ နှင်ရော ဘယ်သွားမလို့လဲ"

"ဒေါ်ကြည်တို့အိမ်မှာ ပိုက်ဆံသွားတောင်းမလို့ပါ"

"ဒါဆို ငါပါလိုက်မယ်"

"သဘောပဲ"

နှစ်ယောက်သား ဆက်လျှောက်လာခဲ့ကြသည်။ သူတို့နှစ်ယောက်ကို အချို့က သို့လော သို့လော ပြောကြပေမယ့် တန်ခူးရော မိုင်းရောက ဂရုမစိုက်ကြပေ။ တစ်နေ့ အဖြေမှန်ပေါ်လာလိမ့်မယ်ဆိုပြီး သွားမြဲ စားမြဲ တွဲမြဲပါ။ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပဲလေ။ လိုရာဆွဲတွေးပြီး ထင်ကြေးနဲ့ ပြောကြမှာပါပဲ။

မယုံစောင့်ကြည့်၊ တစ်နေ့ အဲဒီနှစ်ယောက် ငြိကိုငြိကြလိမ့်မယ်ဆိုတာတွေ။ ဂရုမစိုက်ပါဘူး။

"မိုင်း"

"ဟင်"

"နှင့်ကို ရတုက သူ့စေ့စပ်ပွဲလာဖို့ ဖိတ်ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်…နှစ်ယောက်စလုံးက ဖိတ်တာ"

"နှင် သွားမှာလား"

"သွားတော့ သွားချင်တယ်ဟ…မသွားလည်း မသွားချင်ဘူး။ ငါ ခံစားနိုင်ပါ့မလားမသိဘူး"





"မိုင်းရယ်"

နှင်က စေ့စပ်လုဆဲဆဲ မိန်းကလေးကိုမှ စွဲလမ်းတမ်းတနေရသလားလို့ အပြစ်မတင်ချင်ပါဘူး။ မိုင်းရင်ထဲမှာ ဖြစ်တည်နေတာ အချစ်လား၊ သံယောဇဉ်လား တဒင်္ဂ ရူးသွပ်မှုလားဆိုတာ တိတိကျကျမှ မသိရတာ။ ပြီးတော့ ကိုယ်တောင် မိုင်းက ကိုယ့်ကို မချစ်မှန်းသိသိနဲ့…

ကိုယ်က တစ်ဖက်သတ်ရူးသွပ်ပြီး အရာရာ ဖြည့်ဆည်းပေးနေချင်သေးတာပဲ။ ကိုယ်ချင်းစာမိပါသည်။ အချစ်ဆိုတာ..

ပေးဆပ်ခြင်းလား။

ရယူပိုင်ဆိုင်ခြင်းလား။

ဒါမှမဟုတ် အပေးအယူ မျှတခြင်းလား။ တိတိကျကျအဓိပ္ပာယ်ဖွင့်ဆိုလို့ မရပေမယ့် ကိုယ့်အတွက်ကတော့ ပေးဆပ်ခြင်းသက်သက်သာ။

"မိုင်း"

"ပြောဟာ"

"နှင်ကလည်း စိတ်မရှည်သံကြီးနဲ့။ ငါက အကောင်းပြောမလို့ဟာကို"

"ပြောလေ…ငါကလည်း အကောင်းထူးတာကို"

တန်ခူး မျက်စောင်းထိုးလိုက်မိသည်။ တွေ့လိုက်ရင် စကားပြောရတာ အဆီအငေါ်မတည့်။ မတွေ့ရပြန်တော့လည်း မနေနိုင်ဘူးလေ။ ဒါကတော့ တန်ခူးတင် မဟုတ်ပါဘူး။ မိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



တန်ခူးကို နှစ်ရက်လောက် မတွေ့မမြင်ရရင် မနေတတ်ဘူးတဲ့။

"နင်...စေ့စပ်ပွဲကို မသွားတာကောင်းလိမ့်မယ် မိုင်း"

"ဘာဖြစ်လို့လဲ"

"ငါ ပွင့်ပွင့်လင်းလင်းပဲ မေးမယ်နော်။ နင် မှန်မှန်ဖြေ"

"အေးပါ"

"နင် ရတုကို ချစ်နေတာလား မိုင်း"

မိုင်း ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ မိုင်း ရပ်လိုက် တော့ တန်ခူးလည်း ရပ်လိုက်သည်ပေါ့။ ကိုယ့်အပေါ် အစစအရာ ရာ ဂရုစိုက်ပြီး အနစ်နာခံတတ်တဲ့ တန်ခူးရှေ့မှာ မိုင်း အမှန် အတိုင်း ပြောသင့်ပါသလား။ မပြောပြန်ရင်လည်း တန်ခူးကို မျှော်လင့်ချက်ပေးသလို ဖြစ်ဦးမလား မသိပေ။

ကိုယ်က သူ့လို မတုံ့ပြန်နိုင်ရင် မျှော်လင့်ချက်မပေးတာ အကောင်းဆုံးထင်ပါရဲ့။ ယောက်ျားပဲလေ အမှန်ကို ဝန်ခံရဲရမှာ ပေါ့။

"ဖြေလေ မိုင်း"

"ဟုတ်တယ်...ငါ သူ့ကို ချစ်မိနေတယ်ထင်တယ် တန်ခူး။ သူ့ကို စတွေ့လိုက်ပြီးကတည်းက အချိန်တိုင် လိုလို သတိရနေမိတယ်။ မြင့်မြင့်ချင်း ချစ်မိတယ်ဆို စကားကို ငါ လက်မခံခဲ့တာ နင် သိပါတယ်။ အ ကိုယ်တိုင် ကြုံလိုက်ရတော့ ကျောင်းတုန်းကသူငယ်ချ တွေ ပြောပြရင် ဟားမိတဲ့ ငါ့ကိုယ်ငါ ခွင့်မလွှတ်ချင်ဘ





ဟာ။ ပြီးတော့ ငါ ပြောခဲ့ဖူးတဲ့ သူငယ်ချင်းတွေကို အားနာမိတယ်"

မိုင်းပြောတာ အမှန်ပါ။ ကျောင်းသားဘဝကဆိုရင် မိုင်း သူငယ်ချင်းတွေက ဘယ်ကောင်မလေးကိုတော့ ငါ ကြွေနေပြီ ကွာ၊ မြင်မြင်ချင်းကို ချစ်မိသွားတာလို့ ပြောရင် မိုင်းက ဟားတတ်သူ။

"မြင်မြင်ချင်း ချစ်မိသွားတယ်...ဟုတ်လား။ မဖြစ်နိုင်တာ ကွာ...သူနဲ့ကိုယ် ရှေ့ဘာဆက်ဖြစ်မလဲ မသိနိုင်ဘဲ အမှတ်မထင် တစ်ခါဆုံမိတာနဲ့ ချစ်ရအောင် အချစ် ဆိုတာ အခုမျိုးစေ့ချ အခု အပင်ထပေါက်တဲ့အရာမှ မဟုတ်တာကွ။ မျိုးစေ့တစ်ခုတောင်မှ ဘယ်မျိုးစေ့မှ ချချချင်း ချက်ချင်း ထမပေါက်ဘူး"

"ဟ...အချစ်က မျိုးစေ့ချရတာမှ မဟုတ်တာကွ။ လှတာ မြင်လို့ ရင်ခုန်တယ်။ အဲဒီအလှကို မွေ့မရတာ အချစ် မဟုတ်ဘူးလား။ သိပ္ပံဘုရင်က သက်သေနော် ဟေ့ကောင်"

"သွားစမ်းပါကွာ...အဲဒါ အယောက်တစ်သောင်းမှာ တစ်ယောက်တောင် မနည်းရှိရတာ။ မင်းတို့ကောင်တွေ လေကို မဝယ်ရတိုင်း လျှောက်ပြောမနေကြစမ်းပါနဲ့"

အဲဒီလို...အဲဒီလို ပြောတတ်ခဲ့သူဟာ မိုင်းပါပဲ။ အခု ကိုယ်တိုင် ကြုံလိုက်တော့ အဲဒီစကားတွေအတွက် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြေးသတိရမိပြီး အားနာလိုက်တာ။

"မိုင်း"

"အင်း…ပြော"

"ငါ နင့်ကို ဘာလို့မသွားစေချင်တာလဲ သိလား"

"ငါ သိပါတယ်။ နင် ရတုကို မနာလိုလို့ မဟုတ်လား"

"ဘာ"

တန်ခူး ခြေလှမ်းတွေ ရပ်တန့်သွားပြီး မိုင်းကို ခပ်စူး ကြည့်လေသည်။ မျက်နှာလေးကလည်း တင်းကနဲ ဖြစ်သွားေ တော့၏။ ဒါ စေတနာကို စော်ကားတာ။

"ငါ့ပုံစံက အဲဒီလိုပုံ ပေါက်နေသလား မိုင်း"

"ဟုတ်တယ်…အဲဒီပုံစံ ပေါက်နေတာ"

မိုင်း တမင်စလိုက်တာပါ။ ဒါမေမဲ့ သူ့ရဲ့စနောက်ခြင်းဖ တန်ခူးရင်ကို နာကျင်စေသည်လေ။

"တော်ပြီ မိုင်း…ငါ နောက်ထပ် နင့်အပေါ် စေတ မထားမိအောင် ကြိုးစားမယ်"

"ဘယ်လို"

"ကြားတဲ့အတိုင်းပဲ"

"ဒါဆို ဟင်းမပေးတော့ဘူးလား"

တန်ခူး ဘာမှပြန်မပြောတော့ဘဲ မိုင်းရှေ့ကနေ ခြေလှမ်း များနှင့် ထွက်လာခဲ့တော့သည်။

"ဟာ…တန်ခူး"





တန်ခူး လှည့်မကြည့်တော့ပေ။ ကိုယ့်ရင်ထဲက အချစ် ဆိုတာကို မမြင်ချင်နေပါစေ။ လူမသိ သူမသိ ကျိတ်ငိုပြီး ခံြသိမ့်လို့ ရနိုင်ပါသေးသည်။ အခုတော့ ကိုယ့်စေတနာမေတ္တာ တွကို စော်ကားခံလိုက်ရတာ။ ကျလာတဲ့မျက်ရည်ကို နင် မမြင် ရဘူး မိုင်း။

"တန်ခူး…နေဦးလေဟာ"

တန်ခူး မျက်ရည်ကို သုတ်လိုက်ပြီး…

"နင် ပြန်တော့…မိုင်း၊ ငါ့နောက်ကို ဆက်မလိုက်ခဲ့နဲ့ တော့။ အိမ်ကပဲ စောင့်နေပါ"

ပြောပြီး တန်ခူး မပြေးရုံ ခြေလှမ်းများနှင့် ဆက်လျှောက် ပြီး ဒေါ်ကြည်တို့အိမ်ထဲသို့ ဝင်ခဲ့တော့သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

မဖြစ်နိုင်ဘူးရယ်လို့ မေ့နိုင်အောင် ကြိုးစားရင်းပဲ သတိရ
မိတာ ဘယ်လိုလုပ်ရမလဲ။ မိုင်း ရတုရဲ့စေ့စပ်ပွဲကို မသွားဖြစ်ပေ
ကိုယ်မသွားလည်း ရတု မျှော်နေမှာမှ မဟုတ်ပဲလေ။ တွေးရင်းနဲ့
လှမ်းလာတဲ့ ခြေလှမ်းတွေက လေးတီလေးတွဲပါ။

"တီတီ…တီတီ"

"………"

"တီတီ"

"ဟင်"

ကားဟွန်းတီးသံကြောင့် မိုင်း လှည့်ကြည့်လိုက်တော့
ကားက သူ့ဘေးအနားမှာ ရပ်သွားလေသည်။ ကားပေါ်က
ဆင်းလာသူကတော့…





"ခေတ်သမိုင်း"

"ဟာင်…ရတု"

ရတုအကြောင်း တွေးနေရင်းပဲ ရတုကို မြင်လိုက်ရတော့
မိုင်း အံ့လည်းအံ့သြ၊ ဝမ်းလည်းဝမ်းသာသွားလေသည်။

"ရတု"

"ဘယ်သွားမလို့လဲ ခေတ်သမိုင်း"

"ထုံးစံအတိုင်းပေါ့ ရတု…စာသွားသင်ရမယ်လေ"

"ဩော်…ဟုတ်လား၊ ဒီလိုပဲ နေ့တိုင်း ခြေကျင်လျှောက်
သွားတာလား…ဟင်"

"မဟုတ်ပါဘူး…နေ့တိုင်းက စက်ဘီးနဲ့သွားတာလေ။
ဒီနေ့ စက်ဘီးက နေမကောင်းလို့ ဆေးရုံတင်ထားရတယ်
ရတုရဲ့"

"ဘယ်လို…စက်ဘီးက ဆေးရုံတင်ထားရတယ်…
ဟုတ်လား"

ရတု နားမလည်သလိုလေးမေးတော့ မိုင်း ရယ်လိုက်မိ
သည်။ မျက်လုံးလေး ပြူးတီပြူးကြောင်နှင့် မေးလိုက်တဲ့ ရတု
ပုံစံက တကယ့်ကို ဘာမှမသိနားမလည်တဲ့ ကလေးပေါက်စလေး
ပုံစံမျိုးပါ။

"စက်ဘီးက ပျက်လို့ စက်ဘီးပြင်ဆိုင် ပို့ထားရတယ်လို့
ပြောတာ ရတုရဲ့"

"ဩော်…ရတုက သိမှမသိတာ ခေတ်သမိုင်းရဲ့။ ဟိုလေ



www.burmeseclassic.com

www:burmeseclassic.com



ခေတ်သမိုင်းနဲ့ ရတု ခဏလောက် အေးအေးဆေးဆေး စကားပြောချင်တယ်…ရမလား။ ပြီးရင် ရတု လိုက်ပို့ပေးမယ်လေ”

“ရပါတယ်”

ပြောပြီး မိုင်း ကားထဲသို့ လှမ်းကြည့်လိုက်မိသည်။ ရတုကို သူ တွေ့လိုက်တိုင်း အဖော်နဲ့လေ။ ဒါကြောင့် အစ်ကို ဒါမှမဟုတ် နန်း ပါလာသေးလားလို့ ကြည့်လိုက်မိတာပါ။ အခု ကားထဲမှာ ဘယ်သူမှ မရှိပေ။

“ဒီတစ်ခါ ရတုတစ်ယောက်တည်း လာတာလား”

“ဟုတ်တယ် ခေတ်သမိုင်း…အခု တစ်ယောက်တည်း သွားခွင့်လာခွင့်ရပြီလေ။ ဒါပေမဲ့ အမြဲတော့ မဟုတ်ဘူး။ ရံဖန်ရံခါမှပါ”

“ဪ”

“ဒီလောက်ကလေး လွတ်လပ်ခွင့်ရဖို့ကို ဘဝနဲ့ လဲယူရတာပဲ ပြောပါတော့”

“ဟင်…ဘယ်လို ရတု”

ရတုရဲ့လေသံက တိုးလျလျဖြစ်နေပြီး မျက်ဝန်းရဲ့အရောင်က မှိန်ဖျော့နေသည်။ ဒီလောက်ပြည့်စုံတဲ့ဘဝမှာ သူ့အတွက် ဘာလိုအပ်ချက်တွေများ ရှိနေသေးလို့ပါလိမ့်။

“တကယ်တော့ ရတု အိမ်ထောင်မပြုချင်သေးဘူး ခေတ်သမိုင်းရယ်…အခုတော့ လွတ်လပ်ခွင့်ကို





အိမ်ထောင်ပြုခြင်းနဲ့ အလျော်အစားအဖြစ် လဲယူရသလို ပါပဲ။ အဲဒီလိုမှ လဲမယူရင်လည်း ရတုဘဝက လှောင်ချိုင့်ထဲက ငှက်တစ်ကောင်ဘဝနဲ့ အတူတူပဲလေ”

“…………”

“ရတုက သူများတွေလို လွတ်လွတ်လပ်လပ် နေကြည့်ချင်တာ။ ဒါပေမဲ့ ရတုမှာ အဲဒီအခွင့်အရေး မရှိခဲ့ပါဘူး။ အခု လွတ်လပ်ခွင့်ပေးပြန်တော့ မကြာခင် လက်ထပ်ရတော့မယ့် မိန်းမအဖြစ် တံဆိပ်ကပ်ပြီးသားလေ။ တကယ် ရတု လိုချင်တာက ဒီဘဝနဲ့ လွတ်လပ်ခွင့်တော့ မဟုတ်ဘူးပေါ့။ သူများတွေ အားကျနေတဲ့ ရတုဘဝရဲ့ ပြီးပြည့်စုံခြင်းက အဲဒီလိုလေ။ ရတု ခံစားချက်ကိုကျတော့ ဘယ်သူမှ နားမလည်ကြဘူး ခေတ်သမိုင်းရဲ့”

မိုင်း ရတုမျက်နှာကို ငေးကြည့်မိသွားလေသည်။ ရတု နှုတ်ခမ်းပေါ်က မဲ့ပြုံးတစ်ချက်က နာကျင်မှုတွေကို ဖော်ညွှန်းပြနေသလိုပါပဲ။ သူများတွေ အားကျနေတဲ့ ပြည့်စုံသောဘဝတဲ့။ ဟုတ်တာပေါ့။ အရာရာ ပြီးပြည့်စုံတဲ့ဘဝဆိုတာ ဘယ်ရှိနိုင်မှာလဲ။ တစ်ခုခုကိုတော့ အလိုမကျဖြစ်နေမှာပဲလေ။

ဒါကို…

အရာရာ ပြည့်စုံတယ်လို့ ခေါ်မလား။ သူမသည်လည်း သူ့ခံစားချက်နဲ့သူပဲပေါ့။

“ရတု”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရတု စေ့စပ်ရတာ မပျော်ဘူးလားဟင်"

ရတု ခေါင်းလေးခါပြကာ…

"မပျော်ဘူး ခေတ်သမိုင်း"

"ဘာဖြစ်လို့လဲ ရတု၊ ရတုနဲ့ အစ်ကိုက ချစ်သူတွေမဟုတ်ဘူးလား။ ကိုယ့်ချစ်သူနဲ့ စေ့စပ်ရတာကို ရတု ဘာလို့ မပျော်တာလဲ"

"အချစ်ဆိုတာ ဘာလဲ ခေတ်သမိုင်း"

"ဟင်"

မိုင်း ကြောင်သွားလေသည်။ အချစ်ဆိုတာ ဘာလဲတဲ့။ အချစ်ကို တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သူမှ မရှိဘဲလေ။ မိုင်းက ဘယ်လိုဖြေနိုင်မှာတဲ့လဲ။ ကိုယ့်အယူအဆ ကိုယ့်ခံယူချက်က သူများနဲ့ တူမှာမှမဟုတ်တာ။

"နှလုံးသားရှိသူတိုင်း အချစ်ဆိုတာကို ခံစားတတ်ကြပေမယ့် ရတုက လှောင်ချိုင့်ထဲက ငှက်တစ်ကောင်လေ။ ပတ်ဝန်းကျင်နဲ့ ရင်းနှီးပတ်သက်ခွင့်မရှိမှတော့ အချစ်ကို ဘယ်လို တွေ့ရှိခံစားတတ်မှာတဲ့လဲ"

"ဒါ…ဒါဆို ရတုက အစ်ကို့ကို မချစ်ဘူးလား"

"ရတု ကိုကို့ကို သံယောဇဉ်ရှိပါတယ်။ အစ်ကိုတစ်ယောက်လို ချစ်တာလား၊ ချစ်သူလို ချစ်တာလားတော့ မသိဘူး။ ချစ်တော့ချစ်တယ်။ ဒါပေမဲ့ လက်ထပ်ဖို့ကျတော့ ရတု





လက်မခံနိုင်သေးဘူး ဖြစ်နေပဟ"

"ရတုရယ်…"

မိုင်း ရတုစိတ်ကို နားလည်သလိုလို နားမလည်သလိုနှင့် ပြောစရာစကားလုံးက ရှာမရပေ။ တကယ်ချစ်တယ်ဆိုရင် ကိုယ့်ချစ်သူနဲ့ အတူတူ မနေချင်တဲ့သူ ရှိပါ့မလား။ အချို့က အခြေအနေအမျိုးမျိုးကြောင့် မလွဲသာလို့ ခွဲခွာနေကြရတာပါ။

ရတုတို့နှစ်ယောက်က…

သူတို့အတွက် ဘာတွေများ လိုအပ်နေဦးမှာမို့လို့လဲ။

"အဲဒါတွေ ထားလိုက်ပါတော့ ရတုရယ်…ကိုယ် ရတုကို ပျော်စေချင်တယ်။ အဲဒါ မှန်သောစကားပါ"

"ဟင်"

ရတု မိုင်းကိုကြည့်လိုက်တော့ မိုင်းကလည်း သူမကို ပြန်ကြည့်နေတာ တွေတွေငေးငေးလေးပါ။ တွေ့ဖူးတာ တစ်ခါ၊ နှစ်ခါ မဟုတ်တော့ဘူးဆိုတော့ မျက်ဝန်းတွေက ရင်းနှီးနေတာ ဆန်းပါဘူး။ ဒါပေမဲ့ မိုင်းရဲ့မျက်ဝန်းထဲမှာ ဘယ်လိုအဓိပ္ပာယ်တွေ ကပ်ငြိနေပါသလဲ။ ရတု သေသေချာချာ မသိပေမယ့် မိုင်း အကြည့်ကြောင့် ရင်ထဲမှာ နွေးထွေးသလို ခံစားရပါသည်။

အဲဒီခံစားမှုကရော ဘာဖြစ်တာလဲ။

အခု တဒင်္ဂအတွင်းမှာ ဖြစ်တည်သွားတဲ့ ဒီခံစားမှုလေးကို ရတု နှစ်သက်မြတ်နိုးမိပါသည်လေ။

"ခေတ်သမိုင်းက ရတုကို တကယ်ပဲ ပျော်စေချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



မိုင်း ခေါင်းညိတ်ပြလိုက်ပြီး ပါးစပ်ကလည်း···

"တကယ်ပါ ရတု···ရတု ပျော်မယ်ဆိုရင် ကိုယ် ဘာမဆို လုပ်ပေးချင်ပါတယ်"

"ကျေးဇူးပါ ခေတ်သမိုင်း···ဒါဆို ခေတ်သမိုင်းနဲ့ ရတု သူငယ်ချင်း လုပ်ကြမယ်လေ။ ရတုကို ပျော်အောင် လုပ်ပေး···ဘယ်လိုလဲ"

ရတု မျက်နှာပေါ်က နာကျင်ကြေကွဲရိပ်တွေ···အခုတော့လည်း ပိန်းရွက်ပေါ် ရေမတင်သကဲ့သို့ ရုတ်ခြည်းပင် လျှောကျပျောက်ကွယ်သွားလေသည်။ တကယ့်ကို ပန်းကလေးတစ်ပွင့်လို ညှိုးလွယ်လန်းလွယ်လေးပါလား။ မိုင်း ခေါင်းညိတ်ပြလိုက်တော့ ဟန်မဆောင်စွာဘဲ ရယ်လိုက်တာ သွားတန်းညီလေးတွေ ပေါ်တဲ့အထိပါ။

"ကိုယ် ကတိပေးပါတယ် ရတု"

"ဒါဆို ခေတ်သမိုင်း ဖုန်းနံပါတ် ရတုကို ပေးလေ။ ဒါမှ ဖုန်းဆက်လို့ရမှာ"

"ရတု Viber သုံးလား။ Facebook ရော သုံးလား"

"ဖုန်းဆက်ရုံကလွဲပြီး ရတု ဘာမှ သုံးခွင့်မရှိပါဘူး ခေတ်သမိုင်းရယ်"

"ဒါဆို ကိုယ် ထည့်ပေးလိုက်မယ်လေ။ လူကြီးတွေမသိအောင် သုံးပေါ့ ရတုရဲ့။ ကိုယ်တို့ Viber ကဖြစ်ဖြစ် Facebook ကဖြစ်ဖြစ် စာပို့ပြီး စကားပြောကြမယ်လေ။





ရယ်စရာတွေ ပြောကြတာပေါ့"

"အခုတော့ ခိုးမသုံးဘဲ ဖြောင့်သုံးလည်း ရမယ်ထင်ပါတယ်။ ရတု လွတ်လပ်ခွင့်ရပြီပဲလေ"

သြော်···မိုင်းလို ဆင်းရဲသား ငမွဲတောက ကျိုကျိုတက်ချမ်းသာနေတဲ့ ရတုဘဝကို သနားနေမိသည့်အဖြစ်ပါလား။ သူ့ခမျာ လူငယ်တွေ ရသင့်ရထိုက်တဲ့ လွတ်လပ်ခွင့်အားလုံးကို တားဆီးပိတ်ပင်ခံထားရတာလေ။

"ဒါဆို ရတု ဖုန်းပေး"

ရတုက ဖုန်းလေး ထုတ်ပေးလေတော့ မိုင်း Viber ရော Facebook ရော ထည့်ပေးလိုက်လေသည်။ ပြီးတော့ သုံးနည်းပါ တစ်ခါတည်း သင်ပြပေးလိုက်၏။

"ကျေးဇူးပါ ခေတ်သမိုင်းရယ်"

"အင်း···ကြော်စားမယ်"

"ဟင်···ဘာကိုလဲ"

"ရတုတင်တဲ့ ကျေးဇူးကိုလေ"

"ဟာ···ရတုက အကောင်းမှတ်လို့ နားထောင်နေတာ"

နှစ်ယောက်သား ရယ်လိုက်ကြလေသည်။ ဒီတစ်ခါ ရတုရဲ့ ရယ်မောခြင်းက ပေါ့ပါးလွတ်လပ်စွာ။ သူမ ဘာကြောင့်ပျော်မိတာလဲမသိ။ ပျော်တာကတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

"ခစ်…ခစ်…ခစ်"

ရတုရဲ့ရယ်သံလွင်လွင်လေးက ကမ္ဘာတစ်ခုလုံးကို လွှမ်းခြုံပျံ့နှံ့သွားသလိုပါ။ ထို့ကြောင့် မိုင်း အမြင်အာရုံထဲမှာ အရာအားလုံး မြင်မြင်ရသမျှ လှပနေသည်သာ။ ကလေးတွေနဲ့ ကစားနေတာလေ။ မိုင်း မျက်စိကို ပဝါအုပ်ပြီး မိုင်း လိုက်ရသည့် အလှည့်မှာတော့…

"ဟိတ်"

"ဆရာ…ဆရာ…သား ဒီမှာ"

"ဆရာ့အစား သား လုပ်မယ်"

"ရတယ်…ငါ့ဘာသာ လိုက်မှာပေါ့ကွ"

ကလေးတွေလည်း ပျော်နေကြသည်။ သူတို့ကို စာသင်ပေးနေတဲ့ ဆရာရော မမလှလှုံနဲ့ရော အတူတူ ကစားရသည့်အပြင် မုန့်တွေလည်း စားရတော့ အပျော်ကြီးပျော်နေကြသည်သာ။





"တော်ပြီ ခေတ်သမိုင်း…ရတု မောနေပြီ။ ဒီကစားနည်း မကစားချင်တော့ဘူး"

"ဆရာ မမက မကစားတော့ဘူးတဲ့"

မိုင်း မျက်လုံးမှာ စည်းထားတဲ့ ပဝါကို ဖယ်ပစ်လိုက်တော့သည်။ ရတုက ရင်ဘတ်ကလေး လက်နှင့်ဖိပြီး အမောဖြေနေလေတော့ ရတုအနားသို့ လျှောက်သွားကာ…

"တော်တော်မောသွားလား ရတု"

"အင်း…မောတယ်"

"ရေသောက်မလား"

"သောက်ချင်တယ်"

"ဒါဆို ခဏနော်"

"ဆရာ"

"ဟော"

"သား သွားယူပေးမယ်"

ပြောပြီး ဝဏ္ဏက ပြေးထွက်သွားလေသည်။ မိုင်း ဝဝါစလေးကိုခေါက်ပြီး ရတုကို ယပ်ခတ်ပေးလေလျှင်…

"ရပါတယ် ခေတ်သမိုင်းရဲ့…ခေတ်သမိုင်းရော မမောဘူးလား"

"မောတော့မောတာပေါ့…ဒါပေမဲ့ မမောပါဘူး"

"သြော်…ဒါနဲ့ ဒီနေ့ တန်ခူး မလာဘူးလားဟင်"

"တန်ခူးက ဒီနေ့မလာဘူး ရတုရဲ့…သူ့အမေ နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com





လို့လေ"

"သြော်"

နှစ်ယောက်သား ဟိုပြောဒီပြောနှင့် စကားတွေ ဖောင်ဖွဲ့နေ စဉ်မှာပဲ ဝဏ္ဏ ပြန်ရောက်လာလေသည်။ အခြားကလေးတွေက သူတို့ဘာသာ ဆက်ကစားနေကြပေမယ့် ဝဏ္ဏကတော့ မကစား တော့ပေ။ ဝဏ္ဏက အခြားကလေးတွေထက် မိုင်းကို ပိုရှိ ခင်တွယ်သူပါ။

"ဆရာ···သား ဘာလုပ်ပေးရဦးမလဲဟင်"

"ရပြီ ဝဏ္ဏ···ဘာမှလုပ်မပေးပါနဲ့တော့။ မင်း ကစားချင် သွားကစားတော့လေ"

"သား မကစားချင်တော့ဘူး ဆရာ။ ဆရာတို့ ခိုင်းချင်တာ ရှိရင် ခိုင်းလို့ရအောင် သား ဆရာတို့အနားမှာပဲ နေမယ် လေ"

သြော်···ဒီကလေးနှယ် ခက်လိုက်တာ။ ကိုယ့်ကျောင်းသား အနားမှာရှိနေတော့ လူခြွေသိက္ခာကြီးနှင့် နေရပေဦးမည်။ ကိုယ် က ရတုကို ပျော်အောင် ရယ်စရာတွေ ပြောပြချင်နေသည်လေ။ ဝဏ္ဏကိုလည်း နှင်မလွှတ်ရက်။ ဒီတော့ ရှိစေဦးတော့ပေါ့။

"ရတု"

ရတု ရေသောက်အပြီးမှာပဲ မိုင်းက ခေါ်လိုက်တော့ ရတုက ရေဘူးကို အဖုံးပြန်ပိတ်နေရင်းမှ ငဲ့ကြည့်လေသည်။

"ဒီနေ့ ပျော်လား"







"အင်း···ပျော်တာပေါ့ ခေတ်သမိုင်းရဲ့"

"ရတု ပျော်တယ်ဆိုရင် ကိုယ်လည်း ပျော်ပါတယ်။ နောက်လည်း ဒီထက်ပျော်စရာကောင်းတာတွေ ထပ်ပြီး ဖန်တီးပေးချင်ပါတယ်"

"ခေတ်သမိုင်း တကယ်ပြောတာလား"

"ဟာကွာ···ကျွတ်"

"ဟင်"

မိုင်းက ကျွတ်ကနဲလုပ်လေတော့ ရတု နားမလည်သလို မျက်လုံးပြူးလေးနှင့် ကြည့်လေသည်။

"ဘာဖြစ်လို့လဲ ခေတ်သမိုင်း"

"ဒီလောက် ရင်းနှီးနေကြပြီပဲ ရတုရယ်···ခေတ်သမိုင်းလို့ အပြည့်အစုံခေါ်နေတာ လျှာခလုတ်မတိုက်ဘူးလား"

ဒီတော့မှ ရတု ရယ်လေတော့သည်။ သူမ ဒီနေ့ တကယ် ပျော်ပါသည်။ ခေတ်သမိုင်းနဲ့တွေ့ရတာ ကံက သနားလို့ ရတု အတွက် ဖန်ဆင်းပေးလိုက်တဲ့ ပျော်တော်ဆက်ကလေးလားတော့ မသိပါဘူး။

"လျှာခလုတ်မတိုက်ပါဘူး ခေတ်သမိုင်းရဲ့···ခေတ်သမိုင်း နာမည်လေးက လှတော့ ခေါ်လို့ကောင်းတာပဲဟာ"

"ဒါပေမဲ့ အဲဒီလိုခေါ်တာ သူစိမ်းဆန်နေသလားလို့"

"ဒါဆို ဘယ်လိုခေါ်ရမလဲ"

"သူများတွေခေါ်သလို မိုင်းလို့ပဲ ခေါ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ရတု တွေကနဲ ဖြစ်သွားလေသည်။ မိုင်းဆိုတာ အန္တရာ
တစ်ခုပဲလေ။ သက်ရှိသတ္တဝါတွေကို သေစေနိုင်သော လက်နေ
တစ်ခုပါပဲ။ ခေတ်သမိုင်းက ဒီလောက် စိတ်ထားဖြူစင်ပြီး ခ
ကောင်းတာ မိုင်းဆိုတဲ့နာမည်နဲ့ မလိုက်ဖက်ပါဘူး။

ဘယ်လိုခေါ်ရင်ကောင်းမလဲ။

"ရတု"

"ဟင်"

"ဘယ်လိုလဲ···ခေါ်မှာလား"

"မိုင်းလို့တော့ မခေါ်ချင်ပါဘူး။ မိုင်းဆိုတာ အသက်
အန္တရာယ်ပြုတဲ့အရာလေ။ ခေတ်လို့ခေါ်မယ်"

"ရယ်တာလား···ခေတ်ဆိုတော့"

"အင်···အဲဒါလည်း မကောင်းဘူး။ သမိုင်း···ဟုတ်တ
သမိုင်းလို့ခေါ်မယ်"

ရတုက ခေါင်းလေးငုံ့၊ နားထင်ကို လက်ညှိုးလေးနဲ့တော
ပြီး ပြောလေတော့···

"ခေါ်စေဗျား···ခေါ်စေ"

"ဟာ···ဟော့ကောင်"

"အင့်"

"ဟယ်"

အသံဗလံတွေ စုံသွားလေတော့ စုံဆို မိုင်းနောက်မှာထိုင်
တဲ့ ဝဏ္ဏကို ထက်မြက်က သရေပင်နှင့် လှမ်းပစ်သည်လေ





ဒါကိုရှောင်ရင်း ဝဏ္ဏက မိုင်းကျောပြင်ကို အတင်းဖက်လိုက်တာ
အရှိန်လွန်ပြီး ပြေးတိုက်သလို ဖြစ်သွားတာပါ။

ဒါကြောင့်···

ရတုဘက်ကို တည့်တည့်လှည့်ထိုင်နေတဲ့ မိုင်းကိုယ်ကြီး
ရှေ့သို့ကိုင်းသွားကာ ဆွဲမိဆွဲရာပဲ ရတု ကိုယ်လေးကို ဆွဲဖက်
လိုက်သလို ဖြစ်သွားတာပါ။ ပထမ နှစ်ယောက်စလုံး သတိ
လက်လွတ်ဖြစ်နေကြပြီး နောက်မှ ရတုက သတိရကာ···

"အို···လွှတ်···လွှတ်ပါ"

"ဟာ"

မိုင်း အထိတ်ထိတ်အလန့်လန့်ပုံစံနှင့် ရတုကို လွှတ်ပေး
လိုက်တော့သည်။ နောက်မှ အဖြစ်ကို သတိရပြီး ဝဏ္ဏဘက်သို့
လှည့်ကာ···

"ဝဏ္ဏ"

"ဗျာ···ဆရာ"

"ဘယ်လိုဖြစ်ရတာလဲကွ"

"အဟဲ···ထက်မြက် သားကို သရေပင်နဲ့ လှမ်းပစ်လို့
ရှောင်လိုက်တာ ဆရာ···အရှိန်လွန်သွားတာပါ။ အဲဒါ
ဆရာ့အတွက် ကောင်းသွားတယ်မဟုတ်လား"

"ဘာကွ"

ဝဏ္ဏက ပြောပြီး စပ်ဖြဲဖြဲပုံစံနှင့် နာခေါင်းရှုံ့ပြလေတော့
မိုင်း စိတ်ဆိုးရခက်၊ ဆူရခက်ပါ။ ရှက်ရှက်နှင့် မျက်နှာကတော့



www.burmeseclassic.com

www.burmeseclassic.com



ရဲသွားသလား မသိပါဘူး။ ရတုလည်း ရှက်သွားသည်ထင်ပါရဲ ထက်မြတ် သရေကွင်းနဲ့ ပစ်တယ်ဆိုလို့ မျက်လုံးက ဟိုဟိုဒီ လှမ်းကြည့်မိတော့…

အမယ်…

ဒင်းလေးကလည်း ရယ်နေလို့ပါလား။

“ထက်မြက်”

“…………”

“ဟောကောင်…ထက်မြက်”

“ဗျာ…ဆရာ”

“မင်း ဘာလို့ ဝဏ္ဏကို သရေကွင်းနဲ့ပစ်တာလဲ”

“စတာပါ ဆရာ”

“မင်း…လာဦး ဒီကို”

“ဟုတ်ကဲ့”

မိုင်းက ကလေးတွေကို စာသင်တဲ့နေရာမှာ ဘယ်တော မျက်နှာထားတင်းတင်းနဲ့ မသင်ပေ။ ဆူတာရိုက်တာလ နည်းပါ့။ ကလေးတွေကို သူငယ်ချင်းလိုပေါင်းပြီး ချော့သင်ရဲ အခု သူခေါ်လို့လာတဲ့ ထက်မြက်ရုပ်မှာ စပ်ဖြဲဖြဲပုံ မပျောက်

အနားကိုရောက်တော့…

“မင်း ဘာလို့ သူများကို စတာလဲ”

“ခင်လို့စတာပါ ဆရာ…မခင်ရင် မစပါဘူး”

“သမိုင်း”





“ဟင်”

“ဟို…ကလေးတွေကို မဆူပါနဲ့နော်…သူတို့ သနားပါ တယ်”

နဝိုကတည်းက ဆူချင်လွန်းလို့မှ မဟုတ်တာ။ ဒါကြောင့် င်း သက်ပြင်းချ ခေါင်းလေးညိတ်ကာ…

“ကဲ…သွားကြ၊ မင်းတို့ သွားကြ”

“သွားပါလား ဆရာ”

ဝဏ္ဏက မေးလေလျှင်…

“အေး…ဟုတ်တယ်၊ မင်းလည်းသွား”

“ဟုတ်ကဲ့ပါ ဆရာ”

ကလေးတွေ ထွက်သွားကြတော့မှ ရတုလည်း အရှက်ပြေ ယ်လည်း အရှက်ပြေအောင်…

“ရတု ဒန်းစီးမလား…ဟိုဘက်မှာ ဒန်းရှိတယ်”

“ကောင်းသားပဲ”

“ဒါဆိုသွားရအောင်”

နှစ်ယောက်သား စာသင်ကျောင်းလေးရဲ့ ဘယ်ဘက်အခြမ်း ဲ့ လျှောက်လာခဲ့ကြသည်။ ရင်ထဲမှာ ကိုယ်စီနွေးထွေးမှုများနှင့် ျော်လေးတွေ ပျောက်ဆုံးသွားမှာ စိုးရိမ်နေမိကြသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

"ဘယ်လို…ဘယ်လို…မြေး…မိဘမဲ့ကလေးတွေကို စာသွားသင်ချင်တယ်…ဟုတ်လား"

ဒေါ်ကျော့ရှင်း မျက်လုံးပြူးမျက်ဆံပြူးနှင့် မယုံနိုင်သလို မေးလေတော့သည်။ ဒီကလေးကို မျက်စိအောက်ကပင် အပျောက်ခံချင်ကြတာ မဟုတ်ပေ။ ဒါကြောင့် စည်းကမ်းနဲ့ ဘောင်ခတ်မိတော့ နေရတာ မလွတ်လပ်ဘူးတဲ့။ စိုးရိမ်စိတ်သော လွန်ကဲခဲ့ကြတာလေ။

အခု…

လွတ်လပ်ခွင့်ပေးပါဆိုလို့ လွတ်လပ်ခွင့်ပေးလိုက်တော့ ရတုရဲ့တောင်းဆိုမှုက ရောင့်တက်ရာကျမနေဘူးလား။

"ဟုတ်တယ် ဘွား…မြေး လွတ်လပ်ခွင့်ရတဲ့အချိန်လေးမှာ အဲဒီအချိန်ကို တန်ဖိုးရှိရှိ အသုံးချချင်တယ်။ မြေးကို ခွင့်ပြုပါ။ မိဘမဲ့ကလေးတွေကို မြေး စာသင်ပေးပါရစေ"





"ဘွား…ခွင့်မပြုနိုင်ဘူး မြေး…မိဘမဲ့ဆိုကတည်းက အဲဒီကလေးတွေက ဘယ်လိုအတန်းအစားမျိုးလဲဆိုတာ ပြောပြစရာကိုမလိုတာ"

"ဘွား"

"မိဘတွေကိုက အဆင့်အတန်းမရှိ၊ ဂုဏ်မရှိ၊ ဒြပ်မရှိမို့လို့ မိဘမဲ့ဂေဟာဆိုတာကို ရောက်လာကြတာ။ ဘွား…ခွင့်မပြုဘူး…ဒါပဲ"

"စကားကို အဲဒီလို တစ်ဖက်သတ် မပြောပါနဲ့ ဘွားရဲ့… သူတို့မိဘတွေ ဘာပဲဖြစ်ဖြစ် ကလေးတွေက အပြစ်မဲ့ကြပါတယ်။ မိဘမဲ့ပေမယ့် အခု လိမ္မာယဉ်ကျေးအောင် သင်ကြားပေးနေကြတော့ ကလေးတွေအားလုံးက လိမ္မာကြပါတယ်"

"ပန်းရတု"

"ဒါလေးတစ်ခုတော့ ခွင့်ပြုပါ ဘွား…မြေး မကောင်းတာဘာမှမလုပ်ခဲ့သလို ကောင်းမှုကုသိုလ်လည်း ဘာမှလုပ်ခွင့်မရှိခဲ့သလောက်ပဲ။ ဒါကြောင့် မြေးကိုယ်တိုင်တောင် ကောင်းခြင်းနဲ့မကောင်းခြင်းကို အရာအားလုံးမှာ မခွဲခြားတတ်သေးဘူးလေ"

"အို…ခွင့်မပြုဘူးဆို ခွင့်မပြုဘူးပဲ"

"မေမေ"

ဦးဗလခေါ်လည်း သမီးနဲ့ပတ်သက်လာရင် အတ္တသမားပါ။



www.burmeseclassic.com

ဒါကြောင့် စည်းတွေဘောင်တွေနဲ့ ချုပ်ချယ်ကန့်သတ်ထားခဲ့တာလေ။ တစ်ခါတစ်ခါ သေသေချာချာ ပြန်တွေးကြည့်တော့ သမီးလေးခမျာ လွတ်လပ်ခွင့်မရှိ။

အလုပ်အကိုင်တွေ သူများနိုင်းတာလုပ်ရတဲ့ အစေခံမဟုတ်သည့်တိုင်၊ မိဘတွေ ကြိုးဆွဲရာကနေရတဲ့ ရုပ်သေးရုပ်ပါပဲ။ စေ့စေ့တွေး ရေးရေးပေါ်ကာ သမီးကို သနားမိပေမယ့် မအေနဲ့ အဘွားဖြစ်သူ အဖြစ်သည်းနေလို့ သူ ဘာမှမပြောခဲ့တာပါ။

အခု...

မင်းစိုးစံနဲ့ စေ့စပ်ပြီးပြီပဲ။ သူတောင်းတဲ့ လွတ်လပ်ခွင့်ဆိုတာကိုလည်း ပေးထားပြီလေ။ ကောင်းတဲ့အလုပ် လုပ်တာကိုလိုက်ပြီး ဝိတ်ပင်မနေသင့်တော့ပါဘူး။ ဒါကြောင့် ဒီတစ်ခါတော့ သူ သမီးဘက်ကနေ ရပ်တည်ပေးမှ ဖြစ်တော့မည်။

"စေ့စပ်ပြီးရင် လွတ်လပ်ခွင့်ပေးမယ်လို့ ကျွန်တော်တို့ ကတိပေးထားကြတယ်လေ မေမေ...အခု သမီးက ကောင်းတဲ့အလုပ် လုပ်မှာပဲ...ခွင့်ပြုသင့်ပါတယ်"

"ဗလဖော်"

"ဗျာ"

"နင်က ငါ့သားလား...ငါက နင့်သမီးလား...ပြော"

"ဟာဗျာ...မေမေကလည်း"

"မေမေကလည်းဆိုရင် ဝင်မပြောနဲ့"

ရတု ဖေဖေ့ကို အားကိုးတကြီး လှမ်းကြည့်လိုက်မိသည်။





ဖေဖေက သူမကို ပြန်ကြည့်တဲ့ မျက်ဝန်းထဲမှာ သနားရိပ်အချို့ကို မြင်တွေ့ရလေလျှင် ထိုမျက်ဝန်းသည် သူမအတွက် ခွန်အားပါပဲ။ ထို့ကြောင့် စိတ်ကိုတင်း၍ မရရအောင် ဖွင့်ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဘွား"

"......."

"မြေးကို ဘွားတို့ ကတိပေးထားတာနော်။ ဘွားတို့ ကတိမတည်ရင် မြေးလည်း ကတိတည်မှာ မဟုတ်ဘူး"

"ဘယ်လို"

"သမီး"

ကတိနဲ့ကိုင်ပေါက်လေတော့ ဒေါ်ကျော့ရှင်းရော ဒေါ်ခင်ဝင်းနီရော မျက်လုံးပြူးသွားကြလေတော့သည်။ ဒီကလေး လက်မထပ်ချင်သေးတာကို သူမတို့ သိသည်ပဲလေ။ စေ့စပ်ဖို့တောင် လွတ်လပ်ခွင့်ပေးမယ်ဆိုတဲ့ ကတိနဲ့ လဲယူရတဲ့အဖြစ်မျိုး မဟုတ်လား။

ပြီးတော့...

မင်းစိုးစံကသာ ရတုကို သည်းသည်းလှုပ်ချစ်နေတာ။ ရတုက ချစ်တယ်သာဆိုတယ်၊ အေးတိအေးစက်ပါ။ ဖွင့်မပြောပေမယ့် ရတုစိတ်ကို သိနေသလိုပဲမို့...

"သမီး...ကတိဖျက်လို့ မရဘူးနော်"

"သမီးကို ကတိမဖျက်စေချင်ရင် မေမေတို့လည်း ကတိ

www.burmeseclassic.com



တည်ကြလေ။ မေမေတို့လူကြီးတွေ ကတိမတည်ရင် သမီးက လူငယ်ပဲ"

"သမီးရယ်...သမီးဘွားဘွား ပြောတာကလေ"

"သမီး သိပါတယ် မေမေ...အဲဒီလိုအဆင့်အတန်း ခွဲခြားတာတွေကိုပဲ သမီး မကြိုက်တာ။ သမီး မျက်စိကိုပိတ်၊ နားကိုပိတ်ပေးတာ လူကြီးတွေ။ သမီး လူတွေရဲ့စိတ်နဲ့ ပတ်ဝန်းကျင်အကြောင်း သိသင့်သလောက် သိခွင့်မရခဲ့ဘူး။ အဲဒါ ဘယ်သူ့ကြောင့်လဲ"

"ဘုရား...ဘုရား"

ဒေါ်ကျော့ရှင်း ရင်ဘတ်ကို ဖိမိလိုက်လေသည်။ ဒါ ရတုရဲ့ ရင်ထဲကလာတဲ့စကား။ ပေါက်ကွဲမှုအပိုင်းအစတွေပါလေ။ ဒါပေမဲ့ ဒေါ်ကျော့ရှင်း အမြင်မှာတော့...

"မြေး...အရင်တုန်းက အခုလို လူကြီးတွေကို ပြန်မပြောဖူးပါဘူး။ အခု လွတ်လပ်ခွင့်ပေးလိုက်တာ ဘယ်နှရက်မှ မရှိသေးဘူး။ ဒီလိုစကားတွေ ပြောတတ်လာပြီ။ ဘယ်လိုလူတွေနဲ့ ပေါင်းမိနေပြီလဲ...ပြောစမ်းပါ"

"သူများကို မပုတ်ခတ်ပါနဲ့...ဘွား၊ ဒီလိုပြောတတ်အောင် ရတုကို ဘယ်သူကမှ သင်မပေးပါဘူး။ ဒါ...ရတုရဲ့ ခံစားချက်။ လိမ္မာတယ်ဆိုတဲ့ ဂုဏ်ပုဒ်ကိုရဖို့အတွက် အနှစ်နှစ်အလလ မျိုသိပ်ထားခဲ့ရတဲ့ နှစ်ချို့လောင်စာတွေ ရင်နဲ့မကာလို့ ပေါက်ကွဲတာပါ"





"အမယ်လေး...အမယ်လေး...ပြောတတ်လိုက်တာ။ ငါ့မြေး ပန်းရတု မဟုတ်တော့တဲ့အတိုင်းပါလားဟင်... ဗလာဇော်"

"ဗျာ...မေမေ"

"ဒီကိစ္စကို မင်း ဘယ်လိုရှင်းမလဲပြော"

"မသိဘူး မေမေ"

"ဘာ"

"သားတို့လူကြီး ကတိတည်တာ ကောင်းလိမ့်မယ် မေမေ"

ပြန်စဉ်းစားကြည့်။ ဘယ်လိုပဲ စဉ်းစားစဉ်းစား သမီး ပြောတာတွေက မှန်နေတော့ အတွင်းနဲ့အပြားဘက်က ရပ်တည်လိုက် ရင် ကိုယ်ပဲ ထပ်မှားဦးမှာပါ။ စေ့စေ့တွေး ရေးရေးပေါ်ပါပဲ။ သူတို့ တကယ်ပဲ သားသမီးကို ချစ်နည်းမှားနေကြတာလေ။ ကိုယ့်အသိတွေရဲ့ သားသမီးတွေဆို အချို့ ပြောရဲဆိုရဲနဲ့ သွက်သွက်လက်လက် ထက်ထက်မြက်မြက်တွေပါ။

ပွဲထုတ်လို့လည်း တင့်တယ်ကြရဲ့။

ကိုယ့်သမီးမှာတော့ မပြောရဲ မဆိုရဲ၊ နှုတ်ခမ်းချုပ်ပုံ ပေါက်နေတာလေ။ ဒါကို သူ အားမလိုအားမရ ဖြစ်ခဲ့တာတော့ ကြာပါပြီ။ အမေ့ကို မလွန်ဆန်နိုင်လို့သာ ကြည့်နေခဲ့ရတာမဟုတ်လား။

"ဘွား"

"........."



www.burmeseclassic.com

www.burmeseclassic.com



"မြေး…သိသလောက်ကလေးနဲ့ ပြောပြပါရစေ။ ကုဋေရှစ်ဆယ်သူဌေးသားအကြောင်း ဘွား သိပါတယ်။ လူတွေကို အဆင့်အတန်းမခွဲပါနဲ့ ဘွား…လာရာလမ်းကြောင်း မတူကြပေမယ့် လားရာလမ်းကြောင်းကတော့ အတူတူပါပဲ အဘွားရယ်"

"ဟင်"

ဦးဗလခော်နဲ့ဒေါ်ခင်ဝင်းနီ သမီးဖြစ်သူကို အံ့ဩရိပ်တို့နှင့် ကြည့်လိုက်မိကြသည်။ စကားတွေ တတ်နေပါလားလို့လေ။ ဒါပေါ့…လူဆိုတာ ခံစားမှုတွေ များလာရင် ထိုခံစားမှုတို့ ပေါက်ကွဲတဲ့အခါ မျိုသိပ်ထားတဲ့စကားလုံးတွေ ထွက်ကျလာခြင်းက စကားလုံးကို အလှခြယ်သလိုပဲလေ။

"မေမေ"

"…………"

"ကျွန်တော်တို့ လူကြီးကတိတည်ကြရအောင်ဗျာ"

"ဟုတ်ပါတယ် မေမေရယ်…ခင်တို့ ကတိတည်ကြရင် ကောင်းလိမ့်မယ်ထင်တယ်။ တော်ကြာ မဖြစ်သင့်တာ ဖြစ်ကုန်ရင် မကောင်းပါဘူး။ သမီးလည်း ငယ်တော့တဲ့ အရွယ်မှမဟုတ်တာ။ အကောင်းနဲ့အဆိုးကို ဝေဖန်ပိုင်းခြား တတ်နေပါပြီ"

ဒေါ်ကျော့ရှင်း ဘာမှပြန်မပြောဘဲ သက်ပြင်းသာချလေတော့သည်။ ဦးဗလခော်တို့လင်မယားနှင့် ရတုလည်း ဒေါ်ကျော့ရှင်း





ဘာပြောမလဲလို့ ငြိမ်သက်စွာ နားစွင့်နေကြမိ၏။ အားလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး…

အတန်ကြာမှ…

"ကောင်းပြီလေ…နင်တို့ကပါ တောင်းဆိုလာတော့လည်း ငါ ခွင့်ပြုရမှာပေါ့။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာလဲ…ဘွား…ပြောပါ"

"ပေးထားတဲ့ လွတ်လပ်ခွင့်ကို အလွဲသုံးစားတော့ မလုပ်ပါနဲ့…တွေတွေထူးထူး ဘာသံမှမကြားချင်ဘူး"

"စိတ်ချပါ အဘွား…မြေးနဲ့ပတ်သက်ပြီး ဘွားနဲ့ဖေဖေ မေမေတို့ စိတ်မညစ်စေရဘူးလို့ ရတု ကတိပေးပါတယ်"

ထိုမျှနှင့် စကားဝိုင်းက ပြီးဆုံးသွားလေသည်။ ရတု ပျော်လိုက်တာ မပြောပါနှင့်တော့။ လွတ်လပ်ခွင့်…အခုမှရတဲ့ လွတ်လပ်ခွင့်ကို ရတု တန်ဖိုးရှိရှိ အသုံးချချင်ပါသည်လေ။

ကလေးတွေကို စာသင်ပေးမည်။

ပရဟိတအလုပ်တွေ လုပ်ချင်သည်။ တတ်နိုင်သလောက် လုပ်ဖို့ ဆုံးဖြတ်ချက်များနှင့်…

ပန်းရတုဆိုတာ ပန်းကောင်းပျိုးတဲ့ ဥယျာဉ်မှူးကောင်း တစ်ယောက် ဖြစ်ရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)

"တစ်နဲ့ သုည ပေါင်းရင်"

"တစ်"

"တစ်နဲ့တစ်ပေါင်းရင်"

"နှစ်"

"တစ်နဲ့နှစ်ပေါင်းရင်"

"သုံး"

"တစ်နဲ့သုံးပေါင်းရင်"

"လေး"

"လေးခွ"

"ဟင်"

ရတု တုတ်ကလေးနှင့် စာကိုထောက်ပြီး သင်ပြနေတာပါ။ အားလုံး တက်ညီလက်ညီနှင့် ဖြေနေကြတာ။ တစ်နဲ့သုံးပေါင်းတဲ့ နေရာကျမှ အားလုံးက လေးလို့ဖြေပြီး လေးခွလို့ဖြေတဲ့ အသံ





တစ်သံက ကွဲထွက်လာလေတော့ ရတု အသံတိတ်သွားပြီး တလေးတွေဆီသို့ ဝေ့ဝဲကြည့်လိုက်မိသည်။

နောက်တော့···

မကြားချင်ယောင်ဆောင်ပြီး ဆက်သင်လိုက်ရာတွင်···

"တစ်နဲ့လေး ပေါင်းရင်ရော"

"ငါး"

"ငါးကြော်"

ဒီတစ်ခါတော့ ရတု မကြားချင်ယောင်ဆောင်နေလို့ မရတော့ပါဘူး။ ဒါကြောင့် တုတ်ကိုင်ထားတဲ့လက်ကို ရုတ်ပြီး တလေးတွေဘက်သို့ တည့်တည့်လှည့်ရပ်လိုက်သည်။ ရတုက ဒီနေ့မှ စာစသင်ပေးတာလေ။ လူသစ်မို့လို့ မလေးစားတာလား မသိပါဘူး။

တစ်ခါ မကြားချင်ယောင်ဆောင်ပေးလို့ရပေမယ့် နှစ်ခါဆိုတော့ ကိုယ်မသိချင်ယောင် ထပ်ဆောင်နေလိုက်ရင် ဒီကလေးရောင့်တက်တော့မှာမဟုတ်လား။

ဒါကြောင့်···

"စောစောက ငါးကြော်လို့အော်တာ ဘယ်သူလဲ"

အားလုံး တိတ်ဆိတ်နေကြသည်။

"လေးခွလို့ အော်တာရော ဘယ်သူလဲ"

"··········"

"ဟော···မေးနေတာ မဖြေဘူးလား။ စောစောက ငါးကြော်



www.burmeseclassic.com

www.burmeseclassic.com



လို့အော်တာ ဘယ်သူလဲ။ မတ်ဇာဘ်ရပ်စမ်းပါ”

“သားပါ ဆရာမ”

ကလေးတစ်ယောက်က မတ်တတ်ရပ်ပြီး ဖြေလေသည်။

“မင်းနာမည် ဘယ်လိုခေါ်လဲ”

“ပုတူးပါ ဆရာမ”

ပုတူးက သွက်သွက်လက်လက်နှင့် ဖြေလေသည်။ မျက်နှာ ကတော့ မကောင်းရှာဘူးပေါ့။ ပုံစံလေးကတော့ ပုတူးဆိုတဲ့ နာမည်နဲ့လိုက်အောင် ချစ်စရာလေးပါ။ ယောကျ်ားလေးဖြစ်ပြီး မျက်တောင်ရှည်တွေက ကော့ညွတ်နေပြီး ပါးပြင်လေးနှစ်ဖက်က ပြည့်ပြည့်ဖောင်းဖောင်းနှင့် ဖက်နမ်းချင်စရာလေးပါ။

အသားလေးက ဖြူဖြူနဲ့…

တကယ့်ကို လှချောလေးပါ။ ဒီလိုကလေးရဲ့ဘဝ မလှမဝ။ မိဘမဲ့ဂေဟာမှာ နေရရှာတာ မတန်လိုက်တာလို့ ရတု တွေးမိပါသည်လေ။

“ပုတူးကို ဆရာမ မေးမယ်နော်”

“ဟုတ်ကဲ့”

“တစ်နဲ့သုံးပေါင်းရင် ဘယ်လောက်လဲ”

“လေးခု”

“ဟင်”

စောစောက အော်တဲ့အတိုင်းပဲ ဖြေတာမို့ ရတု မျက်မှော လေး ကြုတ်သွားလေသည်။





“ဒါဆို…တစ်နဲ့လေးပေါင်းရင်ရော”

“ငါးကြော်ပါ ဆရာမ”

ရတု ခေါင်းခါလိုက်မိတော့သည်။ ဒါ ကိုယ့်ကို ပမာမခန့် လုပ်နေတာလား။ ဒေါသလည်း မထွက်ချင်ပေ။

“ရတု”

“ဟင်”

“ဘာဖြစ်လို့လဲ”

“ဟူး”

တန်ခူး အနားရောက်လာပြီး မေးလေတော့ ရတု လေကို မှုတ်ထုတ်လိုက်မိသည်။ ဘယ်လိုစပြောရပါ့မလဲ။

“ဒီကလေးက တစ်နဲ့သုံးပေါင်းရင် လေးခု…တစ်နဲ့လေး ပေါင်းရင် ငါးကြော်ချည်းပဲ ပြောနေတယ် တန်ခူးရယ်”

“ဟယ်”

တန်ခူး ပုတူးလေးကိုတစ်လှည့်၊ ရတုကိုတစ်လှည့် ကြည့် လိုက်မိတော့သည်။ သူမအမှား…သူမအမှားပါလေ။ ရတုက အခုမှ စသင်ပေးတာကို သူမ ဘာမှပြောမထားမိတော့ လွဲချော်မှု တွေ ဖြစ်ကုန်ပြီပေါ့။ ပုတူးလေးအကြောင်းကို တန်ခူးသာ အသိ ဆုံးပါလေ။

“ဆောရီး…ဆောရီးပါ ရတုရယ်…ပုတူးလေးအကြောင်း ကို တန်ခူး ဘာမှပြောပြမထားမိတဲ့အတွက် တန်ခူး တောင်းပန်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ တန်ခူး"

တန်ခူး ရတုမေးတာကို ပြန်မဖြေခင်မှာပဲ ပွတူးဘက်သို့ လှည့်ကာ…

"ပွတူးလေး…ပြန်ထိုင်…သား…ပြန်ထိုင်"

ပွတူးပြန်ထိုင်မှပဲ တန်ခူး ရတုဘက်သို့ ပြန်လှည့်ကာ…

"ပွတူးက ဉာဏ်ထုံတယ် ရတု…သူများတွေလို ဉာဏ်
ဘူးလေ။ အဲဒါကြောင့် စာသင်ရင် တစ်ခုခုပြော၊ နီး
ရာပြောပြီး မှတ်ခိုင်းရတယ်။ အစဆိုရင် အဲဒီလို
နောက်မှ သူများတွေ အခေါ်ခါအော်ဆိုတာကို ကြား
သူ မှတ်မိတာ။ အဲဒါကြောင့် သူတို့ကို စာသင်ရင် သင်
သားကို အထပ်ထပ်အခါခါ ပြန်မေးရတယ် ရတု"

"ဟင်"

"မနေ့က တန်ခူးသင်တော့ အစပိုင်းက သူ မှတ်မိတ
လေ။ တစ်နဲ့သုံးပေါင်းတာ၊ တစ်နဲ့လေးပေါင်းတာကျ
သိပ်မမှတ်မိတော့ဘူး။ အဲဒါကြောင့် လေးကိုမသိ
လေးခွကို မှတ်ထား၊ ငါးကိုမသိရင် စားတဲ့ငါးကြော်
မှတ်ထားလို့ တန်ခူး ပြောလိုက်မိတယ် ရတု…အဲဒီအ
မှာပဲ ကျောင်းဆင်းဖို့ ခေါင်းလောင်းက ထိုးတယ်လေ"

"ဪ"

ဖြစ်မှဖြစ်ရလေလို့ပဲ ရတု ပြောလိုက်ချင်တော့သည်။ ဒါ
ဖြစ်တတ်ပါတယ်လေ။ ပွတူးလေးကို လှမ်းကြည့်ပြီး ရတု သ





သွားမိလေတော့၏။ ရုပ်ကလေးချောပြီး ကျန်တဲ့အရာတွေက ဘာမှမပြည့်စုံဘူးလေ။ ဉာဏ်အရည်အသွေးကစ သူများထက် နိမ့်သည်တဲ့။

ဪ… ဘဝဆိုတဲ့ ဘဝတွေက အမျိုးမျိုးပါပဲလား။

"ရတု နားလည်ပါပြီ တန်ခူးရယ်…ရတုက အခုမှ စသင်ရတာဆိုတော့ အထာမသိလို့ပါ။ နောက်ဆို ပွတူးလေးကို ပိုဂရုစိုက်ပြီး သင်ပေးပါ့မယ်"

"ကျေးဇူးပါ ရတုရယ်"

တန်ခူး ရတုလက်ဖဝါးလေးကို ဆွဲယူပြီး ဆုပ်ကိုင်လိုက်တော့ ရတုက တန်ခူးလက်ကို ခပ်တင်းတင်း ပြန်၍ဆုပ်ကိုင်ထားလေသည်။

"ဟေ့…ဟိုနှစ်ယောက် ကလေးတွေကို စာမသင်ဘဲ ဘာလုပ်နေတာလဲ"

မိုင်းက လှမ်းပြောလေတော့ တန်ခူး လှည့်ကြည့်ပြီး မျက်စောင်းထိုးလိုက်ကာ…

"ရတုကို ငါ ရည်းစားစကားပြောနေတာဟေ့"

ပြောပြီး တန်ခူးက ဘောက်ဆတ်ဆတ်ခြေလှမ်းနှင့် ရတု အနားကနေ ထွက်သွားတော့…

ရတု ခစ်ကနဲ ရယ်လိုက်မိသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

တန်ခူး…

မိုင်းနဲ့ရတု ရယ်ရယ်မောမော စကားပြောနေကြချိန်
အနားကို ဘယ်တော့မှ မသွားပေ။ ကိုယ့်ကြောင့် အနှောင့်အယှ
မဖြစ်စေချင်ပါဘူး။ မိုင်းပျော်နေရင် တန်ခူးက ကျေနပ်နေသူ
လေ။ အိမ်ကိုပြန်ကြရင် အတူတူဆိုတော့ ရတုအကြောင်းမေ
မိုင်းပြောသမျှ မချိုမပြုံးနဲ့ ခေါင်းညိတ်နားထောင်ခဲ့ရသူက တန်
ပါ။

အခုလည်း…

ကလေးတွေ ကစားဖို့ လုပ်ပေးထားတဲ့ ဒန်းလေးတစ်ခုပေ
မှာ ရတုက ထိုင်လို့။ မိုင်းက ဒန်းလွှဲနေသည်။ ဒါကို တန်
ချောင်းကြည့်ပြီး စိတ်ကူးယဉ်နေမိသည်လေ။ ရတုနေရာ
တန်ခူးဆိုရင် ဘယ်လောက်များ ကောင်းလိုက်ပါမလဲ။ စိတ်ကူ
နှင့် ပြုံးမိပြီး…





နောက်တော့…

တကယ့်အဖြစ်မှန်ကို သတိရမိပြီး မျက်ရည်က ဝေ့လာ
သည်။

"ဟာ…သမိုင်း ဖြည်းဖြည်းလွှဲပါဆို"

"ဟာဟ"

"သမိုင်း ပြောနေတယ်နော်…ရတု ကြောက်တယ်၊ ဖြည်း
ဖြည်းလွှဲပါ"

"ရတုကလည်း ဒါ ကလေးတွေ လွှဲစီးနေတာလောက်ပဲ
ရှိတာကို"

"ဟာ…မသိဘူး…မသိဘူး၊ ရတု ကြောက်တယ်၊ ဖြည်း
ဖြည်းပဲလွှဲ"

"ဟား…ဟား"

"သမိုင်း"

"……….."

"ရတု မစီးတော့ဘူး…ရပ်ပေး"

"မရပ်ဘူး"

"ရပ်ပေးဆို"

ရတု အော်လေတော့မှ မိုင်းက ဒန်းကို လွှဲနေရာမှ ရပ်ပေး
သည်။

"ကြောက်တတ်လိုက်တာ လွန်ပါရော ရတုရယ်"

"ကြောက်ပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒန်းမစီးနဲ့တော့...ဟိုဘက်သွားရအောင်"

"ဟင်...ဟိုဘက်မှာ ဘာရှိလို့လဲ"

"ဟိုဘက်မှာလား"

"အင်း"

"ကံ့ကော်ပင်နဲ့ တရုတ်စံကားပင် ရှိတယ်"

"ဘာလုပ်ရမှာလဲ"

"လိုက်ခဲ့စမ်းပါ...လာ"

ပြောပြီး မိုင်းက ရတုလက်ကို ဆွဲခေါ်လေသည်။ ရတု လည်း မငြင်းတော့ပါဘူး။ မိုင်းနဲ့နေရတာ ဘယ်နေရာပဲဖြစ်ဖြစ် ရတု ပျော်သည်လေ။ မိုင်းက ရတုပျော်အောင် အမျိုးမျိုး လုပ်ပေး နေသည်မဟုတ်လား။

"ဟယ်...တရုတ်စံကားပွင့်တွေ ကြွေနေတာ အများကြီးပဲ"

"ကြွေတာမဟုတ်ဘူး...ရတုရဲ့၊ ခြွေချထားတာပါ"

"ဟင်"

ရတု မိုင်းမျက်နှာကို လှည့်ကြည့်လေလျှင် မိုင်းက ရယ် လျက်...

"ဟုတ်တယ် ရတု...ဒီတစ်ပင်တည်းနဲ့ ပန်းတွေ ဒီလောက် မကြွေနိုင်သလို ဒီလောက်လည်း မများနိုင်ဘူးလေ။ အခု ပန်းတွေ ဒီလောက်များနေတာ ယော...ဟိုမှာ တွေ့လား"

မိုင်း လက်ညှိုးထိုးပြတဲ့နေရာကို ကြည့်လိုက်တော့ တရုတ် စံကားပင်တွေပါ။ လေးပင်တန်းနေပြီး ရတုတို့ရပ်နေတဲ့နေရာမှာ





ာ တစ်ပင်တည်း ကွဲနေတာပါ။

"ဒါဆို ဒီပန်းတွေကို"

"ဟုတ်တယ် ရတု ဟိုဘက်က အပင်တွေမှာ ကောက်ပြီး ဒီအပင်အောက်မှာ ဖြန့်ချထားတာလေ။ ဝက္ကာနဲ့ထက်မြက် ကို လုပ်ခိုင်းထားတာပါ"

"ဒုက္ခရှာလို့ သမိုင်းရယ်...နောက်ဆို ကလေးတွေကို အဲဒီလို မခိုင်းပါနဲ့"

"ရတုကို ပျော်စေချင်လို့ပါ"

"ပျော်ပါတယ်...ဒီလိုလုပ်မပေးလည်း ရတု ပျော်ပါတယ် သမိုင်းရဲ့"

"ဟုတ်လား"

"ဟုတ်တာပေါ့"

"အင်းပါ...ရတု မကြိုက်ရင် နောက်ဆို ကိုယ် ကလေး တွေကို မခိုင်းတော့ပါဘူး။ ကိုယ့်ဘာသာပဲ လုပ်ပေးမယ် လေ...နော်"

"ဟာ...သမိုင်းလည်း မလုပ်ပါနဲ့။ အလကား ဒုက္ခရှာလို့ သမိုင်းရယ်။ ရတုစကားကို နားထောင်...နောက် မလုပ် ရဘူးနော်"

"ဟုတ်ကဲ့ပါဗျား"

မိုင်းက လက်ပိုက်ပြီး ခေါင်းညိတ်ပြလေတော့ ရတု ရယ် ်သည်။ ပြီးတော့ ပန်းတွေကိုကြည့်ပြီး ခြေလှမ်းကို ဖွဖွနင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားလေလျှင်…

"ရတု"

"ဟင်"

"ပန်းခင်းသောလမ်းဆိုတာ အဲဒါလေ…ရတု ဖိနပ်ချွတ်လိုက်ပါ။ ဒါမှ ရတုရဲ့ခြေဖဝါးနုနုလေးတွေက ပန်းပွင့်လေးတွေနဲ့ ထိတွေ့ခွင့်ရမှာပေါ့"

"ဟာ…သမိုင်းကလည်း ပန်းပွင့်လေးတွေ သနားပါတယ်။ ရတု မနင်းရက်ပါဘူး"

"ခင်းတဲ့သူက ခင်းပေးထားတာ နင်းလိုက်ပါ ရတုရဲ့…ဒါမှ သူတို့လေးတွေ ဝမ်းသာကျေနပ်ကြမှာပေါ့။ ရတု မနင်းလည်း ပန်းတွေက ခြောက်သွားကြမှာပဲလေ။ နင်းလိုက်ပါ"

ရတု ပထမတော့ ရပ်နေပြီး မိုင်းကိုကြည့်လိုက်၊ ပန်းပွင့်ကလေးတွေကို ကြည့်လိုက်ပါ။ နောက်တော့ သူဖြစ်စေချင်တဲ့အတိုင်း လုပ်ပေးမှ သူလည်း ကျေနပ်မှာပါဆိုပြီး ဖိနပ်ကို ချွတ်လိုက်သည်။ ဖိနပ်ကလေးကို ချွတ်ထားခဲ့ပြီး ပန်းပွင့်လေးတွေဖြန့်ချထားသည့်နေရာသို့ ဖွဖွလေး လျှောက်သွားလိုက်စဉ်…

"ဩော်…မိုင်းရယ်"

မိုင်းနာမည်ကို တမ်းတမ်းတတ ခေါ်မိသူက တန်ခူးပါ။ တန်ခူး ရတုအပေါ်မှာ ဒီလိုမြင်ရလို့ မနာလိုခြင်း၊ ငြိုငြင်ခြင်း၊ သဝန်တိုခြင်းတို့ မဖြစ်မိပါဘူးလေ။ သူ့ကုသိုလ်နဲ့သူပဲဟာ။





အားကျစိတ်နှင့်သာ လိုက်ပြီးချောင်းကြည့်နေမိတာပါ။

ဒါ…

သူ့ တကယ်ချစ်တဲ့မိန်းကလေးမို့လို့ မိုင်း ဒီလောက်ဂရုစိုက်နေတာပေါ့။ ရတုက စေ့စပ်ထားတဲ့သူနဲ့ဆိုတော့ မဖြစ်သင့်တာတွေ မဖြစ်စေချင်ပါဘူး။ ဒါပေမဲ့ ကိုယ်ပြောပြဖို့လည်း မသင့်တော်ပါဘူးလေ။ မိုင်းက ပေးဆပ်လိုခြင်းသက်သက်နဲ့ ချစ်တာဆိုရင် တစ်နေ့ သူ ခံစားရမှာကို မမြင်ချင်တာ အမှန်ပါပဲ။

ပေါင်းစပ်ဖို့ကတော့ မလွယ်ပါဘူး။

ဒါကို မိုင်းလည်း သိနေတာပဲလေ။ သိသိနဲ့ ပေးဆပ်ချင်တော့လည်း ပေးဆပ်ပေါ့။ ကိုယ်က တတ်နိုင်သလောက် ပါရမီဖြည့်ပေးရုံသာ။ ကိုယ်နဲ့ကျတော့ မိုင်း အခုလို ပန်းတွေခင်းပေးဖို့ ဝေးပြောနဲ့၊ ဖိနပ်ပြုတ်သွားတာတောင်…

"အမေ့"

"ဘာဖြစ်တာလဲ"

"ငါ့ဖိနပ် ပြုတ်သွားပြီ‥မိုင်း"

"ဖြစ်ရမယ်…ပြုတ်ရင် လွှတ်ပစ်လိုက်၊ နောက်ကျနေပြီ မြန်မြန်လာ"

"ဖိနပ်မရှိဘဲ ငါက ဘယ်လိုလမ်းလျှောက်မလဲ မိုင်းရဲ့…နင့်ဖိနပ်ပေး"

"ဟာ…ဘာဆိုင်လို့လဲ၊ မပေးပါဘူး။ နင့်ဘာသာနင် ဒီအတိုင်း လျှောက်ပါလား။ ရေ့မှာ ဆိုင်ရှိတယ်…



www.burmeseclassic.com

www.burmeseclassic.com



ဝယ်စီး"

"မိုင်း"

ပြောပြောဆိုဆို မိုင်း ရှေ့မှထွက်သွားလေတော့ တန်ခူး မီအောင်လိုက်ရင်းသာ...

"နင်ကလေ ယောကျ်ားလေးဖြစ်ပြီး မိန်းကလေးကို ညှာမယ်မရှိဘူး...သိလား။ တော်တော်အားကိုးရတဲ့ သူငယ်ချင်းပဲ"

"ဟ...မိန်းကလေးလည်း လူ၊ ယောကျ်ားလေးလည်း လူပဲလေ။ ထမင်းစားတာချင်း အတူတူပဲ။ နင်ပြောပုံက မိန်းကလေးတွေမှ အသက်ရှိတာကျနေတာပဲ"

"အဲဒီလိုတော့ ဟုတ်မလားဟဲ့"

"မဟုတ်ရင် မပြောနဲ့ဟာ...ပြီးရင် ဝယ်စီးပါဆိုမှပဲ"

မိုင်းက ကိုယ့်အပေါ်မှာတော့ အဲဒီလို ဥပေက္ခာပြုနိုင်ခဲ့သူပါ။ အခု ပန်းရတုကိုကျတော့...

"ဖိနပ်စီးတော့မလား ရတု"

"အင်း...စီးတော့မယ်လေ"

"ရတု အဲဒီမှာနေလေ...ကိုယ်ယူလာပေးမယ်။ ဖိနပ်နဲ့ ထပ်လျှောက်ကြည့်လိုက်"

ပြောပြီး မိုင်းက ရတုဖိနပ်ကို ယူသွားပြီး ရတုရဲ့ခြေထောက် ရှေ့မှာ ချပေးလေသည်။

"သမိုင်းကလည်း ဖိနပ် ဘာလို့ယူလာတာလဲ။ ရတုဘာသာ





စီးပါ့မယ်ဆို...သူများကို ဂရုကြီးအောင် လုပ်နေတယ်"

"ဂရုမကြီးပါဘူး ရတုရဲ့...ဒါနဲ့ အခုနောက်ပိုင်း ရတုနဲ့ အစ်ကို တွဲမတွေ့ရတော့ဘူးနော်"

မိုင်း စကားလမ်းကြောင်းလွှဲပစ်လိုက်လေတော့သည်။

"နေ့စဉ်ပြီးကတည်းက သူ ပြန်သွားပြီ သမိုင်း...သူက ပြင်ဦးလွင်ကလေ"

"သြော်"

သတိရလို့ မေးမိပြီး မိုင်းရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း သိပေ။ သြော်...ကိုယ့်အဖြစ်ကလည်း ဟိုသီချင်းလို ဖြစ်နေပါပြီ။

ကိုယ်မပိုင်သည့်ပန်းကို ယုယစွာ စိုက်ခဲ့မိတဲ့ ဥယျာဉ်မှူး ကိုယ့်ဘဝအကြောင်းဆိုတာမျိုးလေ။ ပိုင်ရှင်ရှိမှန်းသိသိနဲ့ တံဆိပ်ကို ကိုင်ကြည့်ပြီး ယုယုယယ ခဏဖြစ်ဖြစ် ထွေးပွေ့ထားချင်တာမျိုးပါ။ အသည်းကွဲနက္ခတ်နဲ့များ ယှဉ်မွေးလာသလား မသိပါဘူး။ ချစ်ခွင့်မရဘဲနဲ့ အသည်းကွဲနေရသူပါ။

သူများတွေသိရင် ရယ်စရာကြီးပါပဲ။

ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုကင်ပွန်းတပ်ရမှန်း မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

မင်းစိုးစံ…

အလုပ်ရှုပ်နေတာနှင့် Facebook လောက်သာ ခဏသုံးဖြစ်ပြီး Viber မသုံးဖြစ်ခဲ့တာ ကြာပါပြီ။ အခု ဘာရယ်မဟုတ်၊ Viber ဘက်ကို ဖွင့်ကြည့်လိုက်တော့ ရတု ဖုန်းနံပါတ်၊ ရတုနာမည်မှာ Viber ပေါ်နေလေလျှင်…

"ဟင်"

မင်းစိုးစံ မျက်မှောင်ကြုတ်သွားပြီး လိုင်းသုံးထားတဲ့အချိန်ကို ကြည့်လိုက်တော့ ရတု လိုင်းသုံးထားတာ ည ဆယ့်တစ်နာရီ နှစ်ဆယ့်တစ်မိနစ်အထိပါ။ အရင်က ရတု ဘာမှမသုံးပါဘူး။ အေးလေ…အခု လွတ်လပ်ခွင့်ရသွားပြီဆိုတော့ သုံးချင်သုံးမှာပေါ့။

ဖုန်းဆက်ဦးမည်ဆိုပြီး ဖုန်းဆက်လိုက်တော့…





"ဟယ်လို"

"ရတု"

"ဟုတ်ကဲ့…ပြောပါ ကိုကို"

"ရတု…Viber သုံးနေတယ်မဟုတ်လား"

"ဟုတ်တယ်လေ ကိုကိုရဲ့…ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး…မေးကြည့်ရုံပါ။ Viber တင်ပဲလား ရတု…Facebook ရော သုံးသေးလား"

"ကိုကို"

"ပြောလေ"

"အခု ရတု Viber ရော Facebook ရော သုံးတယ်။ အပျင်းပြေသုံးတာပါ ကိုကို။ သတင်းတွေကြည့်တာပါ။ ဘာလဲ…ကိုကိုက ရတုကို မသင်္ကာလို့ မေးတာလား။ Viber မှာက သူငယ်ချင်းနဲ့ စာပို့တယ်လေ"

"မယုံသင်္ကာ မဟုတ်ပါဘူး ရတုရဲ့…ကိုကိုက မေးရုံမေးကြည့်တာပါ။ ကိုကို့မှာ မေးခွင့်မရှိဘူးလား"

"အဲဒါဆို ပြီးတာပဲ"

နောက်က ဆူဆူညံညံအသံတွေကို ကြားရသဖြင့် မင်းစိုးစံ နားစိုက်ထောင်လိုက်သည်။ ကလေးသံတွေ…ဟုတ်တယ်၊ ကလေးတွေ စာကျက်နေကြသည့်အသံပါ။ ရတု ဘယ်ကိုရောက်နေပါလိမ့်။

"ရတု"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ပြောပါ ကိုကို"

"ရတု အခု ဘယ်ရောက်နေတာလဲ"

"ကိုကိုနဲ့အတူ အလှူလုပ်ခဲ့တဲ့ မိဘမဲ့ဂေဟာလေးမှာ ကိုကို…အခု ရတု အဲဒီမှာ ကလေးတွေကို စာသင်ပေး နေတာပါ"

"ဟင်"

"ကိုကို မတားဘူးထင်လို့ပါ။ ကောင်းတဲ့အလုပ် လုပ်တာ ဆိုတော့လေ"

"ဘာလို့ ကိုကို့ကို ကြိုမပြောတာလဲ ရတု၊ ကိုကို တားတော့ မတားပါဘူး။ ဒါပေမဲ့ ရတု ကိုကို့ကို တိုင်ပင်သင့်တယ်"

"ကိုကို"

ရတုလေသံက မာဆတ်ဆတ် ဖြစ်သွားလေသည်။ တိုင်ပ စေချင်တယ်ဆိုတာ ဘာသဘောလဲ။ အရာရာ တိုင်ပင်ရအော ရတုနဲ့သူက လက်ထပ်ရသေးတာမှ မဟုတ်ဘဲလေ။ ရတုမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် မရှိဘူးလား

"ကိုကိုက ရတုကို ဘောင်ခတ်ချင်တာလား။ ရတု ဒီလွတ်လပ်ခွင့်ကို ဘဝတစ်ခုလုံးနဲ့ လဲယူထားရတာနော် ရတုကို ဘောင်မခတ်ပါနဲ့"

"ရတု"

မင်းစိုးစံ ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားလေသည်။ လွတ်လပ်





ခွင့်ကို ဘဝနဲ့ လဲယူတာဘဲ့လား ရတုရယ်။ ပြောထွက်လိုက်တာ။ ပြောရက်လိုက်တာ။ ကိုယ်ကတော့ ချစ်လွန်းလို့ ဖြစ်နိုင်ရင် ရတုကို အာခံတွင်းထဲမှာတောင် ငုံထားချင်တဲ့သူပါ။

"ဘယ်လိုပြောလိုက်တာလဲ ရတုရယ်…ကိုကို မင်းကို ဘောင်ခတ်နေတာ မဟုတ်ဘူး…ရတု၊ မေးရိုးမေးစဉ် အတိုင်း မေးကြည့်တာပါ။ လွတ်လပ်ခွင့်ကို ဘဝနဲ့ လဲယူ ထားရတာဆိုတော့"

"…………"

"ရတု ကိုကို့ကို မချစ်ဘူးလား"

"တော်တော့ ကိုကို…ရတု ကိုကိုနဲ့ စကားမများချင်ဘူး။ ရတု ကလေးတွေကို စာသင်ပေးနေတာနော်။ စိတ် အနှောင့်အယှက်မဖြစ်ချင်ဘူး…ဒါပဲ"

ပြောပြီး ရတု ဖုန်းချသွားလေတော့သည်။ ပြောရက်လိုက် တာ။ လွတ်လပ်ခွင့်ကို ဘဝနဲ့လဲယူတာတဲ့။ ကိုကို သိတယ် ရတု။ မင်း ကိုကို့ကို မချစ်ဘူး။

ဒါပေမဲ့…

ကိုကိုက ချစ်မိနေသူဆိုတော့လည်းလေ…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

တန်ခူး ဆွယ်တာထိုးနေလို့ ညဆယ့်နှစ်နာရီကျော်သည့်တိုင် မအိပ်သေးပေ။ မိခင်ဖြစ်သူက ကိုးနာရီကျော်ကတည်းက အိပ်တာ။ အခု တစ်ရေးနိုးပြီး အပေါ့သွားမလို့ထတော့ သမီးဖြစ်သူက မအိပ်သေးပေ။ အပေါ့သွားပြီးပြန်လာတော့မှ နာရီကိုကြည့်လိုက်တာ ညဆယ့်နှစ်နာရီကျော်နေပြီ။

ထို့ကြောင့်…

"ဟဲ့…သမီး"

"ရှင်…မေမေ"

"ဆယ့်နှစ်နာရီကျော်နေပြီ…အခုထိ မအိပ်သေးဘူးလား သမီးရဲ့…အိပ်တော့လေကွယ်"

"ဟုတ်ကဲ့…အိပ်တော့မှာပါ မေမေ…ပြီးတော့မှာမို့လို့ လက်စသတ်ချင်လို့ပါ"





"ဘယ်သူ့အတွက်မို့လို့ ဒီလောက် သဲကြီးမဲကြီး ထိုးနေတာလဲ သမီးရယ်။ အင်း…မေမေ သိတော့သိနေသလိုပါပဲ"

"မေမေကလည်း"

တန်ခူး ရှက်ပြုံးလေးပြုံးမိသည်ကို မိခင်ဖြစ်သူက ဘာသာ…တတ်ပါသည်။ ကိုယ်မွေးထားတဲ့သမီးပဲ။ သမီးလေးရင်ထဲမှာ…တွေရှိနေတယ်ဆိုတာကို ဒေါ်မေထား သိတာပေါ့။

"မေမေကလည်း လုပ်မနေနဲ့…မိုင်းအတွက် မဟုတ်လား"

"ဟုတ်တယ် မေမေ…မိုင်းမွေးနေ့ နီးလာပြီလေ။ အဲဒါကြောင့် မွေးနေ့လက်ဆောင်ပေးမလို့ပါ"

"မေမေက မိုင်းအတွက်ဆိုတာ ထင်ပြီးသားပါ။ ဒါနဲ့ မေမေမေးရင် သမီး မှန်မှန်ဖြေမလား"

"မေးလေ မေမေ…သမီး ဘယ်တုန်းက မေမေ့ကို ညာဖူးလို့လဲ"

"မိုင်းနဲ့သမီးက အခြေအနေဘယ်လိုလဲ သမီး၊ ချစ်သူဖြစ်နေကြပြီလား"

တန်ခူး မေမေ့ကို တွေတွေလေး ကြည့်လိုက်မိပြီး ချက်ချင်း…မဖြေဖြစ်ပေ။ ပြီးမှ သက်ပြင်းလေးချလိုက်မိတော့၏။ မိုင်းနဲ့…ချစ်သူတွေဖြစ်နေပြီလို့ပဲ ပြန်ဖြေချင်ပေမယ့် မိုင်းကမှ ကိုယ့်…မချစ်ဘဲလေ။ အမှန်အတိုင်း ပြောပြရင်လည်း မေမေ စိတ်…ကောင်းဖြစ်မှာ အသေအချာပါပဲ။

မေမေက တန်ခူးကို မိုင်းနဲ့ သဘောတူသလို မိုင်းအပေါ်



www.burmeseclassic.com

www.burmeseclassic.com



လည်း မိုင်းကို တန်ခူးနဲ့ သဘောတူတာ တန်ခူး သိပါသည်

ဒါပေမဲ့…

အချစ်ဆိုတာ ဈေးဆစ်ပြီး ဝယ်လို့ရတဲ့ ကုန်ပစ္စည်း

သလို တိတ်တိတ်ကလေး ခိုးယူလို့ရတဲ့အရာလည်း မဟုတ်

တော့ ထားခဲ့ရင် နေခဲ့ရုံပဲပေါ့။ ပြီးတော့ ကိုယ့်ကို အလို

ရင်ခွင်မှာ တန်ခူး တစ်စက္ကန့်တောင်မှ မနေချင်ပေ။

"မဖြစ်ပါဘူး မေမေ…မိုင်းနဲ့သမီး အခုအချိန်ထိ

သားသားပဲ ခင်ကြတာပါ"

"ဟင်"

မယုံနိုင်စရာပါပဲ။ ဒီလောက်တွဲနေပြီးတော့။

"ဟုတ်ရဲ့လား သမီးရယ်…မေမေ့ကို ပြောရမှာရှ

သမီး လိမ်နေတာတော့ မဟုတ်ပါဘူးနော်"

"သမီး မလိမ်ပါဘူး မေမေ…တကယ်ပြောတာပါ"

"နေပါဦး…ဒီလောက် တစ်ယောက်နဲ့တစ်ယေ

သံယောဇဉ်ရှိနေကြတာ မိုင်းက ဖွင့်မပြောတာ

သမီးက လက်မခံတာလား"

ဘယ်လိုပြောရမလဲ မေမေရယ်။ မိုင်းရင်ထဲမှာ

မရှိဘူးလို့ ပြောလိုက်ရမှာလား။

"ဖြူစင်တဲ့သူငယ်ချင်းအချစ်က အခိုင်မြဲဆုံးပါ

ရယ်"

"မဟုတ်သေးဘူး သမီး"





"မေမေ"

"ဟင်"

"ပြန်အိပ်တော့လေ မေမေ…သမီးလည်း အိပ်တော့မယ်

နော်"

တန်ခူး စကားလမ်းကြောင်းလွှဲပြီး ဆွယ်တာကို စားပွဲပေါ်

တင်ကာ ထရပ်လိုက်တော့သည်။

"အေး…အေး…ဒါဆို မေမေ အိပ်တော့မယ်"

"ဟုတ်ကဲ့ မေမေ…ဩော်…မေမေ"

"ပြောလေ သမီး"

"မနက်ဖြန်ကျ သမီး ဈေးသွားမယ်နော်…မေမေ၊ သမီး

ဝယ်စရာလေးရှိလို့"

"အေးပါ…အေးပါ"

စကားကို တိုတိုနှင့် ဖြတ်ချင်တာကြောင့် တန်ခူး မအိပ်ချင်

သေးပေမယ့် အိပ်ယာထဲသို့ ဝင်ခဲ့တော့သည်။ ခက်တယ် မိုင်းရေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"တန်ခူး"

"..........."

"တန်ခူးရေ"

"လာပြီ...မိုင်း...လာပြီ"

မိုင်းက တန်ခူးတို့အိမ်ရှေ့ရောက်တာနှင့် စက်ဘီးပေါ်က ခြေတစ်ဖက်ထောက်ထားရင်းမှ လှမ်းခေါ်လေသဖြင့် တန် ခွယ်တာထည့်ထားတဲ့ အိတ်ကလေးကို လက်မှာဆွဲပြီး ထွက် ခဲ့တော့သည်။

"မေမေ...သမီး သွားတော့မယ်နော်"

"အေး...အေး...သမီး"

မိခင်ဖြစ်သူကိုလည်း တန်ခူး နှုတ်ဆက်ခဲ့သေးသည်။ မို အနားကိုရောက်လေတော့...

"ဟက်ပီးဘတ်ဒေးပါ မိုင်း... မွေးနေ့မှစ၍ နောက် ဖြတ်သန်းရမယ့် နေ့ရက်တိုင်းမှာ ပျော်ရွှင်ပါစေနော်





"ဟင်"

မိုင်း ပထမတော့ ကြောင်သွားလေသည်။ နောက်မှ သေချာချာ ပြန်စဉ်းစားတော့ ဟုတ်သားပဲ။ ဒီနေ့ မိုင်းရဲ့ းနေ့လေ။ ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေရလောက်အောင် ခြားလူတစ်ယောက်အကြောင်းပဲ ခေါင်းထဲထည့်ထားမိတဲ့ မိုင်း။

သူများတွေသာသိရင်...

ကိုယ့်အဖြစ်ကို ကဲ့ရဲ့ကြမလား။ အဲဒီလောက်တောင်ပဲလား းရင် အဲဒီလောက်တောင်ကိုပဲ သူ ရတုကို ချစ်ခဲ့မိတာပါလေ။ းစားသွားသွား ရတုအကြောင်းပဲ တွေးပြီး ရတုကို သတိရနေ တာလေ။ ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေသည့်အဖြစ်ပါပဲ။

"အဟဲ...ကျေးဇူးပါ တန်ခူးရယ်...နင်ပြောမှပဲ ဒီနေ့ ငါ့မွေးနေ့ဆိုတာ သတိရတယ်။ ငါက ငါ့မွေးနေ့ကို သတိမထားလိုက်မိဘူး"

"နင်ကတော့ ဖြစ်ရမယ်"

"အခု နင် သတိပေးလို့ သိပြီဆိုတော့ ကဲ...ပြော၊ ငါ ဘာဝယ်ကျွေးရမလဲ"

"ရပါတယ်ဟာ...ဘာမှဝယ်မကျွေးပါနဲ့"

"တစ်ခုခုတော့ ဝယ်ကျွေးမယ်ဟာ... ဘာစားမလဲ။ ဖရဲသီးစားမလား၊ သရက်သီးစားမလား။ ဒါမှမဟုတ် စီးသီးစားမလား"

"ကောင်စုတ်...အကုန်အကျတွေ များနေဦးမယ်...



www.burmeseclassic.com

www.burmeseclassic.com



သိလား"

မိုင်း ရယ်လေတော့ တန်ခူးက မျက်စောင်းထိုးလေသည်။ ကိုယ်နဲ့ပတ်သက်ပြီး မိုင်းက ရင်ခုန်တိမ်းမူးစေဖွယ်ရာ ဘာတစ်ခုမှ လုပ်မပေးဖူးပေမယ့် တန်ခူးကတော့ မိုင်းအတွက်ဆို ဘာမဆို လုပ်ပေးချင်သူပါ။ တစ်ဖက်သတ်အချစ်က ဆိုးပါသည်ပေါ့။

"ကဲ…တက်"

"ခဏနေဦး"

"ဘာလုပ်ဦးမလို့လဲ"

"နင့်ကို မွေးနေ့လက်ဆောင်ပေးမလို့ပါ"

"ဘာပေးမှာလဲ"

"ရော့…ကိုယ့်ဘာသာကြည့်"

တန်ခူးက လက်ထဲမှာကိုင်ထားတဲ့အိတ်ကို မိုင်းဆီသို့ ကမ်းပေးလိုက်လေသည်။ မိုင်းက ယူလိုက်ပြီးထုတ်ကြည့်ကာ…

"ဆွယ်တာပါလား"

"အင်း…ဟုတ်တယ်၊ ကြိုက်လား"

"အလကားရတာပဲ…ဘာဖြစ်ဖြစ် ကြိုက်ရမှာပေါ့"

"မိုင်းနော်"

"ကဲ…တက်ဟာ"

မိုင်းက စက်ဘီးကိုနင်းလေတော့ တန်ခူး နောက်ကနေ တက်လိုက်ရတော့သည်။ ကိုယ်ကြားချင်တဲ့စကားလည်း မကြား ရပါလား။ ဘာပဲဖြစ်ဖြစ် နင်ပေးတဲ့လက်ဆောင်လေးကို ငါ





…်ပါတယ်ဆိုတဲ့စကားကို ကြားချင်တာလေ။ အမြတ်တနိုး ရှိစေချင်တာပါ။

အခုတော့…

အလကားရတာမို့လို့ ကြိုက်တယ်တဲ့လား။ ရှိပါစေတော့ ကိုယ့်စေတနာကို အသိအမှတ်ပြုတယ်ဆိုရင်ပဲ တန်ခူး …ပ်ပါပြီ။

"တန်ခူး"

"ဟင်"

"တန်ခူး"

"ထူးနေတယ်လေဟာ"

"ကျယ်ကျယ်ထူးပါလား"

"ပြော…နင် ဘာပြောမလို့လဲ"

သူတို့နှစ်ယောက်က အဲဒီလိုပါ။

"နင့်ကို ငါ အကူအညီတောင်းစရာရှိလို့၊ နင် ကူညီမှာလား"

"ပြောကြည့်လေ…ရင်ထဲပေါ့သွားတာပေါ့"

"ဘာ"

"ပြောလို့ပြောတာ"

ခဏမျှ အသံတွေ တိတ်ဆိတ်သွားကြလေသည်။ မိုင်း …ားနေတာလေ။ တန်ခူးကို အကူအညီတောင်းသင့်၊ မတောင်း …ပေါ့။ သူ့ကို အကူအညီတောင်းရင် နှိပ်စက်သလိုများ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မလား။ အရင်ကတည်းက တိုင်ပင်ဖော်တိုင်ပင်ဖက်တွေဆိုတော့ တန်ခူး အကူအညီလိုတာလည်း အမှန်ပါ။

ဒီတော့…

ပြောကြည့်ရမှာပဲပေါ့။

"နင် ငါ အကူအညီတောင်းရင် ကူညီမှာလား တန်ခူး"

"မိုင်းရယ်…နင်ပြောရင် ငါ ဘယ်တုန်းက ငြင်းခဲ့ဖူးလို့လဲ ပြောပါဦး"

"နင် မငြင်းမှာကို ငါ သိပါတယ်။ ဒါပေမဲ့ ပြောရမှာ အားနာလို့ပါ"

"ကဲ…ပြောမှာသာ ပြောစမ်းပါဟယ်"

"ရတု မွေးနေ့နီးလာပြီဟ…သူ့မွေးနေ့ကျရင် ငါ တစ်ခုခု လုပ်ပေးဖို့ အစီအစဉ်ဆွဲထားတယ်။ သူ့ကို ပျော်စေချင် တယ်ဟာ…အဲဒါ နင့်အကူအညီ လိုတယ် တန်ခူး"

"လုပ်လေ…ငါ ကူညီပါ့မယ် မိုင်း"

တန်ခူး ချက်ချင်းပဲ ပြန်ဖြေလိုက်သည်။ ဟန်ဆောင်အပြုံး က ပိုချိုသည်ပဲလေ။ မိုင်းအသံ ထပ်ထွက်မလာဘဲ တိတ်ဆိတ် သွားချိန်မှာ တန်ခူးလည်း ကိုယ့်အတွေးနှင့်ကိုယ် ရင်ထဲနင့်နေ သည်သာ။ ဥပေက္ခာဆိုတာ ပြုသူအတွက် လက်နက်၊ အပြုခံရသူ အတွက်က ရင်ဘတ်ကို ဖောက်ထွက်သွားတဲ့ ကျည်ဆံပါ။

နင် ပစ်ပါ မိုင်းရယ်…

ငါ့ရင်ဘတ်တွေ မွမွကြေသွားရင်တောင် နင့်ရှေ့မှာ ငါ





ညည်းမပြပါဘူး။ နင့်ကွယ်ရာရောက်မှ ငါ သေပါ့မယ်ဟာ။

တန်ခူး…

မသိမသာနှင့် မိုင်းကျောပြင်မှာ သူ့မပါးလေးကို မထိတထိ ကပ်ပြီး ငြိမ်သက်နေမိတော့သည်။ ပါးပြင်နဲ့ကျောပြင်က ထိသွား လိုက်၊ ကွာသွားလိုက်ပါပဲ။

"တန်ခူး နင် ဘာစားမလဲ"

မိုင်းက မေးလေတော့…

"မစားပါဘူးဟာ"

"တစ်ခုခုတော့ စားဟာ…ရှေ့ကဆိုင်ကျဝင်ရအောင်"

ပြောပြီး မိုင်းက စားသောက်ဆိုင်လေးရှေ့မှာ စက်ဘီးကို ရပ်လေသည်။ ဆိုင်ထဲရောက်တော့ ဆီချက်ခေါက်ဆွဲပဲ မှာဖြစ်ကြ ၏။ ဆီချက်ခေါက်ဆွဲမှာထားတာ မရောက်သေးလို့ စောင့်နေတဲ့ အချိန်မှာတော့…

"တန်ခူး"

"ဟင်"

"နင် ငါ့ကို စိတ်မနာဘူးလား"

"ဘာဖြစ်လို့ နင် ဒီလိုမေးတာလဲ မိုင်း"

"နင် ငါ့အပေါ်ကောင်းသလောက် ငါ နင့်အပေါ် ပြန်ကောင်း မပေးနိုင်တဲ့အတွက်ပါ။ နင် ငါ့ကို ဂရုစိုက်သလောက် ငါက နင့်ကို ပြန်ပြီးဂရုစိုက်မပေးနိုင်ဘူးလေ"

"ရပါတယ် မိုင်းရဲ့…မေတ္တာတရားဆိုတာ အပေးအယူ



www.burmeseclassic.com

မှုမမှု လိုက်ပွက်နေလို့ရတဲ့အရာမှ မဟုတ်တာ။ စေတနာဆိုတာ တူသောအကျိုး ပေးတတ်ပါတယ်"

မိုင်း တွေကနဲ ဖြစ်သွားလေသည်။ တူသောအကျိုးက တကယ်ပဲ ပေးတတ်သလား။ ဒါပေါ့လေ···ကိုယ်က ရတုကို ပေးဆပ်ခြင်းသက်သက်နဲ့ ချစ်သလို ကိုယ့်အပေါ် တန်ခူးက ပေးဆပ်ခြင်းသက်သက်နဲ့ ချစ်တာကို သိပါသည်။

အဲဒီလိုပဲ···

တန်ခူးကို အရမ်းချစ်တဲ့သူ ရှိစေချင်ပါသည်လေ။

"ကိုယ်က သူများအပေါ်ကောင်းရင် အဲဒီလူဆီက ဘာတုံ့ပြန်မှုမှမရတောင် ကိုယ့်လိုလူမျိုးက ကိုယ့်အပေါ် ကောင်းတာ ကြုံရမှာပါ"

"ကြုံပါစေလို့ ငါ ဆုတောင်းပေးပါတယ် တန်ခူးရယ်"

နှစ်ယောက်စကားပြောနေချိန်မှာပဲ တန်ခူးဖုန်းက ဖုန်းသံလေးမြည်လာသဖြင့် တန်ခူး ဖုန်းကိုင်လိုက်လေလျှင်···

"ဟယ်လို"

"··········"

"ရှင်···ဘာပြောတာလဲ၊ မသိဘူးရှင့်"

"··········"

"သြော်···အဲဒါဆို ဖုန်းမှားနေပါတယ်ရှင်။ ကျွန်မ နွယ် မဟုတ်ပါဘူးရှင့်"

"············"





"ရန်ကုန်ကပါရှင့်"

"·········"

"ဟုတ်ကဲ့ရှင့်"

"···········"

"ရပါတယ်ရှင်···ဒါမျိုးက ဖြစ်တတ်ပါတယ်။ ဒါဆို ဒါပဲနော်"

တန်ခူး ဖုန်းချလိုက်လေတော့···

"ဘာလဲဟ"

မိုင်းက မေးလေလျှင်···

"ဖုန်းမှားတာပါ"

"ယောကျ်ားလား···မိန်းမလား"

"ယောကျ်ားပါ"

"အဲဒါဆိုရင် သတိသာထားပေတော့"

"ဘာ"

"နောက်ဆက်တွဲတွေ ရှိလာတတ်လို့ပြောတာ"

တန်ခူး မိုင်းကို မျက်စောင်းထိုးပစ်လိုက်သည်။ သူ ပြောရောလား။ တကယ်တမ်းပြောကြေးဆို ကိုယ်မပန်ချင်တဲ့ပန်းကို သူများခူးပန်ရင် မနာလိုမရှုစိမ့် မဖြစ်နဲ့ပေါ့။

တန်ခူး ဒီတစ်ခါတော့ ကလေးတွေးပဲ တွေးပစ်လိုက်တော့သည်။

www.burmeseclassic.com



# အခန်း (၁၅)

ရတု လက်သည်းကို လက်သည်းနီဆိုးနေရင်းမှ သီချင်းညည်းနေမိသည်။ အရင်က သီချင်းနားထောင်ရတာသာ ဝါသနာပါပြီး ကိုယ်တိုင်ကတော့ သီချင်းဆိုခဲပါသည်။

အခု…

ငယ်သူငယ်ချင်းတွေက××× တို့အကြောင်းလေးတွေ သိနေပြီမို့×××ချစ်လို့ကွယ် စကြတဲ့အခါ×××အလွမ်းသမားလေးပေါ့ သိတယ်မဟုတ်လား×××

ဒါတွေဟာ××× တကယ့်တကယ်တော့×××မောင်နဲ့ သက်ဆိုင်ခဲ့တာပါပဲ×××ချစ်တဲ့သူ ပစ်လို့သွားတော့ အလွမ်းသမားလေးပေါ့×××သိတယ်မဟုတ်လား×××

"အမယ်…ရတု"





နန်း ရောက်လာပြီး ရတုနာမည်ကိုခေါ်လေတော့ ရတု သီချင်းဆိုတာကို ရပ်ပစ်လိုက်သည်။ နန်းက ရယ်ကျဲကျဲနှင့် ရတုသားမှာ ဝင်ထိုင်ပြီး…

"ပျော်တာပေါ့ နန်းရဲ့…အခု ရတု လွတ်လပ်ခွင့်ရနေပြီပဲလေ"

"အဲဒါတစ်ခုတည်းကြောင့် ဟုတ်လို့လား… သိနေသလိုပဲနော် ရတု"

"ဘာသိတာလဲ နန်းရဲ့"

"ဟွန်း…နန်း သိပါတယ်နော်။ ရတုဖုန်းထဲမှာ ခေတ်သမိုင်းနဲ့ စာပို့ထားတာတွေ တွေ့သွားပဲ။ ကြည်နူးနေတယ်မဟုတ်လား"

"ဟယ်…နန်းစုတ် သူများဖုန်းကို ခိုးကြည့်တယ်ပေါ့လေ ဟုတ်လား"

"ခိုးကြည့်လည်း ဒီပါးစပ်က နှုတ်လုံပါတယ် ရတုရဲ့… စိတ်ချ…ဘယ်သူ့မှ ပြန်မပြောဘူး"

"တကယ်နော်…နန်း"

"ဆယ်ကယ်"

"ဟိ…ဟိ"

ရတု ရယ်ပြီး နန်းကိုယ်လေးကို ဖက်ထားလိုက်လေသည်။ ရတု နန်းကို ယုံကြည်ပါသည်လေ။ နန်းက လွတ်လပ်မှုမရှိတဲ့ ရတုဘဝကို နားလည်ကိုယ်ချင်းစာစွာနဲ့ သနားနေသူပါ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက စားအတူ၊ သွားအတူ နေလာကြတာ ဆိုတော့…

ရတုစိတ်ကိုလည်း သိနေသူပါ။

နန်း သိတာပေါ့။ ရတု ကိုမင်းကို ချစ်တယ်ဆိုတာ အစ်ကို တစ်ယောက်လိုပါ။ လက်မထပ်ချင်သေးတာ အဲဒါကြောင့်ပေါ့။ တကယ်ချစ်ရင် ဘယ်သူမဆို ကိုယ့်ချစ်သူနဲ့ လက်ထပ်ချင်ကြ တာပဲလေ။

"ရတု"

"နန်း မေးမယ်၊ ရတု မှန်မှန်ဖြေမလား"

"နန်းရယ်…ရတုမှာ တိုင်ပင်စရာ၊ ရင်ဖွင့်စရာဆိုလို့ နန်း ရှိတာ။ နန်း မေးချင်တာမေးပါ။ ရတု အမှန်အတိုင်း ဖြေမှာပါ"

"ရတု"

"မေးလေ"

နန်း မေးရကောင်းမလား၊ မမေးရကောင်းမလား စဉ်းစား နေမိသည်။ မေးရမှာအားနာလို့လေ။ ဒါပေမဲ့ သိကလည်း သိချင် နေတာမို့…

"ရတု ကိုမင်းကို မချစ်ဘူးမို့လား"

ရတု သက်ပြင်းချလိုက်မိသည်။ ရတုကလည်း ရင်ထဲမှာ မွန်းကျပ်လွန်းလို့ တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေတာ။ အချစ်ဆိုတာ ဘာလဲ။ ရတု တကယ် နားမလည်ခဲ့တာပါလေ





အခု နားလည်လာတဲ့အချိန်မှာ ကိုယ်က တံဆိပ်ကပ်ပြီးသားလူ။

အဲဒီတံဆိပ်က…

ခွာလို့မရတော့ဘူးလေ။ ရတု ဘာလုပ်ရမှာတဲ့လဲ။

"ဖြေလေ…ရတု"

"ဟုတ်တယ် နန်း…ငါ ကိုကို့ကို မချစ်ဘူး။ ချစ်တယ် ဆိုတာက အစ်ကိုတစ်ယောက်လို ချစ်တာပါ"

"ငါ ထင်ပါတယ်။ နင် လွတ်လပ်ခွင့်လိုချင်လို့သာ ကိုမင်း နဲ့ စေ့စပ်ဖို့ကို လက်ခံခဲ့တာမဟုတ်လား"

"ဟုတ်တယ်…နန်း၊ အခု လွတ်လပ်ခွင့်ရတော့လည်း မထူးပါဘူးဟာ။ အချိန်တန်ရင် ကိုကို့ကို လက်ထပ်ရမှာ ပဲ။ ဒါပေမဲ့ အချစ်ဆိုတာကို ငါ နားလည်သွားပြီ နန်း"

နန်း ရတုကို တွေတွေငေးငေးလေး ကြည့်လိုက်မိသည်။ အမြဲတမ်း ဘောင်ခတ်ခံရတဲ့လူတစ်ယောက်၊ ဘောင်ပြုတ်သွားမှ အချစ်ဆိုတာကို နားလည်ခွင့်ရတယ်လေ။ နားလည်လာချိန်မှာ အဲဒီအချစ်ဆိုတာကို ခံစားခွင့်မရ၊ ခင်တွယ်ခွင့်မရနဲ့ ဘယ်လောက် ဆိုးလိုက်ပါသလဲ။

နန်း…

ပြည့်စုံချမ်းသာပါတယ်ဆိုတဲ့ ရတုဘဝကို အားကျရမယ့် အစား ရတုကို သနားမိပါသည်။ သူ့အလိုလို ဖြစ်တည်လာတဲ့ နှလုံးသားရဲ့တောင်းဆိုမှုကို ရတု ဖီဆန်ရဦးမည်သာ။

"ရတု နားလည်သွားတယ်ဆိုတာ တစ်ယောက်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိနေလို့ပေါ့။ ရတု ချစ်မိတဲ့သူဟ ခေတ်သမိုင်းလား"

"သူက ငါ့ကို ပျော်အောင် အမျိုးမျိုးလုပ်ပေးတယ် နန်း။ ငါလည်း ပျော်တယ်။ သူ ငါ့အနားမှာရှိနေရင်ကိုပဲ ငါ အလိုလို ပျော်နေမိတာ။ အဲဒါ အချစ်လားလို့ ငါလည်း တွေးနေတာ"

"သေချာတာပေါ့ ရတု"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ နန်းရဲ့မျက်ဝန်းထဲမှာ နားလည်မှုအရိပ်တွေနှင့်မို့ ရတုရင်ထဲမှာ မွန်းကျပ်နေသမျှ နည်းနည်းတော့ သက်သာရာရသလိုပါပဲ။

"ဘာသေချာတာလဲ နန်း"

"ရတု ခေတ်သမိုင်းကို ချစ်နေတယ်ဆိုတာလေ"

"ဒါဆို ငါ ဘာလုပ်ရမလဲ နန်း"

နန်း ရတုလက်ဖဝါးကို ခပ်တင်းတင်း ဆုပ်လိုက်ပြီး…

"အခုအချိန်ကျမှ ဘာလုပ်လို့ရတော့မှာလဲ ရတုရယ်။ ဘာပဲ ဖြစ်ဖြစ် ရတု ကိုမင်းကို လက်ထပ်ရမှာပဲမဟုတ်လား"

"ဟုး"

"ဒါနဲ့ ခေတ်သမိုင်းကရော နင့်ကို ချစ်တယ်လို့ ဖွင့်ပြောပြီလား ရတု"

ရတု လေးတွဲစွာ ခေါင်းခါလိုက်ပြီး…

"ကိုကိုနဲ့ စေ့စပ်ထားတာကို သမိုင်း သိနေတာပဲလေ။ ဘယ်ဖွင့်ပြောပါ့မလဲ။ ဒါပေမဲ့ သူ ငါ့ကို ချစ်နေတယ်





ဆိုတာ ငါ သိတယ်"

"အေးဟယ်…ကံကလည်း နင်တို့နှစ်ယောက်အပေါ်မှာ ရက်စက်လိုက်တာ။ စောစောစီးစီး တွေ့ကြရင် အကောင်းသား"

"နန်း"

"ဟင်"

"ကိုကိုနဲ့ငါက လက်မှမထပ်ရသေးတာ။ ငါ့မှာ ချစ်ခွင့်တော့ရှိတယ်မဟုတ်လား…ဟင်"

"ဒီကိစ္စမှာ ငါ အကြံမပေးချင်ဘူး ရတု၊ နင် ဘာပဲလုပ်လုပ် လူကြီးတွေကို ပြန်မပြောဘူးဆိုတာတော့ ငါ ကတိပေးပါတယ်"

"နန်းရယ်"

ရတု စိတ်ရှုပ်စွာပဲ နန်းနာမည်ကို ခွေးခွေးမြွေမြွေ ခေါ် ိုက်မိသည်။ ထိုစဉ်မှာပဲ ရတုရဲ့ဖုန်းလေးက အသံမြည်လာ ဖြင့် ရတု ဖုန်းကို ကောက်ကိုင်လိုက်တော့၏။ ဖုန်းနံပါတ်ကို ကြည့်ပြီး ရတုမျက်နှာလေး သိသိသာသာ ရှုံ့မဲ့သွားကာ…

"ဘာပြောဦးမလဲ မသိဘူး"

"ဘယ်သူလဲ ရတု"

"ကိုကို"

တိုပြတ်ပြတ်ပြောပြီး ရတု ဖုန်းကို နားမှာကပ်လိုက်လေ ချင်…



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ဟုတ်ကဲ့…ပြောပါ ကိုကို"

"ရတု…ရတုကို ကိုကို အရမ်းလွမ်းတယ်"

"ဟုတ်"

"ရတုရော ကိုကို့ကို မလွမ်းဘူးလား"

"လွမ်း…လွမ်းပါတယ် ကိုကိုရဲ့"

ဖြေရတာ မသက်မသာပါ။

"လွမ်းတယ်သာပြောတယ်၊ ရတု ကိုကို့ဆီကို တစ်ခါ
ဖုန်းစမခေါ်ဘူး။ မနေနိုင်တဲ့ ကိုကိုကပဲ စခေါ်နေရတယ်"

"ကိုကိုကလည်း အဲဒါ…ဟိုလေ…ရတုက မိန်းကလေ
လေ ကိုကိုရဲ့"

ရတု ဆင်ခြေပေးတတ်ပါပြီ။ ဒါ အချစ်စစ်ဆိုတဲ့အရော
သင်ပေးလိုက်သည်ထင်ပါရဲ့။ အချစ်နဲ့တွေ့ရင် လူတွေ လိမ်ညာ
တတ်လာတယ်တဲ့။ အခု ရတု ညာတတ်နေပြီလေ။ အဲဒီအတွ
ခွင့်လွှတ်ပါ ကိုကို။

"ထားပါတော့လေ…ရတုမွေးနေ့ နီးလာပြီနော်"

"ဟုတ်တယ် ကိုကို"

"ရတုမွေးနေ့အမီ ကိုကို ရောက်အောင်လာခဲ့မယ် ရတု"

"ဟင်"

ရတု ဟင်ကနဲ ဖြစ်သွားလေသည်။ နှုတ်က ဖွင့်မပြော
မယ့် စိတ်ထဲကနေ မလာပါနဲ့…မလာပါနဲ့လို့ အထပ်ထပ်အခါ





ပြောနေမိတော့၏။ ရတုရဲ့ပျော်ရွှင်စရာအချိန်လေးတွေကို
ဖျက်ဆီးကြပါနဲ့။

"ရတု"

"ရှင်"

"ကိုကို့သူငယ်ချင်းတစ်ယောက် အမေရိကားကနေ
ပြန်ရောက်နေတာ ရတုကို မြင်ဖူးချင်လို့တဲ့။ သူငယ်ချင်း
နဲ့လာတွေ့ရင်း ကိုကို ရတုမွေးနေ့ကို အရောက်လာခဲ့မယ်
နော်…ဒါပဲနော် ချစ်လေး"

မင်းစိုးစံက သူပြောချင်တာပြောပြီး ဖုန်းချသွားလေတော့
သည်။ ရတု သက်ပြင်းခဏခဏ ချနေတာမြင်ရတော့ နန်းလည်း
စိတ်မချမ်းသာပေ။

သြော်…

ရတုရယ်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

တန်ခူး အဝတ်တွေကို မီးပူတိုက်နေစဉ်မှာ တန်ခူးရဲ့ဖုန်းဆီ မက်ဆေ့ချ်ဝင်သံ ကြားလိုက်ရသည်။ ဖုန်းစင်တာက ပို့တာဖြစ်မှ ပဲလေ။ ဒါကြောင့် တန်ခူး ကိုယ့်အလုပ်ကိုပဲ ကိုယ်ဆက်လုပ် လိုက်သည်။ ဖုန်းကို ယူမကြည့်ဖြစ်ပါဘူး။

နောက်တော့…

မက်ဆေ့ချ်ဝင်သံက တစ်ခါပြီးတစ်ခါ ထပ်လာသည်။ ဒါဆို ဖုန်းစင်တာကပို့တာ မဖြစ်နိုင်ပါဘူး။ တစ်ဦးတစ်ယောက် က ပို့တာပဲဖြစ်မှာပါ။ ဒါပေမဲ့ တန်ခူး မကြည့်ပါဘူး။ အဝတ် တွေအားလုံး မီးပူတိုက်ပြီးပြီဆိုမှ ဖုန်းကိုယူပြီး မက်ဆေ့ချ်တွေ ကြည့်လိုက်လေလျှင်…





"မင်္ဂလာပါ ကောင်မလေး"

"မင်းအသံလေးက အရမ်းနားထောင်လို့ကောင်းတယ်နော်။ ကိုယ် မင်းအသံလေးကို ထပ်ကြားချင်တယ်။ ကောင်မ လေးနဲ့ ခင်ချင်တယ်။ ခင်မင်ခွင့်ပေးနိုင်မလား"

"ကောင်မလေး ဘာလို့ စာပြန်မပို့တာလဲ။ တစ်ခုခု ပြန်ပြောဦးလေ"

"ဟင်…အခုထိ ဘာမှပြန်မပြောဘူးလား"

"ပြန်မပြောရင် ကိုယ် ဖုန်းခေါ်မှာနော်"

မက်ဆေ့ချ်တွေ ပို့ထားတာ အများကြီးပါလား။ ဘယ်သူ များပါလိမ့်။ ကိုယ့်အသံကို နားထောင်လို့ကောင်းတယ်တဲ့။ ဒါဆို တန်ခူးနဲ့ ဖုန်းပြောဖူးသူတစ်ယောက်ယောက်ပဲ ဖြစ်မှာပေါ့။ ဘယ်သူဖြစ်နိုင်မလဲ။ ဒီဖုန်းနံပါတ်နဲ့ တန်ခူး မရင်းနှီးပေ။ တန်ခူး ဘာမှပြန်မပြောရင် သူ တကယ်ဖုန်းခေါ်မှာလား။

ဘယ်လိုလုပ်ရပါ့မလဲနော်။

မက်ဆေ့ချ်ပြန်ပို့ကြည့်လိုက်မယ်ဆိုပြီး တန်ခူး မက်ဆေ့ချ် တစ်စောင် ပြန်ပို့လိုက်သည်။

"အခု စာပို့တာ ဘယ်သူလဲ မသိဘူးနော်"

လို့လေ။ ခဏကြာတော့ ဟိုဘက်က မက်ဆေ့ချ်တစ်စောင် ပြန်ဝင်လာသည်။

"မင်း…ဖုန်းကို ကိုယ် မှားဆက်မိတာလေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိလား"

ဟိုနေ့က ဖုန်းမှားတဲ့လူ။ ဟုတ်တယ်…မိုင်းမွေးနေ့တုန်းက လေ။ ဒီရက်ထဲမှာ ကိုယ့်ဖုန်းကို မှားဝင်တာဆိုလို့ အဲဒီတစ်ယောက် ပဲရှိတာပါ။ ဒါကြောင့်…

"မှတ်မိပါတယ်"

"ဝမ်းသာလိုက်တာကွာ"

"ဘာအတွက် ဝမ်းသာတာလဲ"

"မင်း ကိုယ့်ကို မှတ်မိလို့ပေါ့"

တန်ခူး ခေါင်းခါပြီး နောက်ထပ်မက်ဆေ့ချ် ထပ်မပို့တော့ ပေ။ ဒီလူနဲ့ မက်ဆေ့ချ်သံသရာရှည်နေလို့ မဖြစ်ပါဘူး။ ဘယ်သူ ဘယ်ဝါမှန်းမှ မသိဘဲလေ။ ဒါကြောင့် ဖုန်းကို စားပွဲပေါ်ပြန်တင် ပြီး ကျောခိုင်းလိုက်စဉ် ဖုန်း Ringtone သံက မြည်လာလေသည်။ ခက်တော့တာပဲ။ တန်ခူး နံပါတ်ကိုကြည့်လိုက်တော့ သူပါပဲ။ ဒါကြောင့် ဖုန်းမကိုင်ဘဲနေလိုက်တော့…

မကိုင်မချင်း ခေါ်နေတော့သည်။

ခက်တော့တာပဲ။ တန်ခူး ဖုန်းကိုင်လိုက်ရတော့သည့်အဖြစ် ရယ်ပါ။

"ဒီမှာ"

"ဘာလို့ ဖုန်းမကိုင်တာလဲ ကောင်မလေးရဲ့"

"ရှင်နဲ့ကျွန်မ ပြောစရာစကား မရှိဘူးထင်တယ်နော်။ နောက်ကို ဖုန်းမဆက်ပါနဲ့"





"ဟား…ကြီးကျယ်လိုက်တာကွာ၊ မင်းအသံလေးက နားထောင်ကောင်းလို့ပါ ကောင်မလေးရဲ့။ ခင်မင်ခွင့် တောင်းတာ ခင်ခွင့်မရှိဘူးလား"

"ခင်တာက ခင်လို့ရပါတယ်"

"ဒါဆို ခင်မယ်နော်"

"ကျွတ်"

ခက်ပြီ။ တန်ခူးက သူများတွေလို စကားကို ဒီထက်ပိုပြီး …ရေကျောရေ မပြောတတ်လေတော့ ဘယ်လိုလုပ်ပါ့မလဲ။ …နာပါးနာနဲ့ ပြန်ဆက်ဆံစကားပြောရမယ့်အဖြစ်ပါ။ စိတ်ရှုပ် …လို ကျွတ်ကနဲ လုပ်မိလေတော့…

"ကောင်မလေး…ကိုယ့်ကြောင့် စိတ်ရှုပ်သွားပြီလား။ ဒါဆိုလည်းနေပါနော်…ကိုယ် ကောင်မလေးကို စိတ် မညစ်စေချင်ပါဘူး။ ကိုယ်က ခင်ချင်ရုံသက်သက်ပါ။ ဖွန်ကြောင်တာ မဟုတ်ပါဘူး"

"ဟိုလေ"

"ပြောလေ ကောင်မလေး"

"ခင်လို့ရပါတယ်။ တန်ခူးက မသိတဲ့လူတစ်ယောက်ကို မခင်ရဲလို့ပါ"

"ရဲရဲသာ ခင်လိုက်စမ်းပါကွာ…ကိုယ် မိကောင်းဖခင်ရဲ့ သားသမီးပါ။ လူရှုပ်လူပွေလည်း မဟုတ်ဘူး။ ဒါနဲ့ ကောင်မလေးနာမည်က တန်ခူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မေတန်ခူးပါရှင့်"

"သြော်…နာမည်လေးက လှတယ်နော်"

တန်ခူး ဘာလို့များ ဖုန်းမချဖြစ်သေးဘဲ စကား ဆက်ပြောနေမိပါလိမ့်။ သူ့အသံကလည်း ကြည်လင်ပြတ်သာ နားထောင်လို့ကောင်းပါသည်။ ပြောပုံဆိုပုံကလည်း ယဉ် ကျေးကျေးမို့ ပြဿနာမရှိဘူးထင်ပါရဲ့။

"ကိုယ့်နာမည်ကိုလည်း ကောင်မလေး မှတ်ထား ကိုယ့်နာမည်က မြတ်နိုးအောင်ပါ"

"ဟင်"

"ဘာဟင်တာလဲ"

"မြတ်နိုးဆိုတာက မိန်းမနာမည်နဲ့တူလို့"

တန်ခူးစကားကြောင့် မြတ်နိုးအောင် ရယ်လေတော့သည် ရယ်သံလေးကလည်း နားဝင်ချိုတာ အမှန်တကယ်ပါ။

"နောက်မှာ အောင်ပါနေတာ ယောကျ်ားမှန်း သိသာ တယ်ကွ"

"ဟုတ်ကဲ့ပါ…တန်ခူး ဖုန်းချလိုက်တော့မယ်နော်"

"နေပါဦး ကောင်မလေးရဲ့…ခဏလေးပါ"

"ဘာပြောစရာရှိသေးလို့လဲ"

"ကောင်မလေးက ဘာအလုပ်လုပ်လဲ။ ဘယ်မှာနေတာ ကိုယ် ကောင်မလေးရဲ့လိပ်စာအတိအကျကို သိချ တယ်"





"ရှင်"

ဒါတော့ နည်းနည်းလွန်လာပြီထင်ပါရဲ့။ သူက လူဆိုးမှန်း မသိ၊ လူကောင်းမှန်းမသိ ပြောပြစရာလား။ သူ မမြင်ပေမယ့် တန်ခူး နှုတ်ခမ်းလေး စူသွားမိသည်သာ။ ကိုယ်နဲ့ လူချင်းမမြင်ဖူး၊ မတွေ့ဖူးဘဲ အခုမှ ဖုန်းနဲ့စကားပြောဖူးရုံပဲ ရှိတာလေ။

ဒါကို…

ဘယ်လိုယုံကြည်စွာနဲ့ ပြောပြနိုင်ပါ့မလဲ။

"ကောင်မလေး ပြောပြလေ"

"ဟာ…အဲဒါတော့ မပြောနိုင်ပါဘူး။ အခုမှ ဖုန်းနဲ့ စကားပြောဖူးရုံပဲရှိတာ။ မပြောပြနိုင်ပါဘူး"

"ကောင်းပြီလေ…မပြောချင်လည်း မပြောပါနဲ့၊ ဖုန်းတော့ နေ့တိုင်းဆက်မယ်နော်"

"ဒါပဲနော်…တန်ခူး ဖုန်းချလိုက်တော့မယ်"

"OK…ပျော်ရွှင်မှုအပေါင်းနဲ့ ပြည့်စုံပါစေနော်"

"ကျေးဇူးပါနော်"

ဒါပဲပြောပြီး တန်ခူး ဖုန်းချပစ်လိုက်တော့သည်။ ကိုယ်နဲ့ မသိတဲ့လူတစ်ယောက်ကို တန်ခူး ဘာလို့ စကားတွေ ရှည်ရှည် ဝေးဝေး ပြောနေမိပါလိမ့်။ ပြန်တွေးကြည့်မိတော့ ကိုယ့်ကိုယ် ကိုယ်ပဲ…ဒေါသထွက်မိတော့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

ရတု ကိုကို ရောက်မလာခင်မှာ သမိုင်းနဲ့ အေးအေးဆေးဆေး နှစ်ယောက်တည်း တွေ့ချင်ပါသည်။ ထို့ကြောင့် သမိုင်းဆီကို ဖုန်းဆက်ပြောရကောင်းမလားလို့ စဉ်းစားနေမိသည်လေ။ ဒီနေ့ စနေမို့ ကျောင်းပိတ်ထားပြီး မနက်ဖြန်က တနင်္ဂနွေ ကျောင်းပိတ်ရက်မို့ အပြင်မှာ အေးအေးတွေ့လို့ရသည်လေ။

အိမ်ကိုတော့ ဒီလိုပဲ ညာပြောရမှာပေါ့။

တစ်ခါတလေ အေးအေးဆေးဆေး ဘုရားသွားချင်လို့ပါလို့ လိမ်ရမှာပဲ။ မတတ်နိုင်ဘူးလေ။ ရတု သမိုင်းရဲ့ဖုန်းနံပါတ်ကို ခေါ်လိုက်တော့ ပထမတစ်ခါ မကိုင်ပေ။ အနားမှာ လူမရှိဘူး ထင်ပါရဲ့။

နောက်တစ်ခါ ထပ်ခေါ်မှပဲ…

"ဟယ်လို…အမိန့်ရှိပါခင်ဗျာ"





တမင်ရွဲ့ပြီး ချွဲသံနှင့်ပြောမှန်းသိတာမို့…

"သမိုင်းနော်"

"ဟောဗျာ…ဘာပြောရသေးလို့လဲ၊ အသံက မာနေပါလား"

"ရတုက အကောင်းပြောမလို့ကို"

"ပြောလေ ရတုရဲ့"

"မနက်ဖြန် သမိုင်း အားလား"

"ရတုအတွက်ဆို မအားလည်း ကိုယ်က အားတယ်လို့ပဲ ပြောမယ့်ကောင်လေ"

ဩော်…သမိုင်းရယ်၊ သမိုင်း ဘာကြောင့် ရတုအပေါ် ရုစိုက်အလေးထားလဲဆိုတာ ရတု သိပါတယ်။ ပိုင်ဆိုင်ခွင့်မရ နှုန်းသိသိနဲ့ ပေးဆပ်ခြင်းနဲ့ချစ်နေတဲ့အချစ်၊ ဒီအချစ်ပိုင်ရှင်ကို ရတု သည်း ချစ်ပါသည်။ ပြီးတော့ လေးလည်းလေးစားသည်လေ။

မချစ်နိုင်လို့မဟုတ်ဘဲ…

မဖြစ်နိုင်လို့ သိုသိပ်ဝှက်ကွယ်ထားတဲ့ အချစ်တွေက ပိုပြီး ရသမြောက်သလားတော့ မသိပါဘူး။ အရာအားလုံးက ရိုမက် တစ်ဆန်နေသလိုပါ။

"သမိုင်း"

"ပြောဆို"

"ရတုမွေးနေ့ကျရင်လေ"

"ကိုယ် အားလုံးစီစဉ်ထားပါတယ် ရတုရဲ့…ရတု ပျော်စေရမယ်…စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...သမိုင်းကလည်း ရတု ပြောချင်တာ အဲဒါမဟုတ် ပါဘူး။ စကားကို ဆုံးအောင်နားမထောင်ဘူး။ တကယ် ပဲကွာ"

"ကဲ...ဆုံးအောင်ပြောစေဗျာ"

ရတု နှုတ်ခမ်းလေး စူလိုက်မိသည်။ ဒါကို မိုင်းကိုယ်တိုင် မမြင်ရပေမယ့် ရတု နှုတ်ခမ်းစူသွားပြီဆိုတာ စိတ်ထဲက အလိုလို သိနေသည်လေ။ အရင်ရက်တွေကဆို ညဘက် စာပို့ရင်း တစ်ခါ တစ်ခါ ဗီဒီယိုကောနှင့် စကားပြောဖြစ်ကြသည်လေ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားပြောကြတာ ပေါ့။

အဲဒီအချိန်မှာဆို...

ရတုက သဘောမကျတဲ့စကားလေးများရှိရင် နှုတ်ခမ်းစူ တတ်မြဲပဲလေ။

"ပြောလေ...ရတု ကိုယ် နားထောင်နေပါတယ်"

"ရတုမွေးနေ့အမီ ကိုကို လာမယ်တဲ့"

"ဟင်"

"အဲဒါကြောင့် သူ မလာခင်မှာ ရတု သမိုင်းနဲ့ အေးအေး ဆေးဆေးတွေ့ပြီး စကားတွေ အများကြီး ပြောချင်တယ် မနက်ဖြန် တွေ့ကြမလားလို့"

"ရပါတယ်"

သမိုင်းအသံက တိုးဖျော့သွားလေသည်။ ကိုကိုလာမယ့်





အကြောင်း ရတု သမိုင်းကို မပြောပြချင်ပါဘူး။ မပြောမဖြစ်မို့လို့ ပြောပြရတာပါလေ။

"ကိုယ် ဘယ်ကိုလာခဲ့ရမလဲ ရတု"

"ပြည်သူ့ရင်ပြင်ကိုလာခဲ့ သမိုင်း...ရတု စောင့်နေမယ်။ နံနက် ရှစ်နာရီလောက် ရတု ထွက်ခဲ့မယ်လေ။ သမိုင်း လည်း အဲဒီအချိန်ထွက်ခဲ့ပေါ့။ ဦးရာလူက စောင့်ရမယ် ဖြစ်လား"

"ရတုပြောသမျှ ကိုယ်က အရာရာဖြစ်နေစေရမယ့်ကောင် ပါ ရတုရယ်"

"သမိုင်းရယ်"

ရတု စိတ်မကောင်းစွာ ညည်းတွားလိုက်မိသည်။ တကယ် ဆို ရတု သူ့ကို ဝင်ခေါ်ပြီး အတူတူ တစ်ခါတည်းသွားလို့ရပေ မယ့် ပတ်ဝန်းကျင်ဆိုတာက ရှိနေသေးသည်လေ။ ရတုအသိဖြစ် ဖြစ်၊ သူ့အသိဖြစ်ဖြစ် သိသွားမြင်သွားရင် မကောင်းဘူးပေါ့။

ဟူး...

ဒီလိုလုပ်တာ ရှုံးနေပြီးသားလူကို ရတု နာကျင်အောင် ထပ်လုပ်သလိုများ ဖြစ်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

မိုင်း ရတုက ရှစ်နာရီမှ အိမ်က ထွက်လာခဲ့ဆိုပေမယ့် စိတ်လောကကာ ခုနစ်နာရီကတည်းက အိမ်မှထွက်လာခဲ့သည်လေ။ ကိုယ်က နောက်ကျနေတာမျိုး မဖြစ်ချင်ပါဘူး။ ကိုယ်က စောင့်နေရတာမျိုးပဲ ဖြစ်ချင်သည်လေ။ ဒါကြောင့်ပဲ စောစောထွက်လာခဲ့တာပါ။

ထွက်လာကာနီး···

အဖေက မေးလိုက်သေးသည်လေ။

"သား···မင်း ဘယ်သွားမလို့လဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ပါ အဖေ"

"သူငယ်ချင်းက ယောက်ျားလေးလား၊ မိန်းကလေးလား သား"





"မိန်းကလေးပါ"

မိုင်း မလိမ်မညာဘဲ အမှန်အတိုင်း ဖြေလိုက်ပါသည်။ ညာစရာမှမလိုဘဲလေ။ အမြဲတမ်း ပွင့်လင်းစွာ သူငယ်ချင်းလို ဆက်ဆံခဲ့ကြတဲ့ သားအဖ။ အခုမှ ဘာလို့ညာရမှာတဲ့လဲ။

"ဘယ်သူလဲ သား"

"သူ့နာမည်က ပန်းရတုပါ အဖေ"

"ဟင်···သားသူငယ်ချင်းထဲမှာ ဖေဖေ ဒီနာမည်ကို တစ်ခါမှ မကြားဖူးပါဘူး။ သူငယ်ချင်းအသစ်လား သား"

"ဟုတ်ပါတယ် ဖေဖေ···ဟိုလေ သူ့ခွေးကြောင့် သား ခြေထောက်မှာ ဒဏ်ရာရခဲ့တာ"

"သြော်"

မိုင်း ဖေဖေ့စကားဆုံးပြီမှတ်လို့ ထွက်လာဖို့ ခြေလှမ်းလိုက်စဉ်···

"ခဏနေဦး···သား"

မိုင်း ဖေဖေ့ကို လှည့်ကြည့်လိုက်ပြီး···

"ဖေဖေ ဘာပြောမလို့လဲ···ပြောလေ"

"သူနဲ့ သားက ဘယ်လိုပုံစံမျိုးနဲ့ ခင်ကြတာလဲ။ သူငယ်ချင်းဆိုပြီးတော့"

"ရိုးရိုးသားသား ခင်ကြတာပါ ဖေဖေ···သူက ရှေ့စပ်ပြီး သား မိန်းကလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…အဲဒါဆိုလည်း သွားပါ။ ဒါပေမဲ့ ဖေဖေ တစ်ခုတော့ သတိပေးထားချင်တယ်"

"ဟုတ်ကဲ့…ပြောပါ ဖေဖေ"

မိုင်းက ဖခင်ဖြစ်သူကိုခေါ်တာ အဖေခေါ်လိုက်၊ ဖေဖေ ခေါ်လိုက်ပါ။ ဒါ စိတ်မတည်ငြိမ်ခြင်း သဘောတရားကို သက်ရောက်နေသလား မသိပါဘူး။

"သား အရွယ်ရောက်နေပြီ။ အိမ်ထောင်ပြုမယ်ဆိုရင် ဖေဖေကတော့ တန်ခူးလေးနဲ့ သဘောတူတယ်။ တန်ခူးနဲ့ပဲ ဖြစ်စေချင်တယ် သား"

"ဟုတ်ကဲ့…ကျွန်တော် သိပါတယ် ဖေဖေ"

ဒါပဲပြောပြီး မိုင်း ထွက်လာခဲ့တာပါ။ ဖေဖေက မိုင်းနဲ့ တန်ခူးကို သဘောတူပေမယ့် မိုင်းက တန်ခူးကိုမှ မချစ်ဘဲလေ။ အချစ်ဆိုတာ လုပ်ကြံဖန်တီးယူလို့မှ မရတာ။ တန်ခူးကို မိုင်းက သူငယ်ချင်းလို မောင်နှမလိုပဲ ချစ်တာပါ။

"ဟာ"

မိုင်း ကားလမ်းကို ဖြတ်ကူးမလို့လုပ်နေတုန်း အသက် ခြောက်ဆယ်ကျော် အဘွားတစ်ယောက် ဘယ်မကြည့် ညာမကြည့် နှင့် ကားလမ်းဖြတ်ကူးမလို့ လုပ်နေတာမြင်ရတော့ မျက်လုံးများ ပြာဝေသွားသည်အထိ စိုးရိမ်သွားလေသည်။

"အဘွား"

မိုင်း အဘွားလက်ကို ပြေးဆွဲလိုက်ပြီး…





"အဘွား…မကူးနဲ့ဦးလေ"

"ဟော…အေး"

အဘွားက သူ့မျက်နှာကို မော့ကြည့်ပြီး…

"ကားတွေကလည်း များလိုက်တာ လူလေးရယ်…အဘွား ဘယ်လိုကူးရမှန်းကို မသိတော့ဘူး"

"အဘွားက ဘယ်ကိုသွားမှာလဲဗျ"

"အဘွားက အဘွားသမီးဆီ သွားမှာကွဲ့။ ဒီမှာ အဘွားမှာ စာရွက်ပါတယ်။ အဘွားမြေးလေး ရေးပေးလိုက်တာ လေ။ အဘွားသမီးနေတဲ့နေရာ လိပ်စာဆိုလား၊ လိပ်မှ ဆိုလား မသိပါဘူးကွယ်"

မိုင်း အဘွားထုတ်ပေးတဲ့ စာရွက်ကိုယူပြီး လိပ်စာကို ကြည့်လိုက်သည်။

"ဟာ…အဘွားသမီးက တောင်ဒဂုံမှာနေတာပဲ။ ဒီနေရာ နဲ့ အဝေးကြီး…အဘွားရဲ့၊ အဘွား ဘယ်ကားကို စီးလာ တာလဲ။ နေရာမှားရောက်လာတာ အဘွား"

"ဟော…ဟုတ်လား၊ မသိပါဘူး လူလေးရယ်၊ အဘွားက ဘယ်ကားပဲစီးစီး သမီးအိမ်ကို ရောက်မယ်ထင်ပြီး တွေ့ရာကားပေါ် တက်စီးလာတာ။ အခု ကားတွေက အများကြီး၊ ဘယ်ရောက်နေမှန်းလည်း မသိတော့ပါဘူး ကွယ်"

"ဟာ…ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားတော့ သေသာသေချင်တော့တာပဲ"

မိုင်း ခေါင်းကိုသာ တဖျင်းဖျင်း ကုတ်မိတော့သည်
တောကနေ တက်လာတာထင်ပါရဲ့။ အခုခေတ်မှာ တောသာ
လူလည်တွေ အများကြီးပါ။ ဒီအဘွားက ရန်ကုန်ကို တစ်ခါ
မရောက်ဖူးသေးဘူးထင်ပါရဲ့။ ပြီးတော့ ရိုးလွန်း အ,လွန်းတဲ့
ဖြစ်မှာပါ။

ဟူး···

လူလည်တွေနဲ့တွေ့ရင် ဒုက္ခပဲ။ အဘွားပုံစံက ပိုက်ဆံတော
များများစားစား ပါမယ့်ပုံပဲလေ။ လိပ်စာစာရွက်ထုတ်တုန်း
အင်္ကျီအိတ် ဟသွားလို့ မြင်လိုက်ရတာ ပိုက်ဆံက အများသား
ကူညီကောင်းပါတယ်လေ။

"အဘွား"

"ဟေ"

"အခု အဘွား ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"မသိတော့ပါဘူး လူလေးရယ်"

ပြောပြီး အဘွားက ငိုသံငိုပါလေတော့သည်။

"ဖြစ်နိုင်ရင် အဘွားကို လိုက်ပို့ပါလား လူလေးရယ်"

"ကောင်းပြီလေ···အဘွား မငိုပါနဲ့။ အဘွားသမီးအိမ်ကို ကျွန်တော် လိုက်ပို့ပေးမယ်"

"ဟင်"

သူ့မျက်နှာကို အားကိုးတကြီး မော့ကြည့်တဲ့ အဘွားရဲ့





မျက်ဝန်းမှာ မျက်ရည်ကြည်တွေနှင့်ပါ။ ခေတ်သမိုင်းက သူများ
ကို ကူညီရဖို့ဆိုရင် ဝန်လေးတတ်သူမဟုတ်ပေ။ ပြီးတော့ သနား
ည်း သနားတတ်သူပါ။

"လူလေး···တကယ်ပြောတာလားဟင်"

"တကယ်ပါ အဘွား···လာ···သွားကြရအောင်"

ပြောပြီး မိုင်း အဘွားလက်ထဲက ဆွဲခြင်းကို ယူဆွဲလိုက်
လေတော့သည်။

"ကျေးဇူးတင်လိုက်တာ လူလေးရယ်···အခုလို အဘွားကို ကူညီတဲ့အတွက် ငါ့သားလေး ကျန်းမာပါစေ···ချမ်းသာပါစေကွယ်"

"ကဲ···အဘွား ဆုပေးတာ နောက်မှပေး၊ ဟိုမှာ ကားလာပြီ···လာ"

မိုင်း ပြောလည်းပြော၊ လွတ်နေတဲ့ လက်တစ်ဖက်ကလည်း
အဘွားလက်ကိုဆွဲလျက် ကားပေါ်သို့ တက်ခဲ့တော့သည်။ သူ့မှာ
တော့ကိုလည်း နောက်ဆံတင်းနေရသည်လေ။ ဒီမှာက ကိုယ်မှ
တွေ့ညီရင် ဒုက္ခရောက်တော့မှာမို့ မတတ်နိုင်ဘူး ရတုရေ။

အဘွားကို ပို့ပေးပြီး သွားတော့သွားကြည့်ရမှာပေါ့။ ရတု
မျက်ရည်လက်ရည် စောင့်နေတာ မနေတာကတော့ ကိုယ့်ရဲ့
ကံတရားပါ။

"ရှေ့ကိုတိုး···ရှေ့ကိုတိုး"

"ဟ"



www.burmeseclassic.com

www.burmeseclassic.com



"တိုးပါဗျ…ရှေ့မှာ အချောင်ကြီး၊ ဖိုးချစ် ကမယ်သို့
တောင် ဂျွမ်းထိုးကလို့ ရပါတယ်ဗျာ"

အရေးထဲ စပယ်ယာက တစ်မျိုး။ စပယ်ယာစကားကြေ
မိုင်း ပြုံးစိစိ ဖြစ်သွားသည်သာ။





# အခန်း (၂)

ရတု ထိုင်ခုံလေးပေါ်ထိုင်ပြီး လက်မှနာရီကို ကြည့်လိုက်၊ သက်ပြင်းချလိုက်နှင့်ပါ။ ရောက်လာဖို့ကောင်းနေပြီဖြစ်တဲ့အချိန် သမိုင်း ဘာလို့ရောက်မလာသေးပါလိမ့်။ ဘာများဖြစ်နေပါ သနည်း။ သူ တစ်ခုခုများဖြစ်နေသလားဆိုတဲ့ စိုးရိမ်ပူပန်စိတ်ကြောင့် ထိထိုင်မသာပါ။

သက်ပြင်းချလိုက်…

မတ်တတ်ရပ်လိုက်၊ မျက်လုံးက ဟိုကြည့်နှင့်ပဲ ဟိုအနား အနား လျှောက်သွားလိုက်။ ပြီးတော့ ပြန်ထိုင်လိုက်နှင့်ပဲ ရတု မငြိမ်နိုင်ပေ။

"တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘေးအနားမှာ တစ်ဦးတစ်ယောက်ရပ်ပြီး မေးလိုက်
တာမို့ ထိုလူကို ရတု မော့ကြည့်လိုက်သည်။ ရုပ်က ပြောင်
ချော် စပ်ဖြဲဖြဲပုံနှင့်မို့ ရတု မျက်စောင်းထိုး ချက်ချင်းပဲ မျက်
ပြန်လွှဲလိုက်သည်လေ။

"ဟုတ်လား…တစ်ယောက်တည်းလား၊ အဖော်မပါဘူး
လား"

"မေးခွန်းတွေက များလှချေလား… မေးဖို့ မလိုဘူး
ထင်တယ်"

ရတု မျက်မှောင်ကြုတ်ပြီး မာဆတ်ဆတ် မေးလိုက်ပေ
တော့…

"စေတနာနဲ့ မေးတာပါ။ ချိန်းထားတဲ့လူ ရောက်မလာလို့
လား။ အဖော်လုပ်ပေးမယ်လေ"

"မလိုပါဘူး"

"စေတနာနဲ့ပါ"

"မလိုဘူးလို့ ပြောနေတယ်လေ"

ဒီနေရာမှာ ဆက်ထိုင်နေလို့ မဖြစ်တော့ပါဘူး။ ရတု ဒီလူ
လွတ်ကင်းရာသွားဖို့ ထထွက်လာခဲ့တော့သည်။ ကောင်းကင်မှာ
တိမ်ညိုတိမ်ရိပ်တွေ ဆင်းလာတာကို ရတု သတိမထားမိလော
အောင်ကိုပဲ စိတ်က ဗျာများနေပြီလေ။ သမိုင်း ဘာလို့ရောက်
မလာသေးပါလိမ့်။

ဖုန်းခေါ်ကြည့်ဖို့ကို သတိရပြီး ဖုန်းခေါ်လေတော့ ဘယ်နှ





ခေါ်ခေါ် စက်ပိတ်ထားပါသည်ပဲ ဖြစ်နေတယ်လေ။ သူ ဘာဖြစ်
လေ။ လမ်းမှာ တစ်ခုခုများ ဖြစ်နေသလား။ ဒါမှမဟုတ် မလာ
င်တော့လို့များ မလာသလား။

ဟူး…

"ဖျောက်…ဖျောက်"

"…………"

"ဖျောက်…ဖျောက်…ဖျောက်"

"ဟင်"

မိုးဖွဲတွေကျလာပြီမို့ ရတု ကောင်းကင်ကို မော့အကြည့်မှာ
စက်တွေက ရတုမျက်နှာကို စင်ကုန်လေသည်။ မျက်လုံးထောင့်
ကိုမှန်တော့ မျက်ဝန်းကို မှိတ်ပစ်လိုက်မိတော့၏။ လက်ချောင်း
လေးများနှင့် ပွတ်ပြီး ခေါင်းကို ပြန်ငုံ့လိုက်ချိန်မှာပဲ မိုးက ပိုသဲ
လာသဖြင့်…

ရတု…

အမိုးလေးရှိနေသည့် ထိုင်ခုံလေးဆီသို့ ပြေးရလေတော့
သည်။ မလုံခြုံပေမယ့် တော်သေးတာပေါ့။ ရတု စိတ်ထဲမှာ
ပ်ထွေးလာပြီး ငိုချင်တာနှင့် ငိုချပစ်လိုက်တော့သည်။

"အဟင့်…ဟင့်"

"…………"

"ဟီး…အဟင့်"

"ဝေါ…ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



ရတု ချက်ရည်က မိုးနှင့်အပြိုင်ပေါ့လေ။ ဒီလောက်ဆို
မလာတော့ဘူးထင်ပါရဲ့။ ရတု စောင့်နေတာ ကြာပြီပဲဟာ။
ဒါကြောင့် ရတု ပြန်မယ်လို့ ဆုံးဖြတ်ပြီး ထွက်လာခဲ့တော့သည်။
ဘာကြောင့်လဲ သမိုင်းရယ်။ ချိန်းပြီး ဘာကြောင့် မလာရတာလဲ။

အတွေးနှင့် လှမ်းလာတဲ့ ခြေလှမ်းတွေက လေးတိလေးတွဲ
ပါ။ တစ်ကိုယ်လုံးလည်း မိုးရေတွေစိုလို့။ လက်ထဲမှာ ကိုင်ထား
တဲ့ ဖုန်းကို မိုးမစိုအောင် ထိန်းသိမ်းရကောင်းမှန်းလည်း မသိပေ။

"ဝေါ…ဝေါ"

"အဟင့်"

"ရတု"

"……………"

"ရတု"

"ဟင်"

ရတု ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။

"ရတု…ကိုယ်လာပြီ"

"သမိုင်း"

ရတုဆီကို မပြေးရုံတမယ် ခြေလှမ်းတို့နှင့်လာနေတာ
သမိုင်းပါ။ သူလည်း မိုးရေတွေစိုရွှဲလို့။

"သမိုင်း"

"ရတု"

သမိုင်း လာပြီဆိုတဲ့အသိက သတိတရားကို ကင်းလွတ်





…သွားစေသည်။ လူချင်းနီးကပ်သွားတာနှင့် ရတု သမိုင်းရင်ခွင်ထဲ
…တိုးဝင်ပြီး သမိုင်းကိုဖက်ကာ အားရပါးရ ငိုချလိုက်တော့သည်
…။

"အဟင့်…ဟင့်…ဟီး"

"ဟာ…ရတု"

"အိ…အိ…ဟီး"

"ရတု…မငိုနဲ့လေ၊ ကိုယ် ရောက်လာပြီပဲဟာ။ မငိုပါနဲ့"

"ရတုက သမိုင်း မလာတော့ဘူးထင်ပြီး ပြန်တော့မလို့
လုပ်နေတာ"

"လာမှာပေါ့ ရတုရဲ့…ကိုယ် ဒုက္ခရောက်နေတဲ့ အဘွား
တစ်ယောက်ကို ကူညီနေလို့ ကြာသွားတာပါ"

"အဲဒါဆို ဖုန်းက ဘာလို့ စက်ပိတ်ထားတာလဲ"

ရတု မျက်ရည်တွေကိုသုတ်ပြီး သမိုင်းကို ရန်လုပ်လေလျှင်

"ဆောရီးပါ ရတုရယ်…ကိုယ် တောင်းပန်ပါတယ်။
ကိုယ့်အပြစ်ပါ။ ကိုယ် ဖုန်းကို အားမသွင်းမိခဲ့ဘူး။
အဲဒါကြောင့် အားကုန်ပြီး စက်ပိတ်သွားတာပါ"

"မသိဘူး…မသိဘူး…ဒီမှာ ရတုတစ်ယောက်တည်း
ဘယ်လောက် အားငယ်နေလဲ…သိလား"

"ရတုရယ်"

ရတုက မိုင်းရင်ဘတ်ကို ထုလေတော့သည်။ မိုင်း ကျေနပ်
…အထုခံရင်းကနေ ရတုက ရင်ခွင်ထဲပြန်တိုးဝင်တော့ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွှတ် ပြန်ဖက်ထားလိုက်မိတော့သည်လေ။ မဖြစ်နိုင်တာကို သိလို့ သတိနဲ့ ထိန်းချုပ်ထားပေမယ့် အချစ်ဆိုတဲ့အရာက တားဆီးမရနိုင်ဘဲ ရုန်းကန်ထွက်လာခဲ့ခြင်းပါ။

တကယ်တော့…

အချစ်ဆိုတာ အနေနီးခြင်းဝေးခြင်းနဲ့ မဆိုင်သလို ဆင်းရဲခြင်း၊ ချမ်းသာခြင်းနဲ့လည်း မဆိုင်ပါဘူး။ ရုပ်ချောခြင်း၊ မချောခြင်းနဲ့လည်း မဆိုင်သလို ပညာတတ်ခြင်း၊ မတတ်ခြင်းနဲ့လည်း မဆိုင်ပါဘူးလေ။

"သမိုင်း"

"…………"

"သမိုင်း…လွှတ်ပါဦး"

"ဟင်"

ရတု သူ့ရင်ဘတ်ကို တွန်းလိုက်မှ သမိုင်းလည်း သတိရပြီး ရတုကိုယ်လေးကို လွှတ်ပေးလိုက်သည်လေ။ ပြီးမှ နှစ်ယောက်စလုံး ရှက်ကိုးရှက်ကန်းဖြစ်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိကြသည်သာ။ တစ်ယောက်နဲ့တစ်ယောက် ချစ်တယ်လို့ ပါးစပ်ကဖွင့်မပြောကြပေမယ့် ဒါဟာ အချစ်ပါပဲ။ ကြင်နာမှု၊ မြတ်နိုးမှု၊ ယုယနွေးထွေးမှု၊ ဖေးမကူညီမှု၊ မျှဝေခံစားမှု…

အချစ်နှင့်ပတ်သက်သော ထိုမှု…မှုတွေအားလုံး ပြည့်စုံနေခြင်းက အချစ်၏ ဂုဏ်သတ္တိပဲလေ။

"သူများတွေ မြင်ကုန်ပြီ"





"မြင်လည်း မတတ်နိုင်တော့ဘူး"

"ဘာလို့ သူများကို ဖက်တာလဲ"

"ဟောဗျာ"

သူက အရင်လာဖက်ပြီးတော့ဆိုတဲ့စကားကို သမိုင်း ပြောမထွက်ပါဘူး။ ရတုရဲ့သိက္ခာကို ထိခိုက်မှာစိုးလို့ပါ။

"အရမ်းမုန်းဖို့ကောင်းတာပဲ"

"တကယ်"

"မသိဘူး"

ရတု မျက်စောင်းထိုးလေတော့ မိုင်းက ရယ်လေသည်။

"ချမ်းနေပြီလား ရတု"

"ရပါတယ်"

"ဘာရတာလဲ…တော်ကြာ နေမကောင်းဖြစ်နေမယ်။ လာ…သွားရအောင်"

"ဘယ်ကိုသွားမှာလဲ"

"ပြန်ကြမယ်လေ"

"သမိုင်း"

"ပြောလေ"

"ဒုက္ခခံစောင့်နေပြီးမှ ပြန်ရမှာလား။ ရတု မပြန်ချင်သေးဘူး"

"ကိုယ်က ရတု အရမ်းအေးပြီး နေမကောင်းဖြစ်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်···ဖြစ်"

မိုင်း တကယ်ကို ရတုကို နေမကောင်းဖြစ်မှာစိုးလို့ပါ။ ကိုယ်လည်းနေချင်တာပေါ့။ အခုလိုအချိန်မျိုးလေးကို ဘယ်အဆုံးရှုံးခံချင်ပါ့မလဲလေ။ နှစ်ယောက်သား စကားတွေ အများကြီးပြောပြီး ကြည်နူးချင်တာပေါ့။ မဖြစ်နိုင်မှန်းသိသိနဲ့ကိုပဲ ချစ်နေမိတာ ကိုယ်က ကံဆိုးသူတစ်ယောက်ပါပဲ။

"သမိုင်း···မိုးရေထဲမှာ လျှောက်သွားရအောင်လေနော်။ မိုးရေထဲမှာ လျှောက်သွားရတာ ရတု ပျော်တယ်"

"ဟင်···စောစောကတော့ ငိုပြီးတော့"

"အခု ရတုဘေးမှာ သမိုင်း ရှိတယ်လေ"

"ရတုပျော်ရင် ကိုယ်ပျော်ပါတယ်"

ပြောပြီး မိုင်းက လက်ကမ်းလေတော့ ရတု သူ့လက်ကို ဆုပ်ကိုင်ကာ မိုးရေထဲမှာ အတူလျှောက်ခဲ့ကြတော့သည်။ ကလေးတစ်ယောက်လို ရတု မိုးရေတွေ လက်နဲ့ဖြန့်ခံပြီး မိုင်းမျက်နှာကို ပက်လေတော့ မိုင်းက သူမလိုပဲ ပြန်လုပ်သည်လေ။

နှစ်ယောက်လုံး···

မျက်နှာတွေ သစ်သလိုဖြစ်နေပြီး အရာအားလုံး ပကာသန ကင်းမဲ့စွာ။

"ပျော်လိုက်တာ သမိုင်းရယ်"

"ဟုတ်တယ် ရတု···ဒီနေ့လေးကို ကိုယ် ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး"





"အတူတူပဲပေါ့"

"ကိုယ် ပြေးမယ်···ရတု မီအောင်လိုက်"

"OK"

နှစ်ယောက်သား လက်မထောင်ပြီး သမိုင်းက ရှေ့မှပြေး၊ ရတုက နောက်မှ ပြေးလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

"သမီး"

"ရှင်…အမေ"

အမေခေါ်တာကြောင့် တန်ခူး ကြက်သွန်အခွံနွှာနေရင်း ထူးလိုက်လေသည်။ အမေက မီးဖိုပေါ်မှ ဟင်းအိုးကိုချပြီး ရေနွေးအိုး တည်လိုက်ရင်းမှ…

"မိုင်းမှာ ရည်းစားရှိနေသလား သမီး"

"ရှင်"

အမေက ကောက်ကာငင်ကာ မေးလိုက်သည်မို့ တန်ခူး အံ့ဩကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်သာ။ မိုင်းနဲ့ရတု က သူငယ်ချင်းလည်းမက ရည်းစားလည်းမကျဆိုတော့ တန်ခူး ဘယ်လိုဖြေရပါ့မလဲ။ အမေက ဘာတွေသိထားလို့ မေးပါလိမ့် မိုင်းက ရတုနဲ့တွဲနေတာဆိုတော့ ဒါကိုပဲ မေးတာဖြစ်မှာပေါ့။





မဖြေချင်ပေမဂ့်…

အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မှ မရဘဲလေ။

"အမေက ဘာတွေသိထားလို့ မေးတာလဲ အမေ"

"ဈေးထိပ်မှာ အထည်ရောင်းတဲ့ ကောင်မလေး ပြောလို့ပါ။ ဟုတ်မဟုတ် အမေ မသိလို့ သမီးကို မေးတာပါ…သမီး၊ မိုင်းကို ကောင်မလေးတစ်ယောက်နဲ့တွဲပြီး ပြည်သူ့ရင်ပြင်မှာ တွေ့ခဲ့တယ်တဲ့။ သူကလည်း သူ့ကောင်လေးနဲ့ သွားတာဆိုပဲ"

"ဟင်"

"မိုးရွာထဲမှာ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ဖက်ထားတာကို မြင်ခဲ့တာတဲ့။ သူလည်း မိုင်းနဲ့ တူပါတယ်ဆိုပြီး သေသေချာချာ လိုက်ကြည့်တာ မိုင်းမှ မိုင်းအစစ်ပဲတဲ့"

သတင်းက အတိအကျပါလား မိုင်းရယ်။ ငါ ဘယ်လိုဖြေလိုက်ရမလဲ။ ဟူး…ခုရှပ်မှ နောင်ရှင်းဆိုသလို အမှန်အတိုင်း ပြောလိုက်တာပဲ ကောင်းပါတယ်လေ။ အမေက တန်ခူးနဲ့မိုင်းကို သဘောတူနေတာ မဟုတ်လား။ အမေ့ကို မျှော်လင့်ချက်မထားစေချင်သလို…

တန်ခူးလည်း…

မိုင်းကို မမျှော်လင့်ချင်တော့ပေ။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"..........."

"မေမေမေးတာ ဖြေဦးလေ"

"ဟုတ်တယ် မေမေ···မိုင်းက ရတုကို ချစ်နေတာပါ ရတုက စေ့စပ်ပြီးသားလူနဲ့။ မိုင်းအတွက် ရင်လေး တယ် မေမေရယ်"

"ဘယ်လို"

"မေမေလည်း မိုင်းကို သမီးနဲ့ လက်ထပ်ပေးဖို့ မရည်ရွယ် ပါနဲ့။ သူ သမီးကို ဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူး သမီးလည်း သူ့ကို မမျှော်လင့်တော့ဘူး မေမေ"

ဒေါ်မေထား သက်ပြင်းချလိုက်ပြီး···

"အေးလေ···မိုင်းက သမီးကို မချစ်ဘူးဆိုတော့လည်း မေမေ မတိုက်တွန်းပါဘူးကွယ်။ ရှင်ဘုရင်ဖြစ်မယ့်သူ ဈေးသည်မက မချစ်နိုင်သလို မိဖုရားဖြစ်မယ့်သူကိုလည်း ထန်းတက်သမား မကြိုက်နိုင်သလိုပဲပေါ့။ သူနဲ့ တန် တန်ရာကို ဖူးစာရှင်က သတ်မှတ်ပြီးသားပဲလေ"

"ဟုတ်တယ် မေမေ···ကိုယ့်ကို ဥပေက္ခာပြုရကောင်း ဆိုပြီး မိုင်းအပေါ် သမီး မေတ္တာမပျက်ပါဘူး။ သူငယ်ချင်း အဖြစ်နဲ့ပဲ ဆက်ခင်တော့မယ် မေမေ···သမီး မိုင်း သမီးရဲ့ အိမ်ထောင်ဖက်အဖြစ် မရွေးဘူး"

ဒါ···တန်ခူးရဲ့ဆုံးဖြတ်ချက်ပါ။ လူကြီးတွေ သဘောတူ ယူရမယ်ဆိုလည်း ကိုယ်ကသာ သူ့ကို ချစ်ပြီးရင်းချစ်နေ





က ကိုယ့်ကိုမချစ်ဘဲ အခြားတစ်ယောက်ကို သတိရနေမှာပဲ ဟုတ်လား။

"မေမေကတော့ ဘာမှမပြောချင်ဘူး သမီးရယ်···တစ်နေ့ သံယောဇဉ်ပိုလာကြမယ်ထင်လို့ မေမေက သဘောတူ တယ်ပြောတာပါ။ သူက သမီးကို အလိုမရှိမှတော့ နေပေါ့။ သမီးရဲ့ဖူးစာရှင် အစစ်အမှန်က သူ မဟုတ်လို့ ပေါ့ကွယ်"

မိခင်တစ်ယောက်ရဲ့အတ္တလို့ ဆိုရမလား။ ကိုယ့်သမီးကို လိုမရှိဘဲ အခြားမိန်းကလေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတော့ တ္တာမပျက်သည့်တိုင် ကျေနပ်မှုတော့ မရှိပေ။ မခံချင်စိတ် ည်း ဖြစ်မိတာပေါ့။

တို့ကြောင့်···

"ဒီမှာ သမီး"

"ရှင်···မေမေ"

"သမီး···ချစ်သူရည်းစားရှာရင် မိုင်းထက်သာတဲ့လူကို ရှာနော်။ သူ့ထက်သာတဲ့လူကို သမီး ရနိုင်တယ်ဆိုတာ သက်သေပြလိုက်စမ်းပါ သမီးရယ်"

"အဲဒီလိုတော့"

"ဘာဖြစ်လဲ···သမီး"

"အဲဒီလိုတော့ သဘောမထားပါနဲ့ မေမေရယ်၊ ကိုယ့်လမ်း ကိုယ်လျှောက်ကြတယ်လို့ပဲ သဘောထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် မေမေကတော့ မခံချိမခံသာ ဖြစ်တ
ကွယ်"

"မေမေကလည်း"

သားအမိတွေ စကားပြောနေတုန်းမှာပဲ တန်ခူးရဲ့ဖုန်း သီချင်းသံလေး ထွက်လာသဖြင့် တန်ခူး ဖုန်းကို ယူကြည့်လိ တော့ ကိုမြတ်နိုးအောင် ဆက်တာပါ။ နာမည်နဲ့ မှတ်ထား လေ။ ရိုးရိုးသားသား ခင်နေကြတာပေမယ့် တန်ခူး မိခ မလုံမလဲ ကြည့်လိုက်မိသည်သာ။

ပြီးတော့…

ဖုန်းကို ကိုင်လျက်နှင့် အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့ သည်။

"ဟယ်လို"

"တန်ခူး"

"ဟုတ်ကဲ့…ပြောပါ ကိုမြတ်နိုး"

"ဘာလို့ ချက်ချင်း ဖုန်းမကိုင်တာလဲ တန်ခူး"

"ဟို…အဲဒါ…ဟိုလေ…မေမေရှိနေတော့ စစ်လား လားလုပ်နေမှာစိုးလို့ပါ"

"ဪ"

တန်ခူးလည်း သူနဲ့ကျမှ ကိုယ့်ကိုယ်ကိုယ် နားမလည် လောက်အောင်ပါပဲ။ မတွေ့ဖူး၊ မမြင်ဖူးတဲ့ လူတစ်ယောက် အားနာရာကနေ လက်ခံစကားပြောနေမိတာပါ။ သူက စက





ပြောတာ ယဉ်ကျေးတော့ ကိုယ်က ဘယ်လိုလုပ်ပြီး ခပ်ရိုင်းရိုင်း ဆက်ဆံပါ့မလဲ။

သူနဲ့ စကားပြောဖြစ်တဲ့အချိန်တွေမှာ တန်ခူးက သူမေးတာ ဖြေပဲဖြေပြီး သူ့ကိုကျ ဘာမှမမေးဖြစ်ပေ။ ဒါကြောင့် တန်ခူး သားစုအကြောင်းကို သူက သိသင့်သလောက် သိထားပြီး တန်ခူးကတော့ သူ့အကြောင်း သိပ်မသိပေ။ သူ့နာမည်နဲ့ ဖုန်း ပါတ်ပဲ သိတာပါ။

"တန်ခူး"

"ရှင်"

"ကိုယ်…တန်ခူးတို့အိမ်ကို အလည်လာချင်တယ်။ လာလို့ ရမလား"

"ဟာ…မလာနဲ့…မလာပါနဲ့"

"ဘာဖြစ်လို့လဲ တန်ခူးရဲ့"

"ဟာ…မဖြစ်ပါဘူး၊ မေမေသိရင် တန်ခူးကို ဆူမှာပေါ့"

"တန်ခူးရယ်…ကိုယ်က မိကောင်းဖခင်ရဲ့ သားသမီးပါ တန်ခူးရဲ့…ပြီးတော့ ခင်လို့လာတာပဲဟာ"

"ဟင့်အင်း…တန်ခူး တောင်းပန်ပါတယ်။ ကိုမြတ်နိုး မလာပါနဲ့နော်"

"ဒါဆို…ကိုယ်တစ်ခု ပြောမယ်"

"ဟုတ်"

တန်ခူး ဖုန်းပြောနေရပေမယ့် စိတ်က မလုံပေ။ မေမေများ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကြည့်နေမလားလို့ လှမ်းကြည့်လိုက်တော့ ထင်တဲ့အတို
ပါပဲ။ မေမေက သူမကို လှမ်းကြည့်နေလေသည်။

"မြန်မြန်ပြောပါ ကိုမြတ်နိုးရဲ့…မေမေ လှမ်းကြည့်နေ
ရှင့်"

တန်ခူးအသံက ကြောက်သံပါနေတာမို့ မြတ်နိုးအောင်
ရယ်လိုက်ကာ…

"ဘာလို့ ဒီလောက်ကြောက်နေရတာလဲ တန်ခူးရဲ့
တန်ခူးမေမေကို ဖုန်းပေးလိုက်လေ။ ကိုယ် တန်ခူးမေ
နဲ့ ပြောမယ်"

"ဟာ…မဟုတ်တာ၊ မလုပ်ပါနဲ့ရှင်…ကျွန်မ တောင်း
ပါတယ်နော်"

"ကိုယ်…တန်ခူးကို ဘာမှမလုပ်ဘူးလေ"

"ကိုမြတ်နိုး"

"ဗျာ"

"ရှင်…ဘာပြောမှာလဲ၊ ပြောစရာရှိတာကိုသာ မြန်မြ
ပြောပါ"

တကယ်ဆို ဆက်နားမထောင်ချင်ရင် တန်ခူး ဖုန်းချပစ်
ရသည်လေ။ အဲဒီလိုလည်း ဖုန်းချမပစ်ရက်ပေ။

"ကိုယ်…တန်ခူးနဲ့ တွေ့ချင်တယ်"

"ရှင်"

"ဟုတ်တယ် တန်ခူး…ဒီလောက် နားထောင်ကောင်း





အသံလေးရဲ့ပိုင်ရှင်ကို ကိုယ် မြင်ဖူးချင်တယ်"

"တန်ခူးက မလှဘူးရှင့်"

"တန်ခူး စိတ်ထားလေးကတော့ လှမှာပါ"

"ကိုမြတ်နိုး"

"ကိုယ်…တန်ခူးနဲ့ တွေ့ချင်တယ်"

"နောက်မှပြောတော့ရှင်…ကျွန်မ ဖုန်းချလိုက်ပြီ"

ဒီတစ်ခါတော့ တန်ခူး ဖုန်းချပစ်လိုက်တော့သည်။ မချလို့
ဖြစ်တော့ဘူးလေ။ တန်ခူးအမေက တန်ခူးဆီသို့ လျှောက်လာနေ
မဟုတ်လား။

"သမီး"

"ရှင်…မေမေ"

"ဘယ်သူဆက်တာလဲ"

"သူငယ်ချင်း…သူငယ်ချင်းပါ မေမေ"

"ဪ"

"မေမေ…သမီးကို ဘာခိုင်းမလို့လဲဟင်"

"ဘာမှမခိုင်းပါဘူးကွယ်"

ပြောပြီး ဒေါ်မေထား နောက်ဖေးဘက်သို့ ပြန်လျှောက်သွား
လေတော့သည်။ ဘာမှမဟုတ်သလို ပြန်လှည့်သွားပေမယ့် သမီး
လေ သဲသဲယစိတ်ကလေးတော့ ဝင်သွားသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ထိုနေ့က မိုးမိပြီး ဖျားတာဘာညာမဖြစ်ပေမယ့် ရတု နှာစေးနေတာ တချွဲချွဲနှင့်ပါ။ ဒါကြောင့် စာသင်မသွားတော့ဘူး လေ။ နှန်းတ တားလို့ပါ။ တော်ကြာ နေမကောင်းဖြစ်နေမယ် အိမ်မှာ နွေးနွေးထွေးထွေး နေပါဦးတဲ့။ ဘွားကလည်း ရတုကို အပြင်ခဏခဏထွက်လို့ သိပ်မကြည်ပေ။

ကတိကြောင့်သာပေါ့။

မဟုတ်ရင် ရတု မိုင်းနဲ့ အေးအေးဆေးဆေး ဘယ်တွေ့ ပါ့မလဲ။

"မြေး"

"ဒေါက်...ဒေါက်"

"မြေး"

"ရှင်"





နှန်းနဲ့ နှစ်ယောက်အတူ စကားပြောနေတာမို့ နှန်းကပဲ [illegible]လက်စွာ ထူးလိုက်သည်။ ရတုက နှာပိတ်နေသည်လေ။ [illegible]ကထူးသံကြားတော့ ဒေါကျော့ရှင်း တံခါးကို တွန်းဖွင့်ပြီး [illegible]န်းထဲသို့ ဝင်လာကာ...

"သြော်...နှန်းလည်း ဒီမှာကိုး"

"ဟုတ်ကဲ့...ဘွား"

"ဟင်းနော်...နှစ်ယောက်သား ဘာတွေ ကျိတ်တိုင်ပင်နေ ကြတာလဲ။ ဘွား...သိပ်ကြည့်လို့ရတာ မဟုတ်ဘူးနော်"

"ဘွားကလည်း"

"ဘာမှ ကျိတ်ပြီး မတိုင်ပင်ပါဘူး ဘွားရဲ့...ဖုန်းထဲက သီချင်းတွေဖွင့်ပြီး နားထောင်နေတာပါ"

နှန်း အဘွားကို ပြောင်လိမ်လိုက်မိသည်။ အဘွားက [illegible]မှောင်ကြုတ်သွားပြီး...

"သီချင်းနားထောင်နေတာ...ဟုတ်လား၊ ဘွား ဘာသီချင်း သံမှ မကြားမိပါဘူး"

"ဘွားကလည်း ဘွား ဘယ်ကြားမှာလဲ။ နှန်းတို့က နားကြပ်နဲ့ နားထောင်နေကြတာကို"

"သြော်"

ရတုက နှာစေးနေလို့ စကားသိပ်မပြောဘဲ နှန်းချည်းပဲ ပြော [illegible]ရသည်လေ။ ကြာရင် နှန်းကို အဘွား အမြင်ကတ်ပြီး ဆူတော့ [illegible]ဲ။



www.burmeseclassic.com

www.burmeseclassic.com



"မြေး"

"ရှင်…ဘွား"

"ဒီနေ့ ခြေငြိမ်နေပါလား၊ ဘယ်မှ မသွားဘူးလား"

"ဒီနေ့ နားချင်လို့ပါ ဘွား…မသွားပါဘူး"

"ဟင်"

မြေးအသံက နှာသံပါနေသဖြင့် ခေါင်းကျော့ရှင်း မြေးအော

မှာ ဝင်ထိုင်လိုက်ရင်း…

"နေမကောင်းဘူးလား…မြေး"

ပြောပြောဆိုဆိုနှင့် မြေးရဲ့နဖူးကို လက်နှင့်စမ်းကြည့်လိုက်

မိသည်။

"နေကောင်းပါတယ် ဘွားရဲ့…နှာစေးရုံတင်ပါ"

"နှာစေးနေတယ်"

"ဟုတ်"

"နှာစေးနေတာ မိုးမိလို့လား…ဘွားကို မှန်မှန်ပြောစမ်း မြေး…ဟိုနေ့က မိုးမိလာတယ်မဟုတ်လား။ အဲဒါ ဘယ်ကိုသွားတာလဲ…ပြော"

အဲ…ခက်ပြီ။ မိုးမိတာက ဟိုရက်က။ နှာစေးတာက အခု ထိမပျောက်သေး။ လူကြီးတွေ သိမှာစိုးလို့ အားလုံးကို ရှောင်နေ ကာမှ ဘွားက တည့်တည့်ကြီးကို လာမေးနေပါပြီ။ ဒီနှာခေါင်း တော်တော် ဂြိုဟ်မွှေပါလား။ ဝိတ်တာကြာပြီ။ အခုထိ မပျောက် နေသေးဘူး။





နှန်းကို ကြည့်လိုက်တော့…

ဘယ်လိုဖြေမလဲဆိုတဲ့သဘောနှင့် မေးဆတ်ပြလေသည်။

"ဘွား…မေးတာဖြေလေ မြေး"

"ဟို…အဲဒီနေ့က မြေး ဘုရားသွားမယ်လို့ ပြောခဲ့တယ်လေ ဘွားရဲ့…ဘုရားပေါ်မှာကတည်းက မိုးမိတာပါ"

"ဟယ်…အဲဒါ တစ်နေရာရာမှာ မိုးဝင်ခိုလိုက်ရောပေါ့ မြေးရဲ့"

"အဟဲ…မိုးရွာရင် မြေးက မိုးရွာထဲ လျှောက်သွားရတာ ပျော်တယ်လေ။ ဘွား…သိရဲ့သားနဲ့"

"ဖြစ်ရမယ်"

အဲဒါတော့ အမှန်တကယ်ပါ။ ရတု ငယ်ငယ်တုန်းကဆို မိုးရွာပြီဆိုရင် မိုးရွာထဲ လျှောက်ပြေးလို့ ဘွားက မေမေ့ကိုဆူတာ ခဏခဏပါပဲ။ ရတုက မေမေ မသိအောင် မိုးရွာထဲပြေးပြီး ကစားတာပါ။

"ကဲပါ…အခုမှ ဆူနေလို့လည်း မထူးပါဘူး။ နောက်ကို အဲဒီလိုမလုပ်ပါနဲ့ မြေး…တစ်ခုခုဖြစ်ပြီဆို ဘွားတို့ပဲ စိတ်ပူရတာ။ အခုလည်း ဆေးသောက်…မသက်သာရင် ဆေးခန်းသွားရမယ်"

"သက်သာပါတယ် ဘွားရဲ့…မြေး ဆေးသောက်ထားပါတယ်"

"အေးပါ မောင်မင်းစိုးစံလာရင် နေကောင်းအောင်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးစံဆိုတဲ့အသံကြားတာနှင့် ရတုမျက်နှာလေး အိုစာသွားလေသည်။ ဖြစ်နိုင်ရင် မလာစေချင်ပါဘူး။ ရတု ကိုယ့်မွေးနေ့လေးမှာ မိုင်းနဲ့ ပျော်ရွှင်စွာ ဖြတ်သန်းချင်ပါသည်။ မတောင်းကောင်းတဲ့ဆုကိုသာ တောင်းချင်ပါသည်လေ။ ကိုကို နေမကောင်းဖြစ်ပါစေ။

ဒါမှမဟုတ်…

ကိုကို အလုပ်ရှုပ်ပြီး မလာနိုင်ပါစေနဲ့လို့ပေါ့။

ဟူး…

ဘာပဲဖြစ်ဖြစ် ရတု လက်ထပ်ရမှာ ကိုကို။ ရတု ကိုကို့အပေါ်မှာ သစ္စာမဲ့မိနေပြီ ကိုကို။ ရတုကို ခွင့်လွှတ်ပါ။ ရတု နှလုံးသားရဲ့အမိန့်ကို မလွန်ဆန်နိုင်လို့ပါ ကိုကိုရယ်။

"ဘွား…ပြောတာ ကြားလား မြေး"

"ဟုတ်ကဲ့ပါ…ဘွား"

"မြေး…ဖေဖေနဲ့မေမေလည်း မြေးကို မမြင်လို့ မေးနေကြတယ်။ အခန်းအောင်းမနေနဲ့…အပြင်ထွက်ဦး"

"ပြီးရင်…မြေး ထွက်လာခဲ့ပါ့မယ်…ဘွား"

"အေး…အေး…ဒါဆို ဘွား…သွားမယ်"

"ဟုတ်ကဲ့…ဘွား"

ဘွား ထွက်သွားမှပဲ နှမ်း ရတုဘက်သို့ တိုးထိုင်ကာ…

"ရတု"

"ဟင်"





"ငါလေ နင့်ကို အရမ်းသနားတာပဲ သိလား"

"ဟူး"

ရတု လေကို မှုတ်ထုတ်ပစ်လိုက်သည်။ ကိုယ်က သနား…ရာသတ္တဝါ ဖြစ်နေပြီလား။ အေးလေ…ချစ်တိုင်းမညား၊ ညား…ငြင်းလည်းမချစ်တဲ့။ အဲဒီအဖြစ်နဲ့ ရင်ဆိုင်နေရ၊ ရတုရဲ့ရင်ထဲမှာ…ဖြစ်နေပြီလေ။ ရတုရဲ့နှလုံးသားက ကျရှုံးမှာ အသေအချာပါ။

သေမယ်မှန်းသိသိနဲ့ကိုပဲ…

အသေခံပြီး အချစ်မြေပြင်ကို တိုးဝင်မိတာပါ။

"ငါ ငိုချင်တယ် နှမ်းရယ်"

"ဟာ…အခုတော့ မငိုနဲ့ဦး…ရတု၊ လူကြီးတွေသိရင် ပြဿနာရှာနေပါဦးမယ်…ဟာ"

"နှမ်းရတ်"

"အမ်…ဘာလဲဟ"

"ငိုချင်တာကို အချိန်တွေ၊ ရက်တွေ ရွှေ့လို့ရမလားဟဲ့"

"အေး…ဟုတ်သားပဲ…ခစ်…ခစ်"

"ခစ်…ခစ်"

ငိုချင်တယ်ဆိုတဲ့ ရတုလည်း အခုတော့ နှမ်းကြောင့်…နေမိပြီပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"မိုင်းရေ…ပြီးပြီလား"

"ပြီးပြီ…ပြီးပြီ"

တန်ခူး ခေါ်လိုက်တာကြောင့် မိုင်း ပုဆိုးကို ကပျာကသီ လဲလိုက်သည်။ အောက်ကို ပုံချလိုက်တဲ့ ပုဆိုးကို ငုံ့အကောက်တွင်…

"သား"

"ဗျာ…ဖေဖေ"

"အဝတ်အစားသစ်တွေ ဝတ်လို့ပါလား။ ဘယ်သွားကြ မလို့လဲ"

"ဒီနေ့ သူငယ်ချင်းမွေးနေ့ရှိလို့ပါ ဖေဖေ"

"သူငယ်ချင်းက မိန်းကလေးလား…ယောကျ်ားလေးလား ကွ"





ဦးသက်လွင် မေးပုံက ခါးထောက်ပြီး မျက်မှောင်ကြီး ကြုတ်လို့ပါ။ သူ မိုင်းကို တန်ခူးလေးနဲ့ပဲ သဘောတူတာလေ။ အခု မိုင်းက အခြားကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်တဲ့။ ကောင်မလေးက စေ့စပ်ပြီးသားလူ ရှိတယ်ဆိုလားပဲ။

သတင်းဆိုတာ…

ဟုတ်တာဖြစ်ဖြစ်၊ မဟုတ်တာဖြစ်ဖြစ် ပျံ့လွယ်နှံ့လွယ်ပဲ လေ။ သူ…သားရဲ့သတင်းတွေကို စစနန ကြားနေရတာ စိတ် ချမ်းသာပါဘူး။ မေးရကောင်းမလား၊ မမေးရကောင်းမလား ဆိုတာကို ချင့်ချိန်နေတာပါ။ အခုတော့ မေးဖို့အကြောင်းဖန်လာပြီ မဟုတ်လား။

"ခေတ်သမိုင်း"

"ဗျာ"

ခေတ်သမိုင်းလို့ နာမည်အပြည့်အစုံ မခေါ်ခဲ့တဲ့ အဖေက အခု နာမည်အပြည့်အစုံခေါ်လိုက်တာမို့ မိုင်းစိတ်ထဲမှာ ထိတ်ကနဲ ဖြစ်သွားလေသည်။

"ငါ မေးနေတာ ဖြေလေကွာ…သူငယ်ချင်းက ယောကျ်ား လေးလား…မိန်းကလေးလား"

"ဖေဖေ ဘာလို့မေးတာလဲ"

"ငါ့ကို ပြန်မမေးနဲ့…ငါ မေးတာကိုပဲ ဖြေပါ"

"မိန်းကလေးပါ"

"သူငယ်ချင်းရော ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုင်း ဘယ်လိုဖြေရမှန်းမသိတော့ဘူးသင်ပါရဲ့။ ဦးသက်လွှ သား တကယ်ချစ်တယ်၊ စိတ်ချမ်းသာမယ်ဆိုရင် မပြောလိုပါဘူ ဘယ်လိုမိန်းကလေးမျိုးဖြစ်ဖြစ် သဘောတူမိသည်လေ။ အခု နေစပ်ပြီးသားလူရှိတဲ့ မိန်းကလေးတဲ့။

ပြီးတော့…

အရမ်းချမ်းသာသည်တဲ့လေ။ တစ်နေ့ ကိုယ့်သားရဲ့ ကျဆုံး ခန်းကို မမြင်ချင်ပါဘူး။ ဘယ်လိုမိဘမျိုးက မြင်ချင်ပါ့မလဲလေ

"ဖေဖေ သိနေတယ်…သား၊ ငါ့သားရဲ့ ကျဆုံးခန်းကိ ဖေဖေ မမြင်ချင်ဘူး"

"ဖေဖေ"

မိုင်း ဆွံ့အ,နေသူတစ်ယောက်ပမာ ဘာဆက်ပြောရမှ မသိသလို တန်ခူးလည်း ပါးစပ်အဟောင်းသားနဲ့ ဘာဝင်ပြောရ ရမှန်း မသိမေ။

"မင်းက ဘာနဲ့တူလဲ…သိလား…ခေတ်သမိုင်း"

"………"

"ကိုယ့်မျက်စိရှေ့က ကြက်သားပန်းကန်ကို ဖယ်ပစ်ပြီ သူများပန်းကန်ထဲက အဆီတဝင်းဝင်း ထနေတဲ့ ဝက်သားတုံးကို မမီမကမ်း လှမ်းနှိုက်တဲ့လူနဲ့ တူတယ် မစားရဘဲနဲ့ လက်ကို ရိုက်ချခံရမှာက မင်း"

မိုင်း ခေါင်းငုံ့ထားမိရင်းမှ…

"သား နားလည်ပါတယ် ဖေဖေ… သား သူများပန်းက





ထဲက ဝက်သားကို လုစားမှာ မဟုတ်ပါဘူး။ အချစ် ဆိုတာ ပိုင်ဆိုင်ခြင်းသက်သက်မှ မဟုတ်ဘဲ ဖေဖေ"

"မင်း… ငါပြောတာကို သဘောမပေါက်ဘူး။ နောက်ဆုံး မင်းကို နာကျင်ပြီး ကျန်ခဲ့ရမှာစိုးလို့ ပြောနေတာကွ"

"သူ့ကို ကျွန်တော် ပျော်စေချင်တယ် ဖေဖေ"

"မင်းအတွက်ကရော"

"ရပါတယ်"

"ဒါဆို ပြီးတာပဲ"

ဦးသက်လွင် ဘာမှဆက်မပြောတော့သလို မျက်နှာလွှဲထား ဘာ မိုင်းနဲ့တန်ခူးကို လုံးဝ လုံးဝ မကြည့်တော့ပေ။ တန်ခူးက မိုင်းကို လက်ကုတ်ခေါ်ပြီး သွားဖို့အချက်ပြလေသည်။ ဖေဖေ ကြိုက်သည့်ကြားမှ မိုင်း ဖွတ်တိုးထွက်ခဲ့ပြီ။

သားကို ခွင့်လွှတ်ပါ ဖေဖေ။

အချစ်အတွက်…

သား တတ်နိုင်သလောက် ဖြည့်ဆည်းပါရစေ။ ပေးဆပ် ပါရစေတော့။

●



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

ဒီနေ့ ရတုမွေးနေ့။

မိဘမဲ့ဂေဟာမှာ ဟိုတစ်ခါလိုပဲ မုန့်ကျွေးပြီး စာအုပ်ဝေ
လှူမှာလေ။ ဒီတစ်ခါ ကလေးတွေက အရင်တစ်ခါလို ကိုယ်
စိမ်းသက်မနေတော့ပေ။ ရတု ကိုယ့်မွေးနေ့လေးမှာ သမိုင်း
လွတ်လွတ်လပ်လပ် ပျော်ချင်ပေမယ့် အခု ကိုကိုက ရ
သေးနားမှာပါ။

ပြီးတော့…

ကိုကို့သူငယ်ချင်းလည်း ပါလာသည်ဆိုတော့ ရတု စိတ်
နေမိသည်သာ။ ကျောင်းကိုရောက်တော့ အားလုံးက ဆီးကြို
မှာ…

"ဆရာမ လာပြီ…ဆရာမ လာပြီဟေ့"

"ဆရာမ"





ကလေးတွေက ရတုလက်ကို ဝိုင်းဆွဲခေါ်ကြလေသည်။
သာထဲကို ဝင်လိုက်တာနှင့်…

"ဖြောင်း…ဖြောင်း…ဖြောင်း"

"မင်္ဂလာ…မွေးနေ့မင်္ဂလာ…မွေးနေ့မှစ၍ နောက်
နှစ်တစ်ရာတိုင် ပျော်ရွှင်ပါစေ။ မင်္ဂလာမွေးနေ့မင်္ဂလာ…
မွေးနေ့မှစ၍ နောက်နှစ်တစ်ရာတိုင် ပျော်ရွှင်ပါစေ"

ရတု ကလေးတွေ ဆုတောင်းပေးတာက သီချင်းလေးလို
ထားတာမို့ အရမ်းသဘောကျ ဝမ်းသာရပါသည်။ ဒါ သမိုင်း
သင်ထားတာဖြစ်မှာပေါ့။ ကလေးတွေကငယ်တော့ မဆိုတတ်
တတ်နှင့်ဆိုကြတာ မညီမညာ။ အဲဒီမညီမညာအသံလေးကိုပဲ
သဘောကျရသည်သာ။ သမိုင်း…သမိုင်း ဘယ်မှာလဲ။
မိုင်းကို အခုထိ မတွေ့ရသေးပါလား။ ရတု မျက်လုံးဖြင့်
မိုင်းကို ရှာနေမိသည်။

"သားသားမီးမီးတို့လည်း ကျန်းမာချမ်းသာရှိကြပါ
စေကွာ"

မင်းစိုးစံက ကလေးတွေကို ဆုတောင်းစကားပြန်ပြောလေ
သည်။ ပြီး ရတုကို ငုံ့ကြည့်ကာ…

"ရတု"

ရတုကို ခေါ်လိုက်တော့ ရတုက ပြန်ကြည့်ကာ…

"ရှင်"

"ကလေးတွေကို ဆုတောင်းစကားဖြစ်ဖြစ်၊ ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



စကားဖြစ်ဖြစ် ပြန်ပြောလိုက်ဦးလေ”

“မလိုပါဘူး ကိုကိုရယ်…ဒီကလေးတွေက ရတုနဲ့ ရင်
နေပါပြီ။ ရတု သူတို့လေးတွေအတွက် ရင်ထဲက
ထာဝရ ဆုတောင်းပေးနေမှာပါ”

“ဝေး”

“ဟေး”

“ဖြောင်း…ဖြောင်း…ဖြောင်း”

“ဟင်”

ကလေးတွေ အော်ပြီး လက်ခုပ်တီးလိုက်တာနှင့် မွေး
ဆုတောင်းသီချင်းသံလေးက ထွက်လာသည်။ ပြီးတော့ ကျေ
ရဲ့အပြင်ဘက်ကနေ ကခုန်ပြီးဝင်လာတဲ့ ဝက်ဝံရုပ်လေး နှစ်ရု
သီချင်းသံနှင့် ကနေတဲ့ ဝက်ဝံရုပ်လေးနှစ်ရုပ်က ရတုတို့
အလယ်မှာထားပြီး သူတို့က လှည့်ပတ်ကနေတာလေ။

ပြီးတော့…

ကနေတဲ့ ဝက်ဝံရုပ်ထက် ပိုကြီးတဲ့ ဝက်ဝံနှစ်ရု
ထပ်ရောက်လာပြီး သူတို့ကတော့ လှုပ်လီလှုပ်လဲ့ပါ။

“ရတု”

“ရှင်…ကိုကို”

“ဒီလိုတွေ ဘယ်သူစီစဉ်ထားတာလဲ မသိဘူးနေ
ပျော်စရာကောင်းလိုက်တာ…ခေတ်သမိုင်းရဲ့ idea
ထင်တယ်။ ကိုကိုတောင် အခုလိုလုပ်ပေးဖို့ မစဉ်းစားမိဘူး





“ဟုတ်တယ် ကိုကို…ခေတ်သမိုင်းရဲ့ idea တွေလေ”

“ရတု ပျော်လား”

“ပျော်တာပေါ့ ကိုကိုရဲ့”

“ရတု ပျော်တာမြင်တော့ ကိုကိုလည်း ပျော်တယ်”

ပြောပြီး မင်းစိုးစံက ရတု ပါးပြင်လေးကို ဖျစ်လိုက်လေတော့…

“ဟော့ကောင်…ဟော့ကောင်…ငါ့ကို အားနာဦး”

မင်းစိုးစံရဲ့သူငယ်ချင်းက ပြောလေတော့ မင်းစိုးစံ ရယ်လေသည်။

သမိုင်း…

ထိုမြင်ကွင်းကြောင့် သမိုင်း ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားလေသည်။ ဩော်…သူတို့က ပျော်နိုင်သူတွေပေါ့။ ကိုယ်ကတော့ အဖြည့်ခံသက်သက်နဲ့ တစ်နေ့ ကျန်ခဲ့ရမယ့်သူ။ ကျန်ခဲ့ရမှာသိသိနဲ့ ကိုယ် ဖြည့်ဆည်းပေးတာ ကိုယ့်အချစ်ပါ။

အချစ်ရေးမှာ…

ကိုယ်က ကံမကောင်းတဲ့သူ။ ကျလာတဲ့မျက်ရည်တွေကို သမိုင်း ဘယ်လိုမှမသုတ်ပေ။ ကျပါစေလေ…အချစ်အတွက်ကျတဲ့ မျက်ရည်မို့ မိုင်း မသုတ်ပါဘူး။

“Happy Birthday ပါ ရတု”

“ထာဝရ ပျော်ရွှင်ပါစေ”

“သမိုင်း”



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းအသံကို ရတု မှတ်မိသွားပြီလေ။ သမိုင်း ဝက်
ခေါင်းကို ချွတ်လိုက်ပြီး တစ်ဖက်လှည့်ကာ မျက်ရည်စတွေ
သုတ်လိုက်သည်။ ပါးစပ်ကလည်း···

"မျက်လုံးက ဘာဖြစ်တယ်မသိဘူး။ ဒီနေ့ ကြည့်မကော
ဘူးဖြစ်နေတယ်"

"ဘာဖြစ်တာလဲ ညီ···"

"မသိဘူး အစ်ကို···ဘာဖြစ်မှန်းမသိတာ"

"ဩော်"

မိုင်း ဘာဖြစ်တယ်ဆိုတာ တန်ခူး သိတာပေါ့။ တန်
လည်း စိတ်မကောင်းပါဘူးလေ။ ဒါပေမဲ့ ဘာတတ်နိုင်မှာတဲ့
ကိုယ်ကူညီလို့ရတဲ့ကိစ္စတော့ တန်ခူး ကူညီနေတာပဲလေ။ ရတု
နီးစပ်ဖို့က ကူညီလို့မှ မရနိုင်တာ။ တန်ခူးလည်း ဝက်ဝံရုပ်ကြီး
ချွတ်လိုက်ပြီးနောက်···

"ရတု"

"တန်ခူး"

"Happy Birthday ပါ"

ပြောပြီး တန်ခူး ကျောင်းသားလေးတစ်ယောက်ကို ခ
ကိုင်နိုင်းထားတဲ့ အထုပ်ကလေးတစ်ထုပ်ကို သွားယူလိုက်က

"ရော့···ရတု၊ ဒါ ရတုအတွက် မွေးနေ့လက်ဆောင်ပ

"ဘာတွေလဲ တန်ခူး"

"ဆွယ်တာလေးပါ···တန်ခူးကိုယ်တိုင် ထိုးထားတာလေ





"ဟုတ်လား···ကျေးဇူးပါ တန်ခူးရယ်"

"ရပါတယ်···ပျော်ရွှင်ပါစေ ရတု"

တန်ခူး နောက်ထပ် ဒီနေရာမှာ ဆက်ရပ်မနေချင်ပါဘူး။
င်းအဖြစ်ကို မကြည့်ရက်ပေ။ ဒါကြောင့် ရတုကို နှုတ်ဆက်ပြီး
ပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။

"မင်းမင်း"

"မင်းတို့ ပြောကြကွာ···ငါ ငါ့ကောင်မလေးဆီ ဖုန်းဆက်
လိုက်ဦးမယ်"

"မင်းကလည်း အခုမှ အဖြစ်သည်းနေလိုက်တာ"

"မသည်းလို့ မရဘူးလေကွာ···မင်းက အဆင်ပြေနေပြီ။
ငါက အဆင်ပြေသေးတာ မဟုတ်ဘူး"

"အေးပါကွာ···သွား···သွား"

အပြင်ဘက်မှာ တန်ခူးတစ်ယောက်တည်းရပ်ပြီး မြေပြင်ကို
ငိုမှာယ်မဲ့ ငေးကြည့်နေမိသည်။ ခြေသံကြားပေမယ့် ချက်ချင်း
ကြည့်မကြည့်ဖြစ်ပေ။ နောက်မှ လှည့်ကြည့်ဖြစ်တော့ ရတုတို့နှင့်
အတူ ပါလာတဲ့လူပါ။ အကျီကြ အဖြူကို စတစ်ကော်လာနှင့်
တွဲရှည်လေ။ ပုဆိုးက အပြာရောင်ကွက်စိတ်နဲ့မို့···

အချောကြီးမဟုတ်ပေမယ့်···

ကြည့်ကောင်းနေပါသည်။ တန်ခူး ခဏကြည့်လိုက်စဉ်မှာ
ူက ဖုန်းဆက်မလို့ထင်ပါရဲ့။ နံပါတ်တွေကို နှိပ်နေလေသည်။
ကြာတော့···



www.burmeseclassic.com

www.burmeseclassic.com



အချစ်စစ်ဟာ ကြိုခင်းထားတဲ့ ပန်းခင်းမဟုတ်မှန်း×××
တို့မျက်ရည်ကို မြင်ရင် မင်း သိပါတယ်×××

"ဟင်"

ချစ်ခြင်းနဲ့ဘဝကို အခွင့်ရှိတဲ့သူလို×××တို့က ကံကောင်း
မယ်ဆိုရင် မင်းနဲ့နီးမယ်×××

ကိုယ့်ဖုန်းက အသံမြည်လာသဖြင့် တန်ခူး ဖုန်းကိုကြည့်
လိုက်တော့ ကိုမြတ်နိုး ဆက်တာပါ။ တန်ခူးလည်း သူ့ကို
သံယောဇဉ်တွယ်မိသလို ဖြစ်နေပါပြီ။ သူ ဖုန်းဆက်ရင် ဖုန်းမကိုင်
ဘဲ မနေနိုင်ပါဘူး။ မိုင်းကြောင့် ခံစားနေရသမျှ…

သူနဲ့ စကားပြောရရင် နည်းနည်းသက်သာသလိုပါ။ တန်ခူး
ဖုန်းကို နားမှာကပ်လိုက်ပြီး…

"ဟယ်လို"

"တန်ခူး…ဘာလုပ်နေလဲ"

"ဘာမှမလုပ်ပါဘူး"

"ကိုယ် တန်ခူးကို အရမ်းသတိရနေတာ"

"ဟုတ်လား"

"တန်ခူးရော…ကိုယ့်ကို သတိမရဘူးလား"

"ဟင်"

ဖုန်းထဲက ကြားရတဲ့အသံအပြင် နောက်ထပ် တစ်သံ
ဒီစကားအတိုင်းပဲ ကြားနေရသည်မို့ နှစ်ယောက်စလုံး တွေကာ
ဖြစ်သွားကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ





။ တန်ခူး သူ့ကို မျက်လုံးဝိုင်းလေးနှင့် ကြည့်နေစဉ်မှာပဲ…
သူက…
တန်ခူးကို ပြန်ကြည့်နေရင်း…
"တန်ခူး"
"ရှင်"
သူ ဖုန်းကို ချက်ချင်းချလိုက်ပြီး…
"တန်ခူး…မင်း…မင်းက တန်ခူးလားဟင်"
"ရှင်က…ကို…ကိုမြတ်နိုးလား"
"ဟား"
တကယ် သေချာပြီဆိုတာ သိလိုက်ရတော့ မြတ်နိုး
…တတ် ဝမ်းသာသွားလေသည်။ တန်ခူးတဲ့…အသံလေးက
…လို လူကလည်း ယဉ်စနှင့်ပါ။ ကိုယ့်စိတ်ကူးထဲမှာ ပုံပေါ်
…ဘာ ဒီလောက်အထိ မဟုတ်ခဲ့ပါဘူး။ အများကြီး မချော်လင့်
…လေ။ အသံလေးကို စွဲလမ်းခဲ့ခြင်းမှာ ရုပ်ရည်ကို ချောမော
…မယ်လို့ မတွေးရဲခဲ့ပါဘူး။
အခု…
ယဉ်ယဉ်လေးနဲ့လှနေတဲ့ မိန်းကလေးဟာ ကိုယ်စွဲလမ်းခဲ့တဲ့
…ိုင်ရှင် တန်ခူးဖြစ်နေတော့သူမှ မပျော်ရင် ဘယ်သူပျော်မလဲ

"ဟုတ်တာပေါ့…ကိုယ်…မြတ်နိုးစစ်စစ်ပါ တန်ခူး။
လုံးဝ ရေရောမထားဘူး။ ကိုယ် ဝမ်းသာလိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တန်ခူးကို အရမ်းတွေ့ချင်နေတာ။ အခုလို တို
တိုက်ဆိုင်ဆိုင် တွေ့ရလိမ့်မယ်လို့ ထင်မထားဘူး။ ကို
ဘယ်လိုဝမ်းသာမှန်းကို မသိတော့ဘူးကွာ”

“ဟုတ်တယ်နော်…တိုက်ဆိုင်လိုက်တာ”

“အဲဒါ ရေစက်ပေါ့”

“ရှင်”

“တန်ခူး”

“ရှင်”

“ဟာကွာ…တရှင်ရှင်နဲ့”

“မရှင်လို့ ဘာပြောရမှာလဲ”

ပြောပြီး တန်ခူး ခေါင်းလေးငုံ့သွားလေတော့ မြတ်
အသည်းယားသွားသည်သာ။

“ကိုယ်တော့ တန်ခူးနဲ့ ခုလိုဆုံခွင့်ပေးတဲ့ ကံတရား
အရမ်းကျေးဇူးတင်တာပဲ။ ပြီးတော့ ဖုန်းမှာတုန်း
ဂဏန်းတစ်လုံး မှားနှိပ်မိတဲ့လက်ကိုလည်း ကျေးဇူး
တယ်။ ဂဏန်းကို ဝါးသွားတဲ့ မျက်လုံးကိုလည်း”

“ကဲ…တော်ပါတော့”

“ကိုယ် ဝမ်းသာလွန်းလို့ပါ တန်ခူးရဲ့…တန်ခူးရော
ဝမ်းမသာဘူးလား”

“ဟင့်အင်း”

တန်ခူးက ခေါင်းခါပြီး ရယ်လေသည်။ ဒါ…ရင်ထဲ





ပါဘဲ ခေါင်းခါလိုက်တယ်ဆိုတာ မြတ်နိုး သိတာပေါ့။ မြတ်နိုး
င်တွေခုန်နေသည်။ ချစ်တယ်လို့ ချက်ချင်း ဖွင့်ပြောလိုက်ချင်ပေ
ယ့် တန်ခူးရဲ့သိက္ခာက ရှိသေးသည်မဟုတ်လား။

ပြီးတော့…

တန်ခူးက သူမကို အထင်သေးတာလား၊ တန်ဖိုးမထားတာ
လားလို့ ထင်သွားရင် မကောင်းပေ။ ဒါကြောင့်…

စိတ်လျှော့ မြတ်နိုးရေ…စိတ်လျှော့။ လောလောဆယ်တော့
သိပ်လိုက်ဦးလို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ပေးရင်း…

“တန်ခူး…အေးအေးဆေးဆေး စကားပြောရအောင်ကွာ။
ကိုယ့်ကို ယုံကြည်တယ်ဆိုရင် ခဏလိုက်ခဲ့ပါလား”

“ဘယ်ကိုသွားမှာလဲ”

“စားသောက်ဆိုင်တစ်ဆိုင်ဆိုင်ကိုပေါ့”

လူချင်း အပြင်မှာ အခုမှ တွေ့ဖူးပေမယ့် အသံနှင့်ရင်းနှီး
ကြတော့ တန်ခူး ခေါင်းညိတ်လိုက်မိပါသည်။ ရတုတို့နဲ့ သိနေ
တော့…

မယုံကြည်စရာမှ မရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၆)

"လက်ထပ်ရက်ကို ရှေ့လထဲမှာ သတ်မှတ်မယ်ဆိုတော့ သမီးရဲ့သဘောကရော မေမေ"

"ဩော်...ကိုဇော်ကလည်း သမီးသဘောကို မေးနေဖို့မှ မလိုတော့တာရှင်...စေ့စပ်တာကို လက်ခံပြီးမှတော့ ဘယ်အချိန်ပဲဖြစ်ဖြစ် တစ်နေ့ လက်ထပ်ရမယ်ဆိုတာ သူ သိပြီးသားပါ"

ဦးဇလဇော် သမီးကို လှမ်းကြည့်လိုက်တော့ ကျောက်ရုပ် တစ်ရုပ်လို ငြိမ်သက်နေသည်။ သူ လက်မခံနိုင်သေးဘူးဆိုရင် ပျာပျာသလဲ ငြင်းမှာပေါ့။ အခုက ငြိမ်သက်နေသည်လေ။ တကယ်လို့ သမီးငြင်းရင်လည်း ရမှာမဟုတ်တာကို သိနေလို့ ငြိမ်သက်နေတာပဲဖြစ်မှာပါ။





ပြီးတော့...

ကလေးချင်းကလည်း တစ်ယောက်ကိုတစ်ယောက် ချစ်နေကြတာပဲလေ။

"အေးလေ...ဒါဆိုလည်း ရက်ကောင်းမြတ်သာရွေးပြီး သတ်မှတ်ကြတာပေါ့"

"မောင်စိုးစံ"

"ဗျာ...အန်တီ"

"သား...ပြင်ဦးလွင်ကို ပြန်ဦးမှာလား၊ ပြန်မနေနဲ့တော့လေ...မင်္ဂလာဆောင်ပြီးမှပဲ ပြန်ကြပေါ့"

"ဟုတ်ကဲ့ အန်တီ...ကျွန်တော်လည်း အဲဒီလို တွေးထားတာပါ"

"ဟင်"

ရတုကိုယ်လေး မတ်သွားလေသည်။ ကိုကိုမပြန်ရင် ရတု ဘယ်လိုလုပ်ပြီး လွတ်လပ်ခွင့်ရှိတော့မှာလဲ။ ကိုယ့်အပေါ် သစ္စာဖောက်လိုခြင်းမဟုတ်ပေမယ့် ကိုကိုနဲ့ လက်မထပ်ခင်အထိ ရတု သမိုင်းနဲ့ အတူတူ...

ပျော်ရွှင်ဖွယ်ရာ နေ့ရက်ကလေးတွေကို ဖန်တီးချင်ပါသေးသည်လေ။

"ကိုကို...ကိုကိုက မပြန်တော့ဘူးလား"

"ဟုတ်တယ် ရတု...လက်ထပ်ပြီးမှ ရတုနဲ့ အတူတူ ပြန်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုကို့အလုပ်ကိစ္စတွေကရော…ကိုကို မရှိတော့ ဖြစ်ပါ့မလား"

"ဖြစ်တယ် ရတု…ကိုယ့်တပည့် ကိုစိုင်းဝေက ယုံကြည် စိတ်ချရတယ်လေ။ အကြောင်းရှိရင် ဖုန်းဆက်လို့ရနေတာ ပဲ"

ရတု သက်ပြင်းကျိတ်ချလိုက်မိသည်။ ဘယ်လိုလုပ်ရပါ့ မလဲ။ သမိုင်းရယ်…ရတုလေ သမိုင်းကို အရမ်းလွမ်းတယ်။ အခု ဆိုရင် ရတု စာလည်းမသင်ရ၊ သမိုင်းနဲ့လည်း နောက်ထပ်တွေ့ရဖို့ မလွယ်တော့ပေ။ ချစ်လို့မှ ချစ်တယ်ပြောခွင့်မရှိတဲ့ ဘဝတွေ။

သမိုင်းရယ်…

နောင်ဘဝဆိုတာများရှိခဲ့ရင် ကိုယ်ချစ်ရတဲ့သူနဲ့ပဲ ပေါင်းစည်း ခွင့်ကြုံပါရစေလို့ ရတု ဆုတောင်းပါရစေတော့။

"သမီး"

"ရှင်…မေမေ"

"သွားတာလာတာ ဆင်ခြင်တော့နော်။ အပြင်သွားရင် သမီး ကိုကိုပါမှသွား…ပြောထားပြီးသားနော်… စာ လုံးဝ သွားမသင်ရတော့ဘူး"

"မေမေ"

"စောဒကမတက်နဲ့…မြေး"

"မဟုတ်ဘူး ဘွား…မြေး တစ်ခုလောက်တော့ တောင်းဆို ပါရစေ"





"ဘာလဲ"

အမြဲတမ်း 'ဟုတ်ကဲ့' ဆိုပြီး ခေါင်းညိတ်တတ်တဲ့ ရတု တစ်ယောက် အခု ဆန့်ကျင်လိုရိပ်တွေ ပြနေသည်မို့ မင်းစိုးစံ သိပ်ဘဝင်မကျတာ အမှန်ပါ။ ရတုကို သတ္တိရှိအောင် ဘယ်လို အရာတွေက တွန်းအားပေးခဲ့သလဲ။ ရတုကို မင်းစိုးစံ စိတ်မချ တော့ပေ။

ဒါကြောင့်ပဲ…

သူ့ ပြင်ဦးလွင်ကို မပြန်တော့တာလေ။ ကိုယ်လည်း လူငယ် တစ်ယောက်မို့ သိတာပေါ့။ သမိုင်းနဲ့ရတု…နှစ်ယောက်စလုံးရဲ့ ချက်လုံးတွေကို မင်းစိုးစံ ဘာသာပြန်တတ်ပါသည်လေ။

"မြေး…အချုပ်အချယ်ကင်းကင်းနဲ့ တစ်နေ့လောက်တော့ အပြင်ထွက်ပါရစေ။ ဒီတစ်ခါ နောက်ဆုံး တောင်းဆိုမှု ပါ ဘွား"

"မရတော့ဘူး…မြေး"

"မေမေ"

ဦးဗလဓော် သမီးကို သနားတာကြောင့် မိခင်ဖြစ်သူကို သမီးကိုယ်စား တောင်းပန်ချင်ပါသည်။ ကိုယ်ကလည်း အခြား နေရာတွေမှာသာ ထူးချွန်ထက်မြက်တာ။ မိခင်ရှေ့မှာတော့ မိခင် ပြောသမျှ 'ဟုတ်ကဲ့' သမားပဲလေ။ သားလိမ္မာ၊ သမီးလိမ္မာဖြစ်ဖို့ အတွက် ဘာတွေကို ရင်းနှီးရသလဲဆိုတာ ဦးဗလဓော် သိတာ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်ခတ်တယ်ဆိုတာ ပန်းချီကားဘောင်ကွက်ပဲကောင်းတယ်လို့ ထင်ပါသည်။ ကန့်သတ်ချုပ်ချယ်မှုတွေ များလာတဲ့အခါ တစ်ခါတစ်ခါမှာ ငါ မလိမ္မာခဲ့ရ အကောင်းသားလို့တောင် တွေးတဲ့အခါ ရှိတတ်ကြသည်ပဲလေ။

"သမီး တောင်းဆိုတာကို ခွင့်ပြုလိုက်ပါ မေမေ။ သူ မိဘတွေပြောသမျှ နာခံလာခဲ့တာ ငယ်ငယ်ကတည်းကပဲ အခုအချိန်မှာ သူ့ဆန္ဒကို တစ်ချိန်တစ်ခါတော့ ခွင့်ပြုသင့်ပါတယ်"

"ကိုဇော်"

"ဟင်"

"ရှင်က သမီးကို စောဒကတက်ဖို့ အားပေးအားမြှောက်လုပ်နေတာလား"

"ကိုယ် မပြောချင်ဘူး…ခင်၊ အရင်က ကိုယ်လည်း သမီးကို စည်းနဲ့ဘောင်နဲ့ ထားခဲ့တာပါ။ နောက်ဆိုရင် သူ အိမ်ထောင်ကျတော့မှာ။ ဘောင်ကနေ ထောင်ကို ကူးပြောင်းခါနီး သူ့အတွက် လွတ်လပ်ခွင့်လေးပေးလိုက်ပါ။ သူများတွေလို သိသင့်သိထိုက်တာတွေ သူ့ကို သိခွင့်ပေးလိုက်ပါ။ ဒါ…အချိန်ကာလတစ်ခုပဲလေ"

"ဟုတ်ပါတယ်…ကျွန်တော်လည်း ခွင့်ပြုပါတယ်။ ရတုကို တစ်ရက်တော့ လွတ်လပ်ခွင့်ပေးလိုက်ပါ"

မင်းစိုးစံက ခွင့်ပြုတယ်ဆိုတော့ ဒေါ်ကျော့ရှင်း ဆက်ပြီး





မတားချင်တော့ပေ။ ဒါကြောင့် သက်ပြင်းပဲချလိုက်မိတော့၏။ သူတို့ကလေးချင်း နားလည်မှုရှိရင် ပြီးတာပဲလေ။ ကိုယ်က ပြောနေစရာမှမလိုတာ။

"ရတု"

"ရှင်"

"ကိုကို…ရတုကို ယုံကြည်လို့ ခွင့်ပြုတာနော်။ ယုံကြည်မှုကို အလွဲသုံးစားတော့ မလုပ်စေချင်ဘူး"

"စိတ်ချပါ ကိုကို…ခွင့်ပြုတဲ့အတွက် ကျေးဇူးပါ"

"မောင်မင်းစိုးစံ"

"ဗျာ…အန်တီ"

"ဒီကောင်မလေးကို သိပ်အလိုမလိုက်နဲ့နော်။ တော်ကြာ ရောင့်တက်လိမ့်မယ်"

"မေမေကလည်း"

"အန်ကယ်လ် ပြောသလိုပဲ ဘောင်နဲ့ထောင်ကြား ကူးသန်းချိန်လေးမှာ သူ လွတ်လပ်ပါစေ အန်တီ…အဲဒီလွတ်လပ်ချိန်ကို ရတု အကျိုးရှိရှိ အသုံးချတတ်ဖို့ပဲ လိုတာပါ"

အခုလို ခွင့်ပြုလိုက်တာ ကိုကို မင်းကို သိပ်ချစ်လို့ပါ ရတု။ မင်းကို နားလည်ပေးချင်တာနဲ့ ဖြည့်ဆည်းပေးချင်တာပါ။

မင်း ပျော်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

မိုးကလည်း ဘာမှန်းမသိ။ တစ်ခါတစ်ခါ အချိန်အခါ မဟုတ်လည်း ရွာချင်ရွာတာပဲလေ။ အခုလည်း မိုးရွာမည်လား မသိပါဘူး။ ကောင်းကင်က ရီတီတီ ပြိုတီတီနဲ့လေ။ ရတု တစ်ယောက် ကုံကော်ပင်ဆီသို့ လျှောက်လာခဲ့သည်။ သူမ သမိုင်းနဲ့ ဒီအပင်အောက်မှာတွေ့ဖို့ ချိန်းထားသည်လေ။

သမိုင်း ရောက်မလာသေးဘူးဆိုတော့…

ရတု ဒီအပင်အောက်မှာပဲ စောင့်ရမှာပေါ့။

“ဖျောက်…ဖျောက်”

“ဟင်”

မိုးဖွဲတွေ တစ်ဖွဲစ နှစ်ဖွဲစ ကျလာပေပြီ။ ရတု ဒါကို ဂ[illegible] မစိုက်ပါဘူး။ ကုံကော်ပင်အောက်မှာ ကုံကော်ပင်ကိုမှီပြီး ထိုင်[illegible]





[illegible]တ်သည်။ ပြီးတော့ မျက်လုံးလေးမှိတ်ထားလိုက်၏။ ပါးပြင်ကို [illegible]က်တွေ ခချင်ခပါစေတော့ဆိုပြီး မျက်နှာကို မော့ထားလိုက်[illegible]သည်လေ။

“ဖတ်”

“…………”

“ဖတ်”

“ဟင်”

“ဖတ်”

မျက်နှာပေါ်ကို လာထိတဲ့အရာတွေသည် မိုးစက်တွေ [illegible]တ်ပေ။ ဒါကြောင့် ရတု မျက်လုံးကို ဖွင့်ကြည့်လိုက်တော့-

“ဖတ်…ဖတ်”

“…………”

“ဖတ်…ဖတ်”

“ဟယ်”

စံပယ်ပန်းတွေပါလား။ ရတု ထိုင်နေတာ ကုံကော်ပင် [illegible]အောက်မှာလေ။ ဘာလို့ ကြွေတာ စံပယ်ပန်းတွေ ဖြစ်နေရတာလဲ။ [illegible] အပင်ပေါ်ကို မော့ကြည့်ဖို့ စိတ်ကူးရုံပဲရှိသေး…

“ဖတ်…ဖတ်…ဖတ်…ဖတ်”

“ဟာ…”

ရတု ခေါင်းပေါ်နှင့်ကိုယ်ပေါ်သို့ စံပယ်ပန်းတွေ အများကြီး [illegible]လာလေတော့သည်။ ရတု စံပယ်ပန်းတွေကို ကောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ မွှေးပစ်လိုက်တော့၏။

"ဖျောက်···ဖျောက်···ဖျောက်"

ဒီတစ်ခါကျတာက မိုးဖွဲတွေပါ။ စံပယ်ဆိုတာ မြေပြင် တွယ်ငင်တဲ့ပန်း။ အခု စံပယ်တွေ ကုံကော်ပင်ပေါ်က ကြွေ တယ်ဆိုတော့ ဘာ့ကြောင့်လဲဆိုတာ ရတု သဘောပေါက်ပါသည်

"ဖျောက်···ဖျောက်···ဖျောက်···ဖျောက်"

"ရတု"

သမိုင်း ကုံကော်ပင်ပေါ်ကနေ ဆင်းလာပြီး ခေါ်လေသည် ရတု လှည့်မကြည့်ဘဲ ပန်းတွေကိုပဲ အမိအရ ကောက်နေသည် လေ။ သူမ ပတ်ဝန်းကျင်မှာ စံပယ်ပန်းတွေက ဖွေးဖွေးဖြူ ပါပဲ။

"ဖျောက်ဖျောက်···ဖျောက်ဖျောက်"

မိုးဖွဲသံက စိတ်လာပေမယ့် ရတုခေါင်းပေါ်သို့ မိုးဖွဲ ကျမလာတော့ပေ။ ဒီတော့မှ ရတု မော့ကြည့်လိုက်တော့···

"ဟယ်"

သမိုင်းက မျက်ခုံးလေးပင့်၊ မေးလေးဆတ်ကာ···

"ဘယ်လိုလဲ···သဘောကျရဲ့လား"

"သမိုင်းရယ်"

ရတု ထရပ်လိုက်ပြီး ထီးလေးကို မော့ကြည့်နေမိသည် ထီးရွက်ကလေးက ပလပ်စတစ်အကြည်လေးဖြစ်ပြီး အနားကွ မှာ ပန်းရောင်။ ပြီးတော့ ထီးအနားလေးတွေမှာ စံပယ်ပန်း

းတွေကို ဆန့်ပြီး ချည်ထားသည်လေ။ စံပယ်ပန်းတွေက လိုက်တာ။

သူ့ရှုံ့ကြောင့်···

ရတုရင်ထဲမှာ အေးမြသွားသည်ဆိုရင် ပိုတယ်လို့ ထင်ကြ သလေးကွယ်။

"သဘောကျရဲ့လား ရတု"

"သဘောကျတာပေါ့ သမိုင်းရဲ့···ဒီလိုထီးမျိုး ဝယ်လို့ ရတယ်လားဟင်"

သမိုင်း ခေါင်းခါလိုက်ပြီး···

"ထီးအရွက်က ကိုယ်လုပ်ထားတာ ရတု···ထီးရိုးနဲ့ ထီးကိုင်းတွေရဖို့ကတော့ ထီးတစ်လက် ဝယ်ရတယ်လေ"

"သမိုင်းရယ်"

"ရော့···ရတု ထီးကိုင်ထား"

ရတု သမိုင်းပေးတဲ့ ထီးလေးကို ကိုင်လိုက်တော့ သမိုင်းက အောက်ကနေ ထွက်သွားလေသည်။ ပြီးတော့ ကုံကော်ပင် ကိုဝင်သွားပြီး ခဏကြာတော့ ပြန်ထွက်လာသည်လေ။ ထဲမှာ ကိုင်လာတဲ့ စိမ်းစိမ်းလေးက ဘာလဲတော့ မသိပါဘူး။

သမိုင်း···

ရတုရှေ့ကိုပြန်ရောက်တော့ ရတုရှေ့မှာ မုဆိုးဒူးထောက် ချလိုက်ပြီး···





www.burmeseclassic.com

www.burmeseclassic.com



“ဖိနပ်ချွတ်လိုက် ရတု”

“ဟင်”

“ချွတ်လိုက်နော်”

ရတု အံ့လည်းအံ့ဩ၊ ဝမ်းလည်းဝမ်းသာပြီး ငိုချင်စိတ် လည်း ပေါက်သွားသည်သာ။ ကြည့်ပါဦး…သမိုင်းက ရတု ခြေထောက်က ဖိနပ်ကို ချွတ်ခိုင်းပြီး သူကိုယ်တိုင် စီးပေး ဖိနပ်ကလေးက သစ်ရွက်ဖိနပ်ကလေးပါ။

“သမိုင်းရယ်”

ရတုအတွက် သမိုင်း လုပ်ပေးသမျှအားလုံးက ရိုမက်တ ဆန်ဆန်ပါ။ အခုလည်း တလုတ်စကားရွက်ကလေးတွေ ရှူးဖိနပ်လေးလုပ်ထားတာ ချစ်စရာလေးလေ။ သစ်ရွက်ဖိနပ် ရတုခြေထောက်နဲ့ စီးလိုက်ချိန်မှာ ဖိနပ်ကကြီးပေမယ့် ရတု အရမ်းသဘောကျရသည်သာပေါ့။

“လမ်းလျှောက်ကြည့်ပါဦး ရတုရဲ့”

“ဟာ…ဖြစ်ပါ့မလား သမိုင်းရဲ့…ပြုတ်ကုန်မှာပေါ့”

“ကိုယ် သေသေချာချာ လုပ်ထားတာပါ ရတု… ဖြ လျှောက်ကြည့်လေ”

“အင်း…ဒါဆို လျှောက်ကြည့်မယ်နော်”

“OK”

ပြောပြီး မိုင်း နောက်သို့ ဆုတ်သွားလေသည်။ ဖွဖွလေး လမ်းလျှောက်နေတဲ့ ရတုကို ကြည့်နေရင်းမှ မိုင်းနောက်သို့





ည့်ကြည့်ကာ…

“တန်ခူး ရပြီ…တော်တော့၊ ကျေးဇူးတင်တယ်နော်”

“ဟင်”

ထင်းရှူးပင်ကွယ်ကနေ ထွက်လာတဲ့ တန်ခူး…ရတုကို ယ်ပြလိုက်သည်။ ပြီးတော့ မိုင်းကို ဖုန်းပေးလိုက်ပြီး…

“ကျေနပ်တယ်နော်…မိုင်း”

“အေးပါ…နင့်ကို အရမ်းကျေးဇူးတင်ပါတယ် တန်ခူး… အစစအရာရာ ကူညီပေးခဲ့တဲ့အတွက်ပေါ့”

“သူငယ်ချင်းအချင်းချင်း မလိုပါဘူးဟာ…ငါ သွားတော့ မယ်”

တန်ခူး ထွက်သွားလေတော့…

“သမိုင်း”

“ပြောလေ…ရတု”

“ဗွီဒီယို ရိုက်ထားတာလား…ဟင်”

“ဟုတ်တယ် ရတုရဲ့…ရတု ဒီအပင်အောက်ကို ရောက်လု လုမှာကတည်းက စရိုက်တာ”

“သမိုင်း”

“ဟင်”

ရတု သမိုင်းမျက်နှာကို ခေါင်းလေးမော့ပြီး ကြည့်နေမိ ည်။

ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



"ရတုအတွက် ဘာလို့ အဲဒီလိုတွေ လုပ်ပေးနေတာလဲ ဟင်"

"ရတုကို ပျော်စေချင်လို့ပေါ့"

"ဘာလို့ ပျော်စေချင်တာလဲ"

ရတု မေးနေပြီ။ မင်း ဖြေလိုက်လေ သမိုင်း။ ရတုကို ချစ်လို့ပေါ့လို့။

ဟင့်အင်း…

မပြောပါဘူး။ ဒီစကားကို သမိုင်း ဒီတစ်သက် ရတုကို ပြောနိုင်လိုက်ကာ… မပြောပါဘူး။ ရတုမှာ ခိုလှုံရမယ့်ရင်ခွင် အဆင်သင့်ရှိပြီးသား ပဲလေ။ အခုလို စိတ်နဲ့ ပြစ်မှားနေမိတာတောင် သမိုင်းမှာ အပြစ် ရှိနေပြီမဟုတ်လား။

မဖြေပါရစေနဲ့ ရတုရယ်။

ကိုယ့်မှာ ပြောပိုင်ခွင့်မရှိလို့ပါ။ ချစ်ပြီးဝေးရမယ့်အတူတူ မပြောပါရစေနဲ့တော့။

"သမိုင်း"

မိုင်းအကြည့်ကို လွှဲပစ်လိုက်သည်။ ဖြေချင်တာပေါ့လေ။ ရတု မျက်ဝန်းတွေကို တည့်တည့်ကြည့်ပြီး ရတုကို ချစ်လို့ပေါ့ လို့။ ဒါပေမဲ့ အခြေအနေတစ်ခုက သူ့နှုတ်ကို ရေငုံနှုတ်ပိတ် ဖြစ်စေသည်ပဲလေ။

"ရတု…မေးတာ ဖြေလေ"

"ကိုယ်…မဖြေပါရစေနဲ့ ရတု"





ရတု ငိုချင်စိတ်ကို မထိန်းနိုင်တော့ပေ။ ထို့ကြောင့် ကိုယ့်ကို ကျောခိုင်းထားတဲ့ သမိုင်းကို နောက်ကနေ ခါးကိုဖက်ပြီး ငိုပါလေ တော့သည်။

"ရတု သိပါတယ် သမိုင်းရယ်…သမိုင်း မပြောလည်း ရတု သိပါတယ်။ ရတုလေ…ရတု"

"ရတု"

သမိုင်း ရတုလက်ကလေးကို ဖယ်ချပြီး ရတုနဲ့ မျက်နှာချင်း ဆိုင်လိုက်ကာ…

"မငိုပါနဲ့ ရတုရယ်…ဖူးစာမပါလို့ ကိုယ်တို့နှစ်ယောက် ပေါင်းစည်းခွင့် မရတာလို့ပဲ သတ်မှတ်လိုက်ပါ"

"ရတု…ရတု…သမိုင်းကို ချစ်တယ်။ အရမ်းချစ်တယ် သမိုင်းရဲ့"

"ရတုရယ်"

"အဟင့်…ဟင့်"

ရတု သမိုင်းရင်ခွင်ထဲကို တိုးဝင်လေတော့ သမိုင်း ရတု ကိုယ်လေးကို ပြန်ဖက်ထားလိုက်မိတော့သည်။

ဒီအတွက် ကံထိုက်မယ်ဆိုရင်လည်း ထိုက်ပါစေတော့လေ။ ဒါဟာ နောက်ဆုံး တွေ့ဆုံခွင့်ပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

မိုင်း ခါတိုင်းဆို လက်ဖက်ရည်ဆိုင် ထိုင်ခဲ့ပါသည်။ အ
ရက်ထဲမှာတော့ နေ့စဉ်ပဲ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်နေသည်
လေ။ စိတ်ပြေလက်ပျောက်ပေါ့။ လက်ဖက်ရည်ဆိုင်မှာက ဒီလို
ရယ်စရာ မောစရာတွေ ပြောကြ၊ ဘောလုံးပွဲကြည့်၊ အချင်းချင်း
စကြနောက်ကြနှင့်ဆိုတော့...

စိတ်သက်သာရာ ရသလားလို့ပါ။

တန်ခူးနဲ့လည်း မတွေ့ဖြစ်တာ ကြာပါပြီ။ ဒီလိုပဲ ဟေးလား
ဝါးလားနဲ့ အချိန်ဖြုန်းနေခဲ့တာလေ။ ဖြစ်နိုင်ရင် ရတု ပတ်သက်
သမျှအရာအားလုံးကို မေ့ပစ်ချင်တာ။ ဒါပေမဲ့ မမေ့နိုင်သေး
ဘူး။

"မိုင်း"

"...........'"





"မင်းကြည့်ရတာ တစ်နေ့တစ်နေ့ မှိုင်မှိုင်နေတာကွာ။
မျောက်အိုမ ပါးရိုက်ထားတဲ့အတိုင်းပဲ။ ဘာဖြစ်နေတာလဲ
ကွ...အသည်းကွဲနေတာလား"

"ဆိုပါတော့ဗျာ"

"ဟေ"

ကိုတင့်ထူးက မိုင်းကို မျက်လုံးပြူးနှင့်ကြည့်ကာ...

"မင်းက လက်နှေးတာကိုးကွ...ဘာလဲ မင်းက တန်ခူးကို
ကိုယ့်အိတ်ထဲကဖား ဘယ်အချိန်ပဲ ထုတ်ရိုက်ရိုက်
ရတယ်ဆိုပြီး မှုနေတာမဟုတ်လား"

"ဟာဗျာ...မဟုတ်တာ"

"ဟုတ်ပါတယ် မိုင်းရာ...မင်း မငြင်းနဲ့၊ အခု ဟိုက
သူများနောက်ပါတော့မှာဆိုတော့ မင်း မီးခဲကိုင်မိသလို
ဖြစ်နေတာ မဟုတ်လား"

ဇော်ဝေ့စကားကြောင့် မိုင်း ထပ်အံ့သြရပြန်ပြီလေ။ ဘာတွေ
၅...ဘာတွေပြောနေကြတာလဲ မိုင်း နားမလည်ပေ။

"မင်း ဘာပြောတာလဲ ဇော်ဝေ...မင်းပြောတာကို ငါ
နားမလည်ဘူး။ တန်ခူးက ဘယ်သူ့နောက် ပါရမှာလဲ...
ပြောပါဦး"

"ဟာ...မင်း တကယ်မသိဘူးလား မိုင်း"

"ဟုတ်တယ်...ငါ တန်ခူးနဲ့ မတွေ့ဖြစ်တာ ကြာပြီ"

"သေလိုက်ပါတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဝေက သူ့နဖူးသူ လက်ဝါးနှင့်ရိုက်လေတော့သည်။ တန်ခူးနဲ့ပတ်သက်ပြီး မိုင်း အသည်းကွဲနေတယ်မှတ်လို့ ဇော်ဝေက ပြောတာလေ။ အခု မိုင်းက ဘာမှမသိသလိုပါပဲလား။

"ဘယ်လိုဖြစ်ရတာလဲ မိုင်းရာ…အနီးဆုံးလူက အဝေးဆုံးကို ရောက်နေတာလားကွ"

"ငါ တကယ် ဘာမှမသိဘူး ဇော်ဝေ"

"အေး…အဲဒါဆို ငါ ပြောပြမယ်။ အခု တန်ခူးက မြတ်နိုးအောင်ဆိုတဲ့ကောင်နဲ့ တွဲနေတာကွ။ သူ့အမေကလည်း သဘောတူတယ်တဲ့။ အဲဒီကောင်က ပညာလည်းတတ်၊ ချမ်းသာတာလည်း အရမ်းချမ်းသာတာတဲ့။ ဖုန်းမှားရင်း ငြိကြတာဆိုလားပဲ"

"ဟင်"

မိုင်း အံ့ဩရပါသည်။ တကယ်ပါပဲ…မတွေ့ရတဲ့ရက်တွေမှာ အခြေအနေတွေက အဲဒီလို ပြောင်းလဲသွားတယ်တဲ့လား။ မြန်ဆန်လိုက်တာ။ တန်ခူး ဘာတွေလျှောက်လုပ်နေပါလိမ့်။ ကိုယ့်ကိုယ် ရွှံ့တာများလား။ လူလိမ်လူညာတွေနဲ့ တွေ့ရင်တော့ ဒုက္ခပါပဲ။

မဖြစ်သေးပါဘူး။

မိုင်း သတိပေးမှဖြစ်မှာပါ။

"ငါ…သွားလိုက်ဦးမယ်ကွာ"

"ဟာ…ဟေ့ကောင်"





တားချိန်ပင် မရလိုက်ဘဲ မိုင်း ထထွက်သွားလေတော့သည်။ ကိုတင့်ထူးနဲ့ ဇော်ဝေ မိုင်းကို ဘယ်လိုနားလည်ရမှန်း မသိတော့ပါဘူး။

"ဟာ…မိုင်း ဖုန်းမေ့ကျန်ခဲ့ပြီ"

ကိုတင့်ထူးက ဖုန်းကို ကောက်ကိုင်ပြီး မိုင်းကို လှမ်းခေါ်ဖို့ ပြင်လေလျှင်…

"မခေါ်နဲ့ ကိုတင့်ထူး"

"ဟေ"

"ဒီကောင် ပြန်လာရှာလိမ့်မယ်၊ သူ ပြန်မလာခင် သူ့ဖုန်းထဲ ဝင်မွှေကြည့်ရအောင်"

"အေး…ကောင်းသားပဲ။ ငါလည်း စပ်စုရတာ ဝါသနာပါပါ့"

ကိုတင့်ထူးနဲ့ဇော်ဝေ မိုင်းဖုန်းကို မွှေလေတော့ မိုင်း ခိုးရိုက်ထားတဲ့ ရတုပုံတွေကို တွေ့ကြသည်လေ။ ပြီးတော့ Viber မှာ ရတုနဲ့ စာပို့ပြီး ပြောထားတဲ့စကားတွေကလည်း အမှတ်တရ မဖျက်ဘဲ သိမ်းထားသေး။ ရတုကလည်း Viber မှာ သူ့မပုံကို တင်ထားသည်လေ။

Face book မှာလည်း…

ရတုနဲ့ ပို့ထားတဲ့စာတွေက မဖျက်။ ဒါကြောင့် အကျိုးနဲ့ အကြောင်း ဆက်စပ်ကြည့်နေကြသည်ပေါ့။

"အဲဒါထားကွာ…Video တွေ ကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်ထူး ပြောတာနဲ့ Video ဖိုင် ဖွင့်ကြည့်တော့ စဖွင့်လိုက်တဲ့ Video ဖိုင်လေးက သမိုင်းနဲ့ ရတုရဲ့ ရိုမက်တစ်ဆန်သော ပုံရိပ်ကလေးတွေ။

"ဟာ···ဒီကောင်က အဆန်းတွေ လုပ်ပေးတာပါလား"

"ဟုတ်တယ်ကွ"

"ကိုတင့်ထူး"

"ဟေ"

"ဒါကို Facebook မှာ တင်လိုက်ရင် ကောင်းမလား။ လောလောဆယ်တော့ ဒီကောင် သိမှာမဟုတ်ဘူးဗျ"

"အေး···ကောင်းသားပဲ၊ တင်လေကွာ"

"OK"

မိုင်းတစ်ယောက် တန်ခူးတို့အိမ်သို့ ရောက်ခဲ့ပါပြီ။ တန်ခူး အိမ်မှာ မရှိဘူးတဲ့။

"သမီး ဈေးကိုသွားတယ် မိုင်း···ဘာပြောစရာရှိလို့လဲ ဖုန်းဆက်လိုက်လေ"

"ဟာ"

ဖုန်းဆိုမှပဲ မိုင်း ကိုယ့်ဖုန်းကို သတိရမိသွားတဲ့အဖြစ်ရယ်ပါ။ စိတ်တွေက ကိုယ်နဲ့မကပ်။ ခက်တော့ခက်နေပြီထင်ပါရဲ့။

"ဘာဖြစ်လို့လဲ မိုင်း"

"လက်ဖက်ရည်ဆိုင်မှာ ဖုန်းမေ့ကျန်ခဲ့လို့ သွားယူလိုက်ဦးမယ်ဗျာ"





"အေး···အေး···ဒါဆို မြန်မြန်သွားလေ၊ တော်ကြာ သူများယူသွားနေဦးမယ်"

"ကိစ္စမရှိဘူး ဒေါ်လေး···ဟိုမှာ ကိုတင့်ထူးနဲ့ဇော်ဝေ ကျန်ခဲ့တာ"

"သြော်"

"သွားလိုက်ဦးမယ်ဗျာ"

"အေး···အေး"

မိုင်းပုံစံက အရင်လို တည်တည်ငြိမ်ငြိမ်မဟုတ်ဘဲ ဘယ်လို ခေါ်တီးရုပ်ပြာမှန်း မသိပေ။ ဒေါ်မေထား မိုင်းကိုကြည့်တဲ့ မျက်ဝန်းတွေကပဲ အမြင်ကတ်ပုဒ်မတွေ ပါနေသလား မသိပါ ဘူး။ ကိုယ့်သမီးနဲ့ပတ်သက်ပြီး အမြင်က ကြည်မှမကြည်တော့ ဘဲလေ။

ဒါကြောင့်···

"ဟွန်း···ကြည့်လို့ကို မရဘူး"

ဒေါ်မေထား မိုင်း ကျောပြင်ကို မျက်စောင်းထိုးလိုက်မိသည် သာ။ အခု ကိုယ့်သမီးက သူနဲ့ ထိုက်တန်သူကို တွေ့သွားပြီလေ။ မောင်မြတ်နိုးအောင်က···

မိုင်းထက် အစစအရာရာသာနေတာ သဘောမတူစရာ ဘာအကြောင်းရှိမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၃)

"တန်ခူး"

မြတ်နိုးက တန်ခူးလက်ဖဝါးလေးကို ဆုပ်ကိုင်ပြီးခေါ်လေ တော့ တန်ခူးက လမ်းလျှောက်နေရင်းမှ မော့ကြည့်ကာ···

"ပြောလေ"

"ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်"

"လက်ထပ်ဖို့"

"ဟုတ်တယ်လေ···ကိုယ် တန်ခူးနဲ့ အမြန်ဆုံး လက်ထပ် ချင်တယ်။ တန်ခူး···မေမေကို အိမ်မှာပဲ ခေါ်ထားမယ် လေ။ ဘာနောက်ဆံတင်းစရာရှိလို့လဲ တန်ခူးရဲ့"

"ဖြစ်ပါ့မလားဟင်"





"ဟား···ဘာဖြစ်လို့ မဖြစ်ရမှာလဲ တန်ခူးရဲ့···ကိုယ်တို့ ညီအစ်ကို မောင်နှမတွေအားလုံး အမွေခွဲပြီးသားလေ။ ကိုယ်က မိဘ မရှိဘူး။ ကိုယ့်လုပ်ငန်းကိုယ်လုပ်၊ ကိုယ့် ပိုင်ဆိုင်မှုနဲ့ကိုယ်ပဲဥစ္စာ တန်ခူးရဲ့···ကိုယ့်မှာ အားလုံး ပြည့်စုံပြီး လိုနေတာက တစ်ခုတည်းလေ"

"ဘာလိုတာလဲ"

တန်ခူးက မျက်စပစ်ပြီး မေးလေတော့ မြတ်နိုးတန်ခူးရဲ့ ဆံနွယ်စလေးတွေကို ကိုင်လိုက်ပြီး···

"အရမ်းလိမ္မာရေးခြားရှိပြီး အရမ်းချစ်စရာကောင်းတဲ့ ဇနီး တစ်ယောက် လိုနေတာပေါ့"

"ဒါဆို···ရှာလေ"

"တွေ့နေလို့ အခု လက်ထပ်ဖို့ ပြောနေတာလေ တန်ခူးရဲ့"

"အဟွန်း"

တန်ခူးက ရှက်ရယ်လေး ရယ်လေသည်။ သြော်···အချို့ ပြောကြလေရဲ့။ ဒီတစ်ယောက်ကလွဲပြီး နောက်တစ်ယောက် ချစ်နိုင်ဘူးတဲ့လေ။ မျှော်လင့်လို့မရတဲ့လူကို ရင်နာခံပြီး မျှော်လင့် နေမယ့်အစား ကိုယ့်ကို တကယ်ချစ်တဲ့သူတွေ့တော့···

ဖြစ်သင့်တာနဲ့ပေါင်းပြီး ပြန်ချစ်မိသွားတတ်ကြသည်သာ။ တန်ခူးလည်း မြတ်နိုးကို တူညီသောတုံ့ပြန်မှုနှင့် ပြန်ချစ်ခဲ့မိသည် သာ။

"နော်···တန်ခူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"လိမ္မာတယ်"

မြတ်နိုး…တန်ခူးရဲ့ပါးပြင်လေးကို လိမ်ဆွဲလိုက်စဉ်…

"တန်ခူး"

"…………"

"တန်ခူး"

"ဟင်"

နောက်ကခေါ်သံကြောင့် တန်ခူး လှည့်ကြည့်ပြီး…

"မိုင်း"

မိုင်းနာမည်ကို ခေါ်မိပြီး တန်ခူး စိတ်မလုံသော မျက်ဝန်းတ
နှင့် မြတ်နိုးကို ကြည့်မိပါသည်။ မိုင်းနဲ့ပတ်သက်ပြီး တန်ခူ
ခံစားခဲ့ရသမျှ ကိုမြတ်နိုးကို ပြောပြထားသည်လေ။ ခုရှပ်မ
နောင်ရှင်းဆိုသလို အစကတည်းက ပွင့်ပွင့်လင်းလင်း ပြောပြထာ
တာ အကောင်းဆုံးပါပဲ။

ကိုမြတ်နိုးကလည်း…

နားလည်ပေးခဲ့သည်ပဲလေ။

"လူတိုင်းမဟုတ်ပေမယ့် လူအတော်များများမှာ အတိတ
ဆိုတာ ရှိတတ်တာပဲ တန်ခူးရယ်။ ကိုယ် နားလည်ပါ
တယ်။ တန်ခူးကို ကိုယ် တကယ် မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ
တာပါ။ တန်ခူးကသာ ကိုယ့်အချစ်ကို လက်ခံမယ်ဆိုရ
တန်ခူး စိတ်ချမ်းသာစေရပါ့မယ်"





တဲ့လေ။ တန်ခူး မော့ကြည့်တော့ မြတ်နိုးက အပြုံးနှင့်
ခေါင်းညိတ်ပြလေသည်။ မိုင်းက အနားကို ရောက်လာတော့…

"တန်ခူး…နင့်ကို ငါ ပြောစရာရှိလို့"

"ဘာပြောမှာလဲ…မိုင်း"

"ဖုန်းမှားတာကနေ ချစ်သူတစ်ယောက် ရသွားတယ်ဆိုတာ
အမှန်ပဲလားဟာ"

"ခေတ်သမိုင်း"

ကိုယ့်နာမည်ကို ခေါ်လိုက်မှပဲ မိုင်း တန်ခူးရဲ့ဘေးကလူကို
သေသေချာချာ ကြည့်ဖြစ်တော့သည်။ မြတ်နိုးက…

"မင်းအမြင်မှာ နှမ်းနေတဲ့ပန်းက ငါ့အမြင်မှာ လန်းနေ
တယ် ခေတ်သမိုင်း…ကိုယ် မပန်ချင်တဲ့ပန်းကို သူများ
နမ်းရင် ကြည်ဖြူလိုက်ပေါ့ကွာ"

မိုင်း မျက်မှောင်ကြုတ်သွားလေသည်။ ကိုယ် တန်ခူးကို
ပြောလိုက်တဲ့စကားက ဘယ်သဘောသက်ရောက်သွားလို့ ဒီလူက
ဒီသို့စကားပြောရတာလဲ။ ကိုယ့်ဘက်က အလွန်ဖြစ်မှာစိုးလို့
ထွေထွေထူးထူး ပြောမနေချင်တာနှင့်…

"သြော်…ခင်ဗျားကိုး"

"ဟုတ်တယ်…ဖုန်းနဲ့ပဲဖြစ်ဖြစ် အင်တာနက်ပဲဖြစ်ဖြစ်
ငါက တန်ခူးကို တကယ်ချစ်လို့ လက်ထပ်ဖို့အထိ
ဆုံးဖြတ်ထားတာ"

"ကောင်းပါတယ်ဗျာ…ခင်ဗျားတ ကိုမင်းစိုးစံရဲ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း…လူကြီးလူကောင်းတစ်ယောက်လို့ ထင်တဲ့အတွ
ကျွန်တော် ဘာမှထပ်ပြောစရာ မရှိတော့ပါဘူး"

"မိုင်း"

"အချစ်စစ်နဲ့တွေ့တဲ့အတွက် ငါ ဝမ်းသာပါတယ် တန်
ငါ ပြောလိုက်တဲ့စကားက စေတနာဆိုတာကိုတော့
နားလည်ပေးပါ"

"ငါ…နားလည်ပါတယ် မိုင်း… ငါလည်း အခ
အကောင်းကို ခွဲခြားတတ်ပါတယ်"

မိုင်း အပြုံးနှင့် ခေါင်းညိတ်ပြလိုက်မိသည်။ ရင်ထဲမှာ
မြတ်နိုးအောင်ရဲ့စကားကြောင့် အောင့်သက်သက် ဖြစ်နေတာ
ပါပဲ။ မင်းအမြင်မှာ နွမ်းနေတဲ့ပန်းက ငါ့အမြင်မှာ လန်းနေတ
တဲ့။ ဟုတ်မှာပေါ့။ လူတစ်ယောက်နဲ့တစ်ယောက် အမြင်ချင်
မတူကြဘဲလေ။

ကိုယ်မပန်ချင်တဲ့ပန်း…

သူများနမ်းရင် ကြည်ဖြူပေးနိုင်ရမှာပေါ့။ မိုင်းအတွ
ဆုံးရှုံးမှုနစ်ခုကို တစ်ပြိုင်တည်းရလိုက်တာ။ ဒါ နမူနာပဲ
မိုင်းရဲ့အနာဂတ်မှာ ဘာဆိုဘာမှ ရှိတော့မယ်မဟုတ်ပါဘူး။

"ဒါနဲ့…ကိုဘယ်သူ"

"မြတ်နိုးအောင်ပါ"

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုမြတ်နိုးအောင်…တန်ခူး
မိန်းကလေးမျိုးနဲ့ ခင်ဗျား လက်ထပ်ခွင့်ရမယ်ဆိုရ





အရမ်းကံကောင်းပါတယ်"

"ဘယ်လို"

"ခင်ဗျား ကံကောင်းတယ်လို့ပြောတာပါ"

"မင်းလည်း တစ်နေ့ ကံကောင်းပါစေ ခေတ်သမိုင်း"
ကံကောင်းပါစေတဲ့လား။ မကောင်းခဲ့တဲ့ ကိုယ့်ကံအကြောင်း
ယ်ပဲသိပါသည်လေ။ ရှိပါစေတော့။ အရာအားလုံး ဟာ ကိုယ့်
စ်နဲ့ကိုယ်ပဲမို့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ခံရပေဦးတော့မည်ပေါ့။
သူကို ဆုံးရှုံးရသလို မိုင်းကို အမြဲအားပေးနစ်သိမ့်ပေးတတ်တဲ့
ယ်ချင်းကိုလည်း ဆုံးရှုံးရတော့မည်လေ။

"ငါ သွားတော့မယ် တန်ခူး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ဟင်"

သူများတွေ ချစ်တတ်ပုံများ အားကျလိုက်တာလို့ ရေးပြ
Video ဖိုင်တစ်ခုကို Share ထားတာ တွေ့လို့ ဘာရယ်မဟုတ်
ဦးဗလဇော် ဖွင့်ကြည့်လိုက်မိတာပါ။ Video ထဲက မိန်းကလေး
ကိုယ့်သမီးဖြစ်နေတော့ ရင်ထဲမှာ ဒိတ်ကနဲ ဆောင့်ခုန်သွားခြ
နှင့်အတူ စိုးရိမ်စိတ်တွေဖြစ်လျက် ဘာလုပ်လို့ဘာကိုင်ရမှန်း မသ
တော့ပေ။

ကိုယ့်သမီး မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ထပ်ကြည့်
တော့ ဝတ်ထားတဲ့အဝတ်အစားတွေက ကိုယ့်သမီးဆိုတာ
သက်သေပြနေတာပါပဲ။ အဲဒီနေ့က သမီးတစ်ယောက်တည်း
အပြင်သွားပါရစေဆိုပြီး ထွက်သွားတာ ဒီအဝတ်အစားတွေနဲ့
ဒီ Video ဖိုင် Facebook မှာ ဘယ်လောက်ပျံ့နှံ့နေပြီလဲ။ Li
တွေက သောက်သောက်ကြွယ်နေ့ပါလား။





မင်းစိုးစံ မြင်သွားခဲ့ရင်…

ဟူး…

မလွယ်ပါလား။ ဦးဗလဇော် ဒီကိစ္စအတွက် ရေခဲတုံး ဖင်ခု
င်နေလို့ မရပေ။ ထို့ကြောင့် ဖုန်းကိုပိတ်ပြီး အောက်ထပ်သို့
င်းလာခဲ့ရာ…

"တစ်နေ့လေးပဲ လွတ်လပ်ခွင့်ပေးပါဆိုလို့ ပေးလိုက်တဲ့ လွတ်လပ်ခွင့်ကို အသုံးချသွားပုံက တရားမလွန်လွန်းဘူးလား ယန်းရတု…ပြော…ပြောစမ်းပါ"

"……………"

"အခု Facebook မှာ ဒီ Video ဖိုင်က ဘယ်လောက်တောင် ပျံ့နှံ့နေပြီလဲ။ နင် မရှက်ဘူးလား။ နင် မရှက်ပေမယ့် ငါ ရှက်တယ်ဟဲ့"

ခင်လည်း ဒီကိစ္စကို သိနေပါရောလား။ ခင်နဲ့အတူ မေမေ
မင်းစိုးစံရော၊ သမီးရောရှိနေတော့ အားလုံး သိကုန်ကြပြီ
။ မေမေနဲ့ခင်က Facebook မသုံးဘူးဆိုတော့ မင်းစိုးစံ
တာပဲဖြစ်မှာ။ ပြဿနာတွေ ရှုပ်ကုန်တော့မယ်ထင်ပါရဲ့။

"အခု…နင်လုပ်ပုံက ရွာသိရပ်သိတင် မဟုတ်ဘူး… တစ်နိုင်ငံလုံးသိအောင် ကြော်ငြာလိုက်တာ။ အခု ဒီကိစ္စ ဘယ်လိုဖြေရှင်းကြမလဲ"

"သမီး…သမီးကို သတ်သာသတ်လိုက်ပါတော့ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"သမီးသေမှ အေးမှာ…သမီးကို သတ်လိုက်ပါ"

"ခင်"

"……"

"ဒီကိစ္စကို ကိုယ်တို့ ခေါင်းအေးအေးထားပြီး ဖြေရှင်း ရမယ်။ သွေးပူသွေးလောနဲ့ ဘာမှမဆုံးဖြတ်ပါနဲ့"

"တောက်"

ဒေါ်ခင်ဝင်းနီ တရှုံ့ရှုံ့နှင့် ငိုနေတဲ့ သမီးရှေ့မှာ သွားရပ်ပြီး မီးဝင်းတောက်မျက်လုံးများနှင့် ရတုကို ကြည့်လိုက်ကာ…

"ဖြစ်နိုင်ရင် နင့်ကို တကယ်သတ်ပစ်ဖို့ကောင်းတာ… သိလား"

"သတ်ပါ မေမေ…သမီးကို သတ်ပါ"

"အမိုက်မ"

"ဖြန်း"

"ဟာ"

"ဖြန်း"

"ခင်"

"ရတု"

ဒေါ်ခင်ဝင်းနီ စိတ်မထိန်းနိုင်ဘဲ ရတုပါးပြင်ကို ရိုက်ချလိုက် လေလျှင် ဦးဗလခေါ်က ဇနီးကို ဝင်ဆွဲ၊ မင်းစိုးစံက ရတုဂ ထိန်းနှင့် အခြေအနေက ရှုပ်ထွေးသွားလေတော့သည်။ ဒေါ်ကေ





…င်းကတော့ ဟိုလူဆွဲရမလို၊ ဒီလူဆွဲရမလိုနှင့်… ဘယ်သူ့ကိုမှလည်း မဆွဲဖြစ်ဘဲရှိကာ…

"တော်ကြ…တော်ကြပါတော့၊ ငါ တောင်းပန်ပါတယ်"

"အမိုက်မ…မိဘမျက်နှာကို အိုးမည်းသုတ်တဲ့ကောင်မ အခု တို့သိက္ခာတွေ ပက်ပက်စက်စက်ကို ကျကုန်တာ နင့်ကြောင့်"

"ခင်…စိတ်ထိန်းစမ်း"

"တောက်…ဟီး"

ဒေါ်ခင်ဝင်းနီ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သည် …သား ဒါ ကိုယ့်ပတ်ဝန်းကျင်လောက်ပဲသိတဲ့ကိစ္စမှ မဟုတ်တာ။ …ဆင့်ဆင့် Share နေကြတာ ဘယ်လောက်တောင် ပျံ့နှံ့နေပြီလဲ။ …င်းစိုးစံကို ဘယ်လိုမျက်နှာနဲ့ ကြည့်ရမှန်းမသိတော့ပေ။

"ဒီကိစ္စ သေးသေးကွေးကွေး ပြဿနာမဟုတ်ဘူး ကိုခေါ် ခင်တို့ ဘာလုပ်ကြမလဲ…ဘယ်လိုဖြေရှင်းကြမလဲ"

"အနိတိ"

မင်းစိုးစံကတော့ ရတုကိုချစ်တဲ့ စိတ်တစ်ခုတည်းနဲ့ …ခွင့်လွှတ်နိုင်ပါသည်လေ။ ခွင့်မလွှတ်နိုင်တာက ခေတ်သမိုင်းကိုပဲ …ပါ။ ဒီကောင် ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ။ အမှတ်တရ …ဓါတ်ပုံရိုက်ထားတယ်ဆိုလည်း ကိုယ့်ဘာသာ သိမ်းထားပေါ့။ အခုတော့…

Facebook ပေါ်တင်ရတယ်လို့။ မတော်တဆပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်ရှိရှိနဲ့ပဲလုပ်လုပ် ပြဿနာက ကြီးထွားသွားပြီလေ အဖြစ်ရှိတာက ခေတ်သမိုင်းဆိုတဲ့ကောင်ပဲပေါ့။

"ဒီကိစ္စမှာ ရတုကို ကျွန်တော် ခွင့်လွှတ်ပါတယ်··· နားလည်ပေးနိုင်တယ်"

"ဟင်"

"မြေး"

"ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ တောင်းဆိုပါရစေ"

"ပြောပါ မောင်စိုးစံ၊ အန်ကယ်လ် သမီးဘက်က အဖြ ရှိသွားပြီဆိုတော့ မင်းဖြစ်ချင်တာကိုပဲ တောင်းဆိုပါ သား ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ၊ စေ့စပ်ထားတာ ဖျက်ချင်လား"

"စေ့စပ်တာကို လုံးဝ မဖျက်ပါဘူး အန်ကယ်လ်"

"ဟင်"

"ကျွန်တော် ရတုနဲ့ အမြန်ဆုံး လက်ထပ်ချင်ဘယ်။ မြန်နိုင် သလောက် မြန်မြန်စီစဉ်ပေးပါ။ ဒါမှ ဒီပြဿနာကို ဖြေရှင်းလို့ရမှာမို့ ကျွန်တော် တောင်းဆိုတာပါ"

လူကြီးတွေ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့် ကြလေတော့သည်။ ဒီပြဿနာကို ခွင့်လွှတ်နားလည်ပေးနိုင်တယ် ဆိုတာ တော်ရုံမေတ္တာမျိုးနဲ့တော့ မဟုတ်ပေ။

"ကောင်းပြီ မောင်စိုးစံ··· မောင်စိုးစံ စိတ်တိုင်းကျ ဖြစ်စေ ရပါ့မယ်"





ထိုစဉ် ခြံရှေ့က လူခေါ်ခေါင်းလောင်းသံကြောင့်···

"နန်း···နန်း"

"ဟုတ်ကဲ့···နန်း ရှိပါတယ်···အန်တီ"

"ခြံရှေ့မှာ ဘယ်သူလဲ···သွားကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့···အန်တီ"

နန်း အိမ်ထဲကနေ ပြေးထွက်လာခဲ့တော့သည်။ ကိုယ့်မိသားစု ဆိုပေမယ့် နန်းက နေရာတကာမှာ ပါဝင်ပတ်သက်လို့ မရတဲ့ သူလေ။ ဒါကြောင့် ရတုတို့ကိစ္စမှာ ပွဲကြည့်ပရိသတ်အဖြစ်နဲ့ပဲ ကြည့်နေခဲ့ရသူပါ။ နန်း ရတုကို သနားမိသည်လေ။ ကိုယ် ည်း လူငယ်ဆိုတော့ ဦးနှောက်ထက် နှလုံးသားကို ဦးစားပေး တာ များလား။

တကယ်ဆို···

ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့ပဲ ပတ်သက်ပေါင်းစည်းခွင့် ချင်ကြတာပဲလေ။ အခု ရတုအဖြစ်က ချစ်တာတစ်ယောက်၊ ထပ်ရမှာ တစ်ယောက်ပဲမဟုတ်လား။ နန်း ခြံတံခါးဝမှာ နေတဲ့သူကို လှမ်းမြင်လိုက်တော့···

"ဟင်"

နန်းရဲ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး···

"ခေတ်သမိုင်းပါလား"

တိုးဖွဖွ ပြောမိပြီး အိမ်ဘက်သို့ ပြန်လှည့်ကြည့်မိလိုက် ည်။ ပြီးမှ ခပ်သွက်သွက် ဆက်လျှောက်လာပြီး ခြံတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်ကာ…

"ခေတ်သမိုင်း"

"မင်း"

"ဘာလာလုပ်တာလဲ ခေတ်သမိုင်းရဲ့…ပြဿနာတွေ ရှုပ်သထက် ရှုပ်ကုန်တော့မှာပဲ"

"ဗျာ"

"Video ဖိုင်ကိစ္စကြောင့် အိမ်မှာ ပြဿနာတွေတက်နေ တယ် ခေတ်သမိုင်း…ကျေးဇူးပြုပြီး အမြန်ပြန်ပါနော်"

စေတနာစကားက စေတနာအရော ပြောက်လားမပြော လားတော့ မသိပေ။ ဒီအချိန်မှာ လူကြီးတွေ သမိုင်းကို တွေ့သွား ရင် ဘာလုပ်မလဲဆိုတာ မတွေးရဲစရာပါ။

"ကျွန်တော် မပြန်ဘူး…နှန်း။ အဲဒီဗွီဒီယိုဖိုင်က ကျွန်တော် တင်တာ မဟုတ်ပါဘူးဗျာ…တကယ်ပါ။ ကျွန်တော့် လက်ဖက်ရည်ဆိုင်မှာ ဖုန်းမေ့ကျန်ခဲ့လို့ ဒီလိုတွေဖြစ်ကု တာပါ။ တကယ်…ကျွန်တော်တင်တာ မဟုတ်ပါဘူး ဗျာ"

"ဒါဆို ဘယ်သူတင်တာလဲ ခေတ်သမိုင်း"

"ကျွန်တော့်သူငယ်ချင်း တင်လိုက်တာပါ။ ကျွန်တော့် ဘာယုတ်မာပက်စက်တဲ့အကြံမှ မရှိပါဘူးဗျာ။ ယုံပါ… အခု ကျွန်တော် လာခဲ့တာလည်း အဲဒီကိစ္စအတွက် တောင်းပန်ဖို့ လာခဲ့တာပါ"





"ဟင်"

နှန်း မျက်လုံးပြူးရပြီ။ မဖြစ်ဘူး…ခေတ်သမိုင်းက တောင်းပန်လည်း ခွင့်လွှတ်ကြမှာ မဟုတ်တော့ပေ။ ဖြစ်သွားတဲ့ ကိစ္စက ပြန်ပြီးပြင်ဆင်လို့မှ မရတော့ဘဲလေ။ အဲဒီအတွက် ခွင့်လွှတ်ကြမှာတဲ့လား။

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ နှန်း…ကျွန်တော် အားလုံးကို တောင်းပန်ပါရစေ"

"မဖြစ်ဘူး…ခေတ်သမိုင်း၊ နှန်း တောင်းပန်ပါတယ်။ ပြန်ပြီးပြင်ဆင်လို့ မရတဲ့အရာကို ထားလိုက်ပါတော့ ခေတ်သမိုင်း…ပြန်ပါ"

"မပြန်ဘူး…နှန်း၊ ကျွန်တော် တောင်းပန်မှဖြစ်မယ်။ ကိုမင်းစိုးစံနဲ့ ရတုတို့အိမ်ထောင်ရေးမှာ သံသယတွေ ရှိမနေဖို့ ကျွန်တော် ရှင်းပြမှဖြစ်မယ်"

"ခေတ်သမိုင်း"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ပြောပြီး မိုင်း နှန်းကို ရှောင်ကွင်း၍ ခြံထဲသို့ ဝင်လာခဲ့လေ တော့သည်။ ကိုယ့်ကြောင့် ရတုကို ဘာတစ်ခုမှ မထိခိုက်စေချင် ဘူး။ ဒါကြောင့် ကိုယ့်ကို ရိုက်ချင်လည်းရိုက်၊ သတ်ချင်လည်း သတ်ကြပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၁)

"အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်းဆိုတဲ့ စကားက အခု လက်တွေ့ကျကျနဲ့ သက်သေပြလိုက်တာ ပဲ မြေး…မြေးတို့ ဘယ်လောက်ပဲ ရိုးသားခဲ့ပါတယ်ပြော ပြော ဘယ်သူမှ ယုံကြမှာမဟုတ်ဘူးလေ"

"သိပ်ချစ်တတ်တဲ့ကောင်လေး…ဒီလိုချစ်သူမျိုးကိုရတဲ့ ကောင်မလေး ကံကောင်းလိုက်တာ၊ အားကျလိုက်တာ ကွာဆိုတဲ့ ခေါင်းစဉ်အမျိုးမျိုးတွေက မစင်စားပြော တောင် ရိုးသားပါတယ်ဆိုတာကို မယုံနိုင်တဲ့ခေါင်း ကောင်းတွေပဲပေါ့ မေမေရဲ့"

ရတု ငိုရိုက်လွဲပြီး ပြောစရာစကား မရှိတော့ပေ။ ရိုးသား တယ်လို့လည်း မပြောချင်ပါဘူး။ တကယ်ရိုးမှ မရိုးသားခဲ့ကြ လေ။ ချစ်သူဘဝနဲ့ ဖြတ်သန်းခဲ့ရတဲ့နေ့ရက်တွေ မရှိပေမယ့် ချစ် ကြသည်မဟုတ်လား။ ကြည်နူးမှုတွေလည်း ရှိခဲ့သည်။





ဒါကြောင့်…

လိမ်ညာပြီးတော့ မငြင်းချင်ပါဘူး။ အဲဒီအတွက် ဖြစ်လာ သမျှအရာအားလုံးကို ရင်ဆိုင်မည်လေ။ ပေးတဲ့အပြစ်ဒဏ်ကို လည်း ကျေကျေနပ်နပ် ခံယူရမှာပေါ့။

"လွတ်လပ်ခွင့်ပေးဖို့ ပြောပေးမိတာ ကိုယ်လည်း အပြစ် မကင်းဖြစ်သွားတယ် ခင်၊ ငါ့သမီး ဒီလိုမလုပ်ပါဘူးလို့ ယုံကြည်လိုက်မိတာ ကိုယ့်အမှားပါ"

"ဒါ…ဘောင်နဲ့ထောင်ကြား ကူးပြောင်းခါနီး ရလိုက်တဲ့ သင်ခန်းစာပေါ့…ဟုတ်လား ကိုဇော်"

"ဟုတ်ပါတယ် ခင်ရယ်"

"ကဲ…အားလုံး တော်ကြပါတော့။ ရတုကိုလည်း ဆူမနေ ကြပါနဲ့တော့။ ဘယ်သူ့မှာမှ အပြစ်မရှိဘူး။ ဒီလိုဖြစ်တာ ဟိုကောင် တမင်သက်သက် ယုတ်မာတာ… အကြံ ပက်စက်တာ"

"မဟုတ်ဘူး အစ်ကို…အဲဒီလို မဟုတ်ရပါဘူးဗျာ"

"ဟင်"

ဗျာဗျာသလဲ ဝင်ပြောတဲ့လူကို လှမ်းကြည့်လိုက်တော့ ခေတ်သမိုင်းပါ။ မင်းစိုးစံ ဒေါသမျက်ဝန်းတွေနှင့် စူးစူးရဲရဲ ကြည့်လိုက်ပြီး…

"ခေတ်သမိုင်း"

ခေါ်လိုက်တာ တစ်ခွန်းချင်း လေးလေးနက်နက်ပါ။



www.burmeseclassic.com

"သမိုင်း"

ရတု ထရပ်လိုက်စဉ်မှာပဲ မင်းစိုးစံက ခြေလှမ်းကျဲများ
ခေတ်သမိုင်းဆီသို့သွားကာ…

"မင်း…ဘာလာလုပ်တာလဲ ခေတ်သမိုင်း၊ ဘာလဲ…
ရတုကို Facebook ကနေ အရှက်ခွဲရတာ အားမရ
အိမ်တိုင်ရာရောက် လာပြီးအရှက်ခွဲတာလား။ ဟုတ်လာ
ပျော့ကောင်…ပြောစမ်း"

"မဟုတ်ပါဘူး အစ်ကို…ကျွန်တော်"

"ဘာမဟုတ်တာလဲကွ"

"ခွပ်"

"အ"

"ခွပ်"

"သမိုင်း"

"ခွပ်"

"ကိုကို…မလုပ်ပါနဲ့"

"မောင်စိုးစံ…မလုပ်နဲ့"

"တောက်"

"လွှတ်မယ်…သား…လွှတ်မယ်"

အခြေအနေက ရှုပ်ထွေးသွားလေသည်။ ရတုက မင်းစိ
ကို ပြေးဆွဲပြီး…နောက်တော့ ဦးဗလခော်နဲ့ဒေါ်ခင်ဝင်းနီလ
ဝင်ဆွဲတာပေါ့။ အဲဒီအချိန်မှာ ရတုက သမိုင်းရှေ့ကနေ ဝင်ရပ်





"မလုပ်ပါနဲ့ ကိုကိုရယ်…ရတု တောင်းပန်ပါတယ်"

"ရတု…မင်း"

"ကျွန်တော် ရှင်းပြတာကို ခဏလေး နားထောင်ပေးပါ
အစ်ကို…ပြီးမှ အစ်ကို ကျွန်တော့်ကို ထပ်ထိုးချင်လည်း
ထိုး…သတ်ချင်လည်းသတ်ပါ"

"ဒီမှာ"

မီးဝင်းဝင်းတောက်မျက်လုံးများနှင့် သမိုင်းကိုကြည့်ပြီး
ေါ်လိုက်သူက ဒေါ်ခင်ဝင်းနီပါ။

"မင်း…မျက်နှာပြောင်တိုက်လှချေလား…ဟင်…သူများ
မိသားစုကြားမှာ ပြဿနာရှုပ်အောင်လုပ်တာ မင်း…
အခု ထွက်သွားစမ်း…ငါ့အိမ်ထဲကနေ အခုထွက်သွား"

"မေမေ"

"နှင့်ပါးစပ်ကို ပိတ်ထားစမ်း ရတု"

"သမီး တောင်းပန်ပါတယ် မေမေရယ်"

"နမ်း…ရတုကို ခေါ်သွားစမ်း"

နမ်း ရတုကို သနားပေမယ့် လူကြီးတွေကို မလွန်ဆန်ရဲပေ။
ားနေရာတွေမှာ ဘယ်လောက်ပဲ သွက်လက်ထက်မြက်နေပါ
ဒီအိမ်သားတွေရဲ့အမိန့်ကိုတော့ မလွန်ဆန်ရဲဘူးလေ။

ဒါကြောင့်…

"လာ…ရတု"

"မြေး…လာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အီး···ဟီး···သမိုင်းကို ဘာမှ ယောမလုပ်ပါနဲ့၊ ဘာ
မလုပ်ကြပါနဲ့"

ဒေါ်ကျော့ရှင်းနဲ့နှန်း ဆွဲခေါ်သဖြင့် ရတု လှည့်ကြည့်လှည့်
ကြည့်နှင့်ပဲ ပါသွားလေတော့သည်။

"ဟော့···မင်း···ထွက်သွားလေ"

"အစ်ကို"

ဒေါ်ခင်ဝင်းနီရဲ့စကားကို ဂရုမစိုက်ချင်တာ မဟုတ်ပေမယ့်
မိုင်း မင်းစိုးစံကို ရှင်းပြဖို့ ဖွတ်ပဲ ကြိုးစားရလေတော့သည်။
မင်းစိုးစံရှေ့မှာ ဒူးထောက်ချလိုက်ပြီး···

"ကျွန်တော် တောင်းပန်ပါတယ် အစ်ကို··· ရတု
ကျွန်တော်က ရိုးရိုးသားသား ခင်မင်ခဲ့ကြတာပါ။ အ
ကိစ္စလည်း ကျွန်တော်လုပ်တာ မဟုတ်ပါဘူးဗျာ
ကျွန်တော် ရတုကို ဖြူဖြူစင်စင်နဲ့ ခင်ခဲ့တာပါ··
ကျွန်တော့်မှာ ယုတ်မာပက်စက်ချင်တဲ့စိတ် မရှိဘူးဆိုတာ
ယုံပါ"

မိုင်း ရှည်လျားစွာ ရှင်းပြနေမိသည်။ မုသားမပါ လ
မချော်တဲ့။ ဒီတစ်ခုတော့ သိမ်ညာပါရစေတော့။

"ဒါဆို ဘယ်သူလုပ်တာလဲ"

"အဖြစ်က ဒီလိုပါ အစ်ကို"

မိုင်း လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ စကားပြေ
ရင်းကနေ ဖုန်းမေ့ကျန်ခဲ့တာကစလို့ အကြောင်းစုံကို ပြောပြလို





သတော့သည်။ မိုင်း ရှင်းပြတဲ့စကားသံဆုံးတော့···

"ဘယ်သူပဲတင်တင် ဖြစ်ပြီးသွားတာကတော့ ပြင်လို့မရ
တော့ဘူး ခေတ်သမိုင်း၊ အဲဒီအစွန်းအထင်းကြီး အရောင်
ပြယ်ဖို့ လုပ်စရာတစ်ခုပဲ ရှိတယ်"

"ဘာများလဲ အစ်ကို"

"ငါ ရတုနဲ့ အမြန်ဆုံး လက်ထပ်မယ်"

မိုင်း မင်းစိုးစံကို တွေတွေငေးငေး ကြည့်နေမိသည်။ ပြီးမှ
ခေါင်းက စီးကျလာတဲ့ ချွေးတွေကို သုတ်ဖယ်မိတော့၏။
စောကတည်းက ချွေးတွေကျလာလို့ သုတ်နေရတာ ခဏ
ဆာပဲလေ။ ဒါကြောင့် မိုင်းရဲ့ အင်္ကျီအချို့နေရာလေးတွေမှာ
ချွေးစွန်းနေသည်သာ။

"တို့မင်္ဂလာပွဲမှာ မင်း သတို့သားအရံ လုပ်ပေးရမယ်"

"ဗျာ"

"ဟုတ်တယ် သမိုင်း···အဲဒါမှ မင်းနဲ့ရတုက အချစ်ဆုံး
သူငယ်ချင်းတွေပါ။ ရတုက ချစ်သူနဲ့ စိတ်ကောက်ပြီး
အဆင်မပြေလို့···သူငယ်ချင်းက စိတ်ညစ်ပြေအောင်
လုပ်ပေးတာပါလို့ ဖြေရှင်းတဲ့ ဗွီဒီယိုဖိုင်တင်ပြီး ပြန်ဖြေ
ရှင်းရမယ်"

ရှုံးပြီးသားလူကို ထပ်ပြီးအနိုင်ကျင့်နေတာလား။ ဒါပေါ့
သ···ကိုယ်တွေက စိတ်ကို အလိုလိုက်ပြီး အနေအထိုင်မှ
ဆင်ခြင်ခဲ့မိတာကိုး။ အစကတည်းက ဖြည့်ဆည်းသူဖြစ်ချင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ သမိုင်း ထပ်ပြီးဖြည့်ဆည်းပေးရဖို့ ဝန်မလေးတော့ဘူးလေ။

"ဘယ်လိုလဲ သမိုင်း"

"ကောင်းပါပြီ အစ်ကို…ကျွန်တော် လုပ်ပေးပါ့မယ်"

"OK …ဒါဆို မင်း ပြန်လို့ရပြီ"

"ဟုတ်ကဲ့…ကျွန်တော့်ကို ခွင့်ပြုကြပါဦးဗျာ…အစ်ကိုရတု သာယာဖြောင့်ဖြူး ချစ်ခရီးလမ်းမှာ ပျော်ရွှင်ချမ်းမြေ့ပါစေ"

မိုင်း မပြောရုံတမယ် ခြေလှမ်းကျဲများနှင့် ထွက်လာခဲ့လေသည်။ ကြာရင် သူ ငိုမိတော့မယ်လေ။

❁





# အခန်း (၃၂)

**ပြယုဂ်မဲ့ ဟင်းလင်းပြင်**

အတိုင်းအဆ မတူညီတဲ့
ရောစွက် အာဟာရနှီးချိုတွေထဲမှာ
ဂုဏ်ဒြပ်တွေက
နေရာရလာတယ် ချစ်သူ…။
အတ္တအချို့ကို ခပ်မိုက်မိုက်ပိုက်ရင်း
ရာဇဝတ်သားတစ်ယောက်လို
နောက်ဆုံးဆန္ဒတစ်ခုက
ဖိနပ်ပါးပါးတစ်ရံရဲ့ ဖြူစင်ခြင်းဆိုရင်
ဘယ်သူ လက်ခံနိုင်ပါ့မလဲ။
ဟုတ်တယ်…
ငါ့က မိုးအာကာ ခပ်ညှံ့ညှံ့အောက်က
အရောင်မှိန်မှိန်နဲ့ သောကမီးအိမ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ယဲ့ယဲ့ ပေတံတွေရဲ့
ဒီဂရီမျက်နှာပြင်မှာပဲ
ငါတို့နှစ်ယောက်ရဲ့ အချစ်တွေကလေ
တဖြည်းဖြည်းချင်း
တဖြည်းဖြည်းချင်း
လေလံတင် ရောင်းချခံလိုက်ရတာပေါ့။

ခေတ်သစ်နေ (မ…

ကဗျာလေးကို ပထမတစ်ခါ ဖတ်ရတာ အားမရလို့ … နောက်တစ်ခါ ပြန်ဖတ်မိသည်လေ။ ဖတ်ပြီးလို့အဆုံးမှာ ခေါ… လေးစောင်းလိုက်တာနဲ့ မျက်ရည်က ခေါင်းအုံးပေါ်သို့ ပေါ… ကျသွားလေသည်။ စိတ်ပြေလက်ပျောက်ဖြစ်မလားလို့ Face… သုံးနေမိတာ...

အခု...

ဒီ post ကဗျာလေးကို ဖတ်မိသွားတော့ ဝေဒနာက … ပေါ်လာပြန်သည်လေ။ ဒီကဗျာက ကိုယ့်ကို ရည်ရွယ်… ရေးထားတဲ့အတိုင်း ကိုယ့်အဖြစ်နဲ့ တိုက်ဆိုင်နေတာမဟုတ်… ရတုရယ်...မင်းနဲ့ အသင့်တော်ဆုံး ရင်ခွင်ရိပ်မှာ မင်း နား… တော့။ ရတု ပျော်ရွှင်ပါစေ။

"သား"

ဖေဖေ့ခေါ်သံကြောင့် မိုင်း မျက်ရည်တွေကို ကပျာက…





…စ်လိုက်မိသည်။

"သား"

"ဗျာ...ဖေဖေ"

"ခဏလာပါဦးကွ"

"ဟုတ်ကဲ့...ဖေဖေ"

မိုင်း အိပ်ရာမှ ထထိုင်ပြီး မျက်ရည်တွေကို စင်အောင် …လိုက်သည်။ ပြီးတော့ ဖခင်ဆီသို့ လျှောက်သွားလိုက်ပြီး...

"ဖေဖေ...ဘာပြောစရာရှိလို့လဲ"

ဦးသက်လွင် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ မတ်တတ် …တဲ့ သားဖြစ်သူကို မော့ကြည့်ကာ...

"ဘယ့်နှယ်လဲ ငါ့သား...တော်တော်လေးမှ ခံလိုက်ရရဲ့လား"

"ဗျာ"

"အသည်းလည်းနာ...အသားလည်းနာ...နာပြီးရင်းနာနေတာ ငါ သိတယ်ကွ၊ ညာမနေနဲ့...မင်းအဖေ ငါ အကုန်သိတယ်"

"..........."

"မင်းက ငါ့ကို တုံးအေလို့ မှတ်နေတာလားကွ...ဟင်၊ ငါက မင်းအဖေပါကွာ...ကိုယ့်သားအကြောင်း အပွေး မြင်ရုံနဲ့ အပင်သိတယ်။ အေး...ဒါ သင်ခန်းစာပဲ။ ဒီသင်ခန်းစာရဖို့ မင်း ရင်းနှီးလိုက်ရတာတော့ မ…



www.burmeseclassic.com

လိုက်တာ"

မိုင်း ခေါင်းငုံ့၍ ဆွံ့အနေသူပမာ တိတ်ဆိတ်ငြိမ်သက်
တော့သည်။ မိဘဆိုတော့လည်း သားဖြစ်သူအတွက် မခံမရပ်နိုင်
ဖြစ်နေရှာမှာပေါ့။ ဘယ်မိဘကများ ဝမ်းမြောက်နေနိုင်ပါ့မယ်

ဦးသက်လွင်…

သားဖြစ်သူကိုကြည့်ပြီး သက်ပြင်းချလိုက်မိတော့၏။ နှ
သားရဲ့ဆန္ဒအတိုင်း အချစ်ဆိုတာ လုပ်ကြံဖန်တီးယူလို့ရတဲ့အ
မဟုတ်တော့ ဒီထက်ပိုပြီးလည်း သားကို အပြစ်မပြောချင်တော့
ပေ။ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း တန်ခူးနဲ့သားဆိုရင် အားလုံး
စိတ်ချမ်းသာရမှာလေ။ အခုတော့ လိုတာမရ၊ ရတာမလိုဆိုတ
မျိုး ဖြစ်ပြီပေါ့။

"မင်း…တန်ခူးနဲ့ တွေ့ဖြစ်သေးလား"

"မတွေ့ဖြစ်တာ ကြာပါပြီ"

"မတွေ့တာလည်း ကောင်းပါတယ်"

"တန်ခူး ဘာဖြစ်လို့လဲ ဖေဖေ"

"တန်ခူးက ဘာမှမဖြစ်ပါဘူး။ မိဖုရားဖြစ်မယ့်ဇာတာ
တဲ့သူဆိုတော့ မင်းလိုကောင် ဥပေက္ခာပြုထားပေမယ့်
ရှင်ဘုရင်က မိဖုရားမြှောက်တော့မယ်လေ"

"ဘယ်လို"

"တန်ခူး လက်ထပ်တော့မယ်"

"ဩော်…"





မိုင်းရဲ့ 'ဩော်' ဆိုတဲ့အသံက ခပ်တိုးတိုးရယ်ပါ။ တကယ်
း တန်ခူး လက်ထပ်တော့မယ်ဆိုတော့လည်း နှမြောသလို
နိုချင်သလိုလိုနဲ့ ရင်ထဲမှာ ဘာဖြစ်မှန်းမသိပေ။ သံယောဇဉ်
လေးတွယ်ခဲ့ကြတာမှ မဟုတ်ဘဲလေ။ ဒီလိုကြားရပြန်တော့
ည်း ရင်ထဲမှာ ဟာတာတာကြီးနှင့်ပါ။

"မင်း…မခံစားရဘူးမဟုတ်လား"

"ဖေဖေ"

"ဝန်ခံစမ်းပါ…အခု မင်းရင်ထဲမှာ ဘယ်လိုဖြစ်သွားလဲ
ဆိုတာ"

သားအဖချင်းမို့ မိုင်း မညာချင်ပေ။ အရင်က ဘာပဲဖြစ်ဖြစ်
ခူးကို ရင်ဖွင့်တိုင်ပင်ခဲ့ပေမယ့် အခု အဲဒီတန်ခူးနဲ့ပတ်သက်ပြီး
ွင့်ဖို့လူက ဖေဖေပါ။

"ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတယ် ဖေဖေ"

"နှမြောမိတာ မဟုတ်လား"

"ဟုတ်ကဲ့"

"လွန်သွားပြီ…သား၊ သေကာမှ အလောင်းပိုက်ခွေးတာ
မျိုး ဖြစ်နေတာ။ မြေလိုက်ပါ…မင်းနဲ့မှ မထိုက်တန်တာ"

"ဖေဖေ ကြိုက်သလိုသာ ပြောပါတော့"

"အဟွန်း"

ဦးသက်လွင် မခိုးမခံသာ လေသံနှင့် ရယ်လိုက်မိပြီး…

"လူအတော်များများက ခက်တယ်ကွ၊ တန်ဖိုးကြီးပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကိုယ့်လက်ထဲမှာရှိနေရင် တန်ဖိုးမထားတတ်
ဘူး။ သူများလက်ထဲကို ရောက်သွားပြီဆိုမှ တန်ဖိုးရှိ
သိတာ။ နမြောတသ ဖြစ်ကြတာ…သဘာဝပါကွာ

“ဟူး”

မိုင်း စိတ်မောစွာနှင့် လေကိုမှုတ်ထုတ်ပြီး မျက်နှာကို
လိုက်မိသည်။ ရင်ဘတ်ကြီးက လေးလံပြီး အသက်ရှူကျပ်
ကာ ဘယ်သူ့ကြောင့်လို့ အမည်တပ်ရမှန်း မသိပေ။ ခံစားရ
တော့ ရတုနဲ့တန်ခူး နှစ်ယောက်စလုံးအတွက်ထင်ပါရဲ့။

“မိုင်းရေ”

“…………”

“မိုင်း”

“ဟင်”

အသံနှင့်အတူ အိမ်ထဲကို ဝင်လာတာ တန်ခူးပါ။

“သြော်…တန်ခူး…လာလေ…သမီး”

“ဟုတ်ကဲ့…ဦးသက်”

“ပြော…သမီး…ဘာကိစ္စလဲ”

“ဟို…”

တန်ခူး ပြောရမှာ အားနာသလို ခေါင်းလေးငုံ့သွားပြီးမှ

“မနက်ဖြန် တန်ခူးကို လာပြီး တောင်းရမ်းကြမှာ ဦးသက်
အဲဒါ… ဦးသက်ကို လာခဲ့ဖို့ လာဖိတ်တာပါ”

“ဟင်”





ဦးသက်လွင် ပါးစပ်အဟောင်းသား ဖြစ်သွားတဲ့သားကို
ကြည့်ပြီး ရင်ထဲမှာ နိုးလိုးခုလု ဖြစ်သွားတာအမှန်ပါ။

“အေး…လာမှာပေါ့ သမီးရယ်၊ ဦးသက် လာရမှာပေါ့”

“ဟုတ်ကဲ့…ကျေးဇူးပါ ဦးသက်…မိုင်း”

“…………”

“နင်ပါလိုက်လာခဲ့နော်”

“အေးပါ…ငါလာနိုင်အောင် ကြိုးစားပါ့မယ်”

“ဒါဆို ငါ သွားတော့မယ်”

တန်ခူး စကားဆုံးတာနှင့် လှည့်ထွက်သွားလေတော့သည်။
တန်ခူးမှာ အပြစ်မရှိပေမယ့် စိတ်မလုံရှာဘူးထင်ပါရဲ့။

သြော်…

ရင်းနှီးပတ်သက်မှုတွေကြားမှာ လူကြီးတွေက အရောင်
သေးဆိုးပေးခဲ့ကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၃)

နှမ်းခြောက်နေတဲ့ စံပယ်ပန်းခြောက်ကလေးတွေရယ်…

အစိမ်းရောင်ဖျောက်ပြီး အက်ကြောင်းရာလေးတွေ တွန့်ရာလေးတွေထင်နေသော သစ်ရွက်ဖိနပ်အခြောက်လေးရယ်…

ပြီးတော့…

ပလပ်စတစ်အရွက်နဲ့ ထီးလေးရယ်…

ဒါတွေအားလုံးက မိုင်းကို လှောင်ရယ်ရယ်နေကြရော့သလား။ မိုင်း ထီးရွက်ကလေးကို ဖြုတ်ပြီး ခေါက်လိုက်သည်။ စံပယ်၊ သစ်ရွက်ဖိနပ်၊ ထီးရွက် ဒီသုံးခုကို စက္ကူဗူးလေးထဲသို့ ထည့်လိုက်ပြီး ဗူးကို ပိတ်၍ ပါဆယ်ထုတ်လိုက်သည်လေ။

ပြီးတော့…





စားပွဲပေါ်က ဖိတ်စာလေးနှစ်စောင်ကို လှမ်းယူပြီး ငေးကိုင်ကြည့်နေမိတော့၏။ ပန်းနုရောင်ဖိတ်စာလေးရယ်၊ ငွေရောင်ဖိတ်စာလေးရယ်ပါ။ ပန်းနုရောင်ဖိတ်စာလေးက ရတုရဲ့မင်္ဂလာဆောင်ဖိတ်စာဖြစ်ပြီး ငွေရောင်ဖိတ်စာလေးကတော့ တန်ခူးရဲ့မင်္ဂလာဆောင်ဖိတ်စာလေးပါ။

ရတု မင်္ဂလာပွဲက…

မိုင်း…အခုပဲ သွားရတော့မယ်လေ။ မင်္ဂလာဆောင်ဖိတ်စာကို ကိုမင်းစိုးစံ လာကမ်းသွားတာပါ။ သူက အောင်နိုင်သူ။ ကိုယ်ကတော့ ရှုံးနိမ့်သူတစ်ယောက်ပေါ့။

"မင်း သတို့သားအရံ လုပ်ရမယ်နော် ခေတ်သမိုင်း…ငါ မင်းကို လာဖိတ်တာ မင်းဆီက လက်ဖွဲ့လိုချင်လို့ မဟုတ်ဘူး။ ဘာလက်ဖွဲ့မှ ယူမလာခဲ့နဲ့…လူသာရောက်အောင် လာခဲ့ပေး"

"ဟုတ်ကဲ့ပါ အစ်ကို…ကျွန်တော် အစ်ကိုတို့မင်္ဂလာပွဲကို မရောက်ရောက်အောင် လာခဲ့မှာပါ"

"ကျေးဇူးပါ…ဪ…ဒါနဲ့ မင်းအတွက် ဘာတွေလိုအပ်မလဲ…လိုအပ်တာရှိရင် ပြောလေ။ အားမနာပါနဲ့… ငါ့သတို့သားအရံအတွက် ငါ့မှာ တာဝန်ရှိတယ်"

အဲဒီတုန်းက မိုင်းစိတ်ထဲမှာ တင်းကနဲဖြစ်သွားခဲ့သည်သာ။ ကိုယ်က အပြစ်ရှိသူမို့သာ ပက်ကနဲ ပြန်မပြောမိအောင် ထိန်းလိုက်ရတာ။ ဒါ…သူတို့မင်္ဂလာပွဲအတွက် သူတို့အဆင့်အတန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တင့်တယ်မယ့် ပွဲတက်ဝတ်စုံကို မိုင်း မဝယ်နိုင်ဘူးလို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။

မိုင်း…

ဆတ်ဆတ်ခါနာပေမယ့် ယောကျ်ားကတိတည်ဖို့အတွက် စိတ်ထိန်းကာသာ…

"ရပါတယ် အစ်ကို…ကျေးဇူးပါ၊ အစ်ကိုတို့မင်္ဂလာပွဲကို တက်ဖို့ ပွဲတက်ဝတ်စုံက ဘယ်လောက်တန်ဝတ်မှ အဆင်ပြေမှာလဲသာ ပြောခဲ့ပါ"

"မင်း…မအားဘူးဆိုတာ ငါ သိပါတယ်"

မင်းစိုးစံက မိုင်းပခုံးကိုပုတ်ရင်း ပြောလေသည်။ ပြီးတော့ မဲ့ပြုံးတစ်ချက်ပြုံးပြီး လှည့်ထွက်သွားလေတော့၏။

အဲဒီနေ့က အဲဒီလိုအပြောခံရတာကို သတိရပြီး မိုင်းလည်း တစ်ယောက်တည်း မဲ့ပြုံးပြုံးလိုက်မိသည်သာ။ ပြီးတော့ ငွေရောင် ဖိတ်စာလေးကို ကြည့်မိပြန်ပြီး တန်ခူးမျက်နှာကို မြင်ယောင်မိပြန်သည်လေ။

"ငါ…နင့်ကို ငါ့မင်္ဂလာဆောင်ဖိတ်စာ လာကမ်းတာ မိုင်း"

မိုင်း ဖိတ်စာကို လှမ်းယူပြီး ဖတ်လိုက်ကာ…

"ဩော်…ရတုနဲ့ နှစ်ရက်ပဲကွာတာပဲ"

"ဟုတ်တယ်…မိုင်း၊ ကိုက အရမ်းလောနေတာနဲ့ မြန်မြန် ဖြစ်သွားတာပါ"





ဩော်…'ကို'တဲ့လား။ အခုတော့လည်း ခေတ်သမိုင်းဆိုတဲ့ ကောင်က ကိုယ့်သမိုင်းတောင် ကိုယ်လှအောင်မရေးနိုင်လို့ သူတို့အတွက် မိုင်းလို ကြောက်စရာကောင် ဖြစ်နေပြီပေါ့လေ။ မိုင်း သတင်းတွေ ကြားခဲ့ပါတယ်။

ကိုမြတ်နိုးက…

တန်ခူးကို မိုင်းနဲ့ စိတ်မချလို့ အမြန်ဆုံး လက်ထပ်ဖို့ တောင်းဆိုတယ်ဆိုလားပဲ။

"ဖိတ်စာက တော်တော်ဈေးကြီးမယ်နော်။ လွှင့်ပစ်ရက်စရာတောင် မရှိဘူး"

ဖိတ်စာကို ဘယ်ပြန်ညာပြန်ကြည့်ပြီး မိုင်း ပြောလိုက်တော့ တန်ခူး မျက်နှာလွှဲထားကာ…

"သူ့စိတ်တိုင်းကျ သူ ရိုက်ပေးတဲ့ဖိတ်စာတွေလေ။ အရာရာ သူ့ပိုက်ဆံပဲ အကုန်ခံပြီး လုပ်ပေးနေတာပါ"

"ကောင်းပါတယ်…နင် အရမ်း ကံကောင်းတယ် တန်ခူး"

မိုင်း…အတွေးစကိုဖြတ်ပြီး ဖိတ်စာနှစ်စောင်ကို ငုံ့ကြည့်လိုက်မိပြန်သည်။ ပန်းရောင်နဲ့ငွေရောင်…ဖိတ်စာနှစ်စောင်ကို ထပ်လိုက်တော့ မျက်ရည်ပွင့်က ပေါက်ကနဲ ကြွေကျသွားတာ ဖိတ်စာပေါ်ကိုပါ။ မျက်ရည်နဲ့ ထိတွေ့သွားတာကတော့ အပေါ်က ပန်းရောင်ဖိတ်စာလေးပေါ့။

"တီတီ…တီတီ"

www.burmeseclassic.com



ထိုင်းတို့ရောက်မှ၊ နေမှ အထင်ကြီးသတဲ့ဂေါ်းကွယ်။

မဟုတ်သေးပါဘူး။

"ကဲ…ကိုကိုတို့ ပြန်ကြစို့၊ ဒီညတော့ မိုးသွေးရဲ့ ဘန်ဂလိုမှာပဲ စတည်းချရတော့မယ်"

"သဇင်ရော"

"သဇင် ဘန်ဂလိုမှာပဲပေါ့။ စောင့်ကျန်ခဲ့တယ်"

"လူကြီးတွေတော့ စိတ်ပူမှာပဲနော်။ စပယ်တို့ကို အထင်သေးမှာပဲနော်"

"ဒါတွေ တွေးမနေနဲ့တော့ ကျောင်းအမ…လာမယ့်ဘေးပြေးတွေ့၊ ကြောက်မွေးပါ စာကနာနဲ့နှုတ်"

"အန်…ကိုကိုကလည်း"

ယခုတော့ လောကကြီးတစ်ခုလုံး သာယာချမ်းမြလို့။ နှင်းတွေ အထပ်ထပ်ကျနေသည့် ရှမ်းဆောင်းကအစ သာယာကြည်မြေ့ဖွယ်။

မိုးသွေး မြင်းတစ်စီးနှင့် ရှေ့မှ ထွက်သွားနှင့်တော့ ခြံအလုပ်သမားနှစ်ယောက်က မြင်းတစ်စီးပေါ် တက်လိုက်ကြသည်။

စစ်သွေးက စပယ့်ကို မြင်းပေါ်မွေ့တင်ပြီး ရင်ခွင်ထဲထည့်ကာ မြင်းကို အသားကျစီးလျက်။

"နှင်းတွေနဲ့ မည်းမှောင်နေတဲ့ညမှာ မြင်းပေါ် ချစ်သူတင်ပြီး လျှောက်သွားနေရတာ အိပ်မက်ဆန်ပါဘိ စပယ်လေးရယ်"

"အိပ်မက်ဆိုရင်တော့ နိုးရင် ပျောက်သွားမှာပါ။ ကိုကိုလည်း





အမေရိကားကို ပြန်ရောက်ရင် ဒီကအိပ်မက်တွေအားလုံးကို မေ့သွားမှာပါလေ"

စပယ့်အသံက တုန်တုန်ယင်ယင်နှင့် ငိုသံလေးများစွက်နေလျှင် စစ်သွေး ရင်ခွင်ထဲမှသက်လျာကို ငုံ့မွှေးရင်း ကတိစကားတွေ အထပ်ထပ် ပေးပါ၏။

"ဘယ်တော့မှ မမေ့မယ့် အိပ်မက်ပါကွာ။ ကိုကို့ဘဝထဲ အမြဲတွဲလျက် တည်ရှိနေမယ့် ထာဝရအိပ်မက်ပါ။ စပယ့်ကို ကိုကိုကိုယ်တိုင် အိမ်ထိလိုက်ပို့မယ်။ တစ်ခါတည်း တောင်းမယ်။ လက်ထပ်မယ်။ အမေရိကားကို တစ်ပါတည်း ခေါ်သွားမှာ"

"ဟင်…"

"ဘာလဲ…ဈေးဆစ်ဦးမလို့လား။ ကိုကို အမေရိကားမှာ အပြီးမနေပါဘူးကွ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်၊ ကိုယ့်ရေမှာပဲ နေမှာပါ။ လောလောဆယ်တော့ ပညာယူရင်း စီးပွားရှာရင်း အမေရိကားမှာ ၄-၅ နှစ်လောက် နေရဦးမှာပေါ့ကွာ"

"စပယ့်ကိုရော"

"စပယ့်ကို တစ်ပါတည်း ခေါ်သွားမှာလေ။ စပယ်လည်း ဟိုမှာ အလုပ်လုပ်ချင်လုပ်ပေါ့။ မိဘတွေကို ငွေလှမ်းပို့ပေါ့။ ကိုကိုတို့နှစ်ယောက် စီးပွားတွေနဲ့၊ ကလေးတွေနဲ့ ပြည်တော်ပြန်လာကြမယ်လေ…ပျော်စရာကြီးနော်"

"အာ…တော်တော်ပါးစပ်ရဲတဲ့လူကြီး"

"ပါးစပ်တင် မဟုတ်ဘူးဗျ၊ လက်ကလည်း ရဲပ့ါ။ ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

မိုင်း နန်း ဘယ်မှာလဲလို့ ဖုန်းဆက်လိုက်သည်။ ပြီးတော့ လက်ဖွဲ့ကို ကိုမင်းစိုးစံ မသိအောင် ရတုကို ပေးပေးဖို့ အကူအညီ တောင်းလိုက်သည်လေ။ နန်းက ကူညီပါ့မယ်ဆိုလို့ ဟိုတယ် မရောက်ခင်မှာပဲ နန်းက အပြင်မှာ ထွက်စောင့်နေတာကို တွေ့ လေလျှင်…

"နန်း"

"စောင့်လိုက်ရတာ ခေတ်သမိုင်းရယ်"

"ဆောရီးပါ နန်း…ကျွန်တော် နောက်မကျပါဘူးဗျ"

"ဟုတ်ပါတယ်…ခေတ်သမိုင်း နောက်မကျပါဘူး ဒါပေမဲ့ ရတု နန်းကို လိုက်ရှာနေမှာစိုးလို့ပါ"

"ဟုတ်ပါပြီဗျာ…ကဲ…ရော့"

မိုင်း ဗူးကိုလှမ်းပေးတော့ နန်း ယူလိုက်ကာ…

"ဘာတွေလဲ…ဟင်"

"ဖွင့်ကြည့်ရင် သိမှာပါ"





"ဒါဆို နန်း သွားတော့မယ်"

"ကျေးဇူးပါ…နန်း"

နန်း ဟိုတယ်ထဲသို့ ခပ်သုတ်သုတ် ဝင်လာခဲ့တော့သည်။ …သည်တွေ လာကုန်ကြပြီလေ။ နန်း ရတုဆီသို့ ဦးတည်လာခဲ့ပြီ။

"ရတု"

"ဟင်"

"ဒီမှာ ခေတ်သမိုင်း ပေးလိုက်တာ"

ခေတ်သမိုင်း ပေးလိုက်တာဆိုတာနှင့် ရတု လျှင်မြန်စွာ …း ဖွင့်ကြည့်လိုက်သည်တွင်…

"ဟင်"

စံပယ်ပန်းခြောက်ကလေးတွေရယ်၊ သစ်ရွက်ဖိနပ်လေးရယ်၊ …ရွက်လေးရယ်…ပြီးတော့…

SD ကတ်လေးရယ်…

ဒါတွေကို မြင်လိုက်တော့ ရတုရင်ထဲ ဆို့သွားလေသည်။

"နန်း"

"ဟင်"

"ဒီ SD ကတ်ကို ရတုရဲ့ဖုန်းထဲ ထည့်ပေးပါနော်"

နန်း SD ကတ်ကို ရတုဖုန်းထဲ ထည့်နေစဉ်မှာ ရတု လက်ဖွဲ့ …ခ် မိုင်းပေးတဲ့အရာတွေကို ကြည့်ပြီး ရင်ထဲမှာ ဆို့နင့်နင့်ကြီး …မျက်ရည်မကျအောင် ထိန်းရတဲ့အဖြစ်က လူတစ်ကိုယ်လုံးကို …တွေနဲ့ တုပ်နှောင်ထားသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ ရတု"

"ကျေးဇူးပဲ…နှန်း"

ရတု ဖုန်းလေးကို ကမန်းကတန်းယူပြီး ဖွင့်ကြည့်လို
တော့ ဗွီဒီယိုဖိုင်လေး သုံးခုကလွဲရင် အခြားဘာမှမပါပေ။ ရ
ဒါကိုပဲကြည့်ပြီး မျက်ရည်မဆည်နိုင်တော့ပေ။

"သမိုင်းရယ်"

တစ်ခုက Facebook မှာ တွေ့ရတဲ့ ဗွီဒီယိုဖိုင်။ တစ်ခု
ရတု ဖိနပ်လေးချွတ်ပြီး ပန်းပွင့်တွေပေါ် ဖွဖွလျှောက်တဲ့ဟာပေ
နောက်တစ်ခုကတော့ ရတု ကလေးတွေကို စာသင်ပေးနေ
ပုံရိပ်တွေပါ။

"အဟင့်…ဟင့်"

"ဟယ်…ရတု မငိုနဲ့လေဟာ…တော်ကြာ အလှပြင့်ထ
တာတွေပျက်ကုန်လို့ သိကုန်ကြဦးမယ်။ တိတ်…တိတ်

နှန်း ရတု မျက်ဝန်းက မျက်ရည်စတွေကို သုတ်ပေးလို
၏။ အလှပြင်တဲ့ မာမီကလည်း ရတုကို ချော့ကာ…

"ကဲပါ…ပြီးခဲ့တာတွေ ပြန်မရတော့ဘူးမဟုတ်လား။
ပါနဲ့ ညီမရယ်…တော်ကြာ သူများတွေသိကုန်
မကောင်းဘူးလေ…မျက်နှာလေးမော့…သနပ်ခါးနည်
နည်း ထပ်ဖို့ရအောင်"

"ရတု"

"ဟင်"





မင်းစိုးစံ ရောက်လာပြီး…

"ပြီးပြီလား ရတု…ခေါ်နေကြပြီ"

"ပြီးပြီ ကိုမင်း…ခဏလေးနော်"

နှန်းက သွက်လက်စွာ ဖြေလေသည်။ မင်းစိုးစံက ရပ်စောင့်
ပြီး ရတု ပြင်လို့ပြီးပြီဆိုတာနှင့် ရတုလက်ကလေးကို ဆွဲခေါ်
သွားတော့သည်သာ။

ဂုဏ်ရောင်ဂုဏ်ဝါတွေ တောက်ပနေတဲ့ကြားမှာ ခေတ်သမိုင်း
တဲ့ကောင်ကတော့ အပြုံးတုနှင့် ကိုယ့်အပေါ် အမုန်းတွေ စုဝေး
အရပ်မှာ ဘာမှမဖြစ်တဲ့ပုံစံနဲ့ နေရတာ အခက်သားလား။

"အခါတော်×××ပေးပါလို့ နတ်ရေး×××ရွှေစာ"

ဖျော်ဖြေရေးအဖွဲ့က အခါတော်ပေးသီချင်း သီဆိုနေကြ
သည်။ ဟန်ဆောင်အမုန်းက ပိုခါးသလို ဟန်ဆောင်အပြုံးက ပိုချို
သလား မသိပါဘူး။ ခေတ်သမိုင်းရဲ့နှုတ်ခမ်းက အပြုံးလေး
ဒွ ချိုနေလို့ပါပဲ။

သတို့သားအရံတဲ့…

ချစ်လွန်းခင်လွန်းလို့ သတို့သားအရံအဖြစ်နဲ့ ပွဲထုတ်တာ
ဟုတ်ဘဲ အငြိုးအာဃာတတွေနဲ့ တမင်နှိပ်စက်ချင်လို့ ပွဲထုတ်
သပဲလေ။

"လှလိုက်တာ ရတုရယ်…လူတွေနဲ့မို့လို့သာပေါ့၊ မဟုတ်
ရင် ဖက်နမ်းပစ်လိုက်ပြီ"

"ကိုကိုနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ မျက်စိမှိတ်ထားပေးလို့ ရတယ် အစ်ကို"

"ဟား…မင်းတစ်ယောက်တည်း မှိတ်လို့မရဘူး ကျန်တဲ့လူတွေရဲ့ မျက်လုံးတွေပါ မင်း လိုက်ပိတ် လား"

"မလုပ်ပါနဲ့ အစ်ကိုရာ…တော်ကြာ ပုဆိုးကျွတ် တောင် ပြန်မကောက်နိုင်ဘဲ ပြေးနေရပါ့မယ်"

"ဟား…ဟား"

ရတုနဲ့ အကြည့်ချင်းဆုံတော့ မိုင်း ချက်ချင်း မျက်နှာ ပစ်လိုက်သည်။ ကိုယ့်ကို ငိုအောင်မစပါနဲ့ ရတုရယ်။ လည်း မငိုစေချင်လို့ ကိုယ့်ကို မကြည့်ပါနဲ့။

"သတို့သားအရုံလေးက ချောလိုက်တာနော်။ သတို့ ထက်တောင် ချောသေးတယ်"

"အေး…ဟုတ်တယ်၊ ဟိုတစ်လောက Facebook မှာ ကောင်လေးနဲ့ အခု သတို့သမီးရဲ့ ဗွီဒီယိုဖိုင် ခေတ်စားသွားသေးတယ်လေ"

"ဟုတ်လား"

"ဟုတ်တယ်…လူတိုင်းလိုလိုက သူတို့စုံတွဲ လိုက်ဖက်တယ်…အားကျတယ်နဲ့ ရေးနေကြတာ တော့ သူတို့က အချစ်ဆုံးသူငယ်ချင်းတွေတဲ့… လိုက်တာ"





"အေးနော်…သူတို့နှစ်ယောက်ခို ပိုပြီးလိုက်ဖက်မှာတာ"

တန်ခူး ကိုယ့်ဘေးအနားဝိုင်းက ပြောနေတဲ့စကားသံတွေ ကြောင့် သက်ပြင်းချလိုက်မိသည်။ အခုချိန်မှာ မိုင်း တော်တော် ခံစားနေရမှာပေါ့။ အရင်ကလို သူ့အနားမှာနေပြီး အားပေးနှစ်သိမ့် ပေးချင်ပေမယ့် ဖြစ်မှမဖြစ်နိုင်တော့ဘဲလေ။

တန်ခူး မိုင်းကို လှမ်းကြည့်လိုက်တော့…

သူများတွေပြောသလိုပါပဲ အပြုံးချိုချိုနှင့် မိုင်းက ချောနေ သည်လေ။

တကယ်တမ်း မိုင်းရင်ထဲမှာတော့ ရတုရယ်‥တန်ခူးရယ်‥

ကိုယ်နဲ့ပတ်သက်တဲ့ မိန်းကလေးနှစ်ယောက်စလုံး နှစ်ရက် ခြားပြီး လက်ထပ်ကြတော့ ပန်းရောင်အသည်းရော အဖြူရောင် အသည်းရော ပဲ့ကြွေလို့…

နွေမဟုတ်ပေမယ့်…

နောက်များမှာလည်း မိုင်းအသည်းက ကြွေဆဲကြွေမြဲ ဖြစ်နေဦးမည် ထင်ပါရဲ့။

"သြော်…မိုင်းရယ်"

ပရိသတ်များကို ထာဝရ ချစ်ခင်လေးစားလျက်…

မိုးစက်ပွင့်

Sat-Feb-12:54 PM

1-2-2017



www.burmeseclassic.com

"မြယုဂ်မဲ့ ဟင်းလင်းပြင်" ကဗျာကို ပေးပို့လာပါသော
ခမောင်လေး သီဟဇော်
ခေတ်သစ်နေ (မကွေး) အား
အထူးကျေးဇူးတင်ပါသည်။